EITI

တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေး
လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး




# ၂၀၁၉ ခုနှစ် EITI စံနှုန်းများ

ရေနံ၊ ဓါတ်ငွေ့နှင့်
တွင်းထွက်သယံဇာတအရင်းအမြစ်များ
ကောင်းမွန်စွာ စီမံအုပ်ချုပ်ရေးအတွက် နိုင်ငံတကာ စံနှုန်း

၁၇ ရက်၊ အောက်တိုဘာလ ၂၀၁၉ ခုနှစ်




အခန်း (၁) - EITI စံနှုန်းများ အကောင်အထည်ဖော်ခြင်းနှင့် အခန်း (၂) - စီမံအုပ် ချုပ်မှုနှင့် စီမံခန့်ခွဲမှု စသည်တို့ပါဝင်သည့် EITI စံနှုန်း အပြည့်အစုံ ထုတ်ဝေမှု

အခန်း (၁) EITI စံနှုန်း အကောင်အထည်ဖော်ခြင်း စသည် ပါဝင်သည့် - EITI စံနှုန်း အကျဉ်းချုပ်

စံနှုန်းများ အပြည့်အစုံ၊ လမ်းညွှန်မှတ်စုများနှင့် ဥပမာများ ပါဝင်ဖော်ပြထား သည့် EITI ဝက်ဘ်ဆိုက်
eiti.org/guide

**၂၀၁၉ ခုနှစ် EITI စံနှုန်း**
ပထမအကြိမ် တည်းဖြတ်ထုတ်ဝေမှု -
ဖွန်လ ၁၇ ရက်နေ့၊ ၂၀၁၉ ခုနှစ်
EITI စံနှုန်းအကြောင်း ဤတည်းဖြတ်ထုတ်ဝေမှုကို ၂၀၁၉ ခုနှစ် ကမ္ဘာ့ ညီလာခံ အစည်းအဝေးအတွက် ထုတ်လုပ်ခြင်းဖြစ်သည်။
ဒုတိယအကြိမ်တည်းဖြတ်မှုကို ဖွန်လ ၁၇ ရက်နေ့တွင် အသင်းဝင်အစည်းအဝေး၌ အတည်ပြုချက်အရ အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ ပြဌာန်းချက်နှင့် အတူ ၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် ထုတ်ဝေသွားမည်ဖြစ်သည်။

ဤထုတ်ဝေဖြန့်ချိမှု (အမှတ်တံဆိပ်မပါဝင်ပဲ) ကို တိတိကျကျနှင့် အခြားလွဲမှားသော သဘောသဘာဝအကြောင်းအရာ မသက်ရောက်စေသရွေ့ မည်သည့် ပုံစံ သို့မဟုတ် ဝတ္ထုပစ္စည်းသဏ္ဍာန် ဖြင့်မဆို အခမဲ့ ပြန်ပွားထုတ်ဝေနိုင်သည်။

ဤ ထုတ်ဝေချက်ကို EITI မူပိုင်ဖြစ်ကြောင်း ခေါင်းစဉ်နှင့် ထုတ်ဝေဖြန့်ချိမှုတို့တွင် အတိအကျ ထည့်သွင်းအသိအမှတ်ပြု ဖော်ပြရမည်ဖြစ်သည်။

ရေးသားပုံနှိပ်သည့် အစီအစဉ်နှင့် ဒီဇိုင်းတို့၏ မူပိုင်ခွင့်ကိုလည်း EITI မှ ပိုင်ဆိုင်သည်။

Sue MacDonald မှ ဒီဇိုင်းရေးဆွဲပြီးပဲရစ်မြို့တွင် ဖွန်လ ၂၀၁၉ ခုနှစ်၌ ပုံနှိပ်သည်။

EITI နိုင်ငံတကာအတွင်းရေးမှူးရုံး

**EITI International Secretariat**
Rådhusgata 26    0151 Oslo    Norway
Tel: +47 222 00 800    Website: www.eiti.org    E-mail: secretariat@eiti.org

# ၂၀၁၉ ခုနှစ်
# EITI
# စံနှုန်း

ရေနံ၊ ဓါတ်ငွေ့နှင့် တွင်းထွက်သယံဇာတအရင်းအမြစ်များ
ကောင်းမွန်စွာ စီမံအုပ်ချုပ်ရေးအတွက်
နိုင်ငံတကာ စံနှုန်း


သဘာဝသယံဇာတ
အရင်းအမြစ်များ
EITI မည်သို့ လည်ပတ်သည်နှင့် အကျိုးသက်ရောက်မှုကို မည်သို့ဖြစ်ပေါ်စေသည်။
EITIလိုအပ်ချက်များ
စာချုပ်များ
ထုတ်လုပ်ရေးနှင့်
လိုင်စင်
အခွန်ကောက်ခံခြင်း
အခွန်ခွဲဝေသတ်မှတ်
အသုံးပြုခြင်း
လူမှုရေး စီးပွားရေးရာ
ကိစ္စရပ်များအတွက်
အသုံးပြုခြင်း
အများပြည်သူအကျိုး
အမျိုးသား အဆင့်သုံးပွင့်ဆိုင်
ညွှန့်ပေါင်းအဖွဲ့များသည်
ဒေတာအချက် အလက်များ
ထုတ်ပြန်ခြင်းကို
ကြီးကြပ်သည်။
အများပြည်သူ လက်လှမ်းမှီ
ရယူနိုင်သော ဒေတာအချက်
အလက်များပေါ် မူတည်၍
စီမံအုပ်ချုပ်မှု ဘေးအန္တရာယ်များ
အား ဖော်ထုတ်ပြီး အချေအတင်
ဆွေးနွေးမှုများနှင့် ပြောင်းလဲမှုများ
ကို ဖြစ်ပေါ်စေသည်။
ယုံကြည်ရသော နှင့် ပွင့်လင်းသော
ဒေတာအချက်အလက် များသည်
ပိုမိုကောင်းမွန်သော စီမံအုပ်ချုပ်မှု၊
ပိုမို ရင်းနှီးမြှုပ်နှံမှု နှင့် ဖွံ့ဖြိုး
တိုးတက်မှုတို့အတွက် အခြေခံ
အုတ်မြစ်ကို တည်ဆောက်ပေး
သည်။

| | | |
|---|---|---|
| ဥယျောဇဉ် | | ၆ |
| မိတ်ဆက် | | ၈ |
| အခန်း (၁) | | ၁၀ |
| EITI စံနှုန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | | ၁၀ |
| ၁။ | EITI အခြေခံစည်းမျဉ်းများ | ၁၀ |
| ၂။ | EITI အကောင်အထည်ဖော်ဆောင်သောနိုင်ငံတစ်ခု ဖြစ်လာခြင်း | ၁၃ |
| ၃။ | EITI အကောင်အထည်ဖော်သောနိုင်ငံများအတွက် လိုအပ်ချက်များ | ၁၆ |
| | ၁။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ကြီးကြပ်ခြင်း | ၁၈ |
| | ၂။ စာချုပ်များနှင့် လိုင်စင်များချထားရေးအပါအဝင် တရားဥပဒေရေးရာနှင့် | |
| | ၃။ အသင်းအဖွဲ့ဌာနဆိုင်ရာမူဘောင် | ၂၇ |
| | ၄။ စမ်းသပ်တိုင်းတာခြင်းနှင့် ထုတ်လုပ်ခြင်း | ၄၀ |
| | ၅။ အခွန်ကောက်ခံခြင်း | ၄၁ |
| | ၆။ အခွန်နေရာချထားခြင်းများ | ၅၂ |
| | ၇။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အသုံးပြုခြင်း | ၅၆ |
| | ၈။ ရလဒ်များနှင့် အကျိုးသက်ရောက်မှုများ | ၆၁ |
| ၄။ | EITI အကောင်အထည်ဖော်ခြင်းအား EITI ဘုတ်အဖွဲ့မှ ကြီးကြပ်ခြင်း | ၆၇ |
| ၅။ | အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း၏ ခြုံငုံဖော်ပြချက် | ၈၂ |
| ၆။ | လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်အရလုပ်ထုံး – အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှု | ၈၇ |
| ၇။ | EITI အား ပံ့ပိုးသောကုမ္ပဏီများအတွက် မျှော်မှန်းချက် | ၉၆ |
| ၈။ | ပွင့်လင်းသောဒေတာ မူဝါဒ (Open Data Policy) | ၉၈ |
| | အခန်း (၂) | ၁၀၅ |
| ၉။ | ဖွဲ့စည်းပုံပြဋ္ဌာန်းချက်များ | ၁၀၇ |
| ၁၀။ | EITI ပွင့်လင်းမှု မူဝါဒ | ၁၂၆ |
| ၁၁။ | EITI မဲဆန္ဒရှင်လူထု လမ်းညွှန်ချက်များ | ၁၂၈ |
| ၁၂။ | EITI အသင်းကြီး လိုက်နာရန်ကျင့်ဝတ်များ | ၁၂၉ |

# ဥက္ကဋ္ဌ



တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ၏ စီမံအုပ်ချုပ်မှုများကောင်းမွန်အောင် ဆောင်ရွက်ရေးသည် ရေရှည်တည်တံ့သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ ပြည့်မီရန်နှင့် အဂတိလိုက်စားမှုများအား တိုက်ဖျက်ရန် မရှိမဖြစ်သော လိုအပ်ချက်ဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း EITI နိုင်ငံများအနေဖြင့် တွင်းထွက်သယံဇာတတူးဖော်ရေးကဏ္ဍမှ အမေရိကန် ဒေါ်လာ ၂.၅ ထရီလျံယံနီးပါးခန့် တန်ကြေး ပမာဏတို့ကို ထုတ်ပြန်အသိပေးခဲ့ပါသည်။ သို့သော်လည်း အထူးသဖြင့် အစိုးရပါဝင် သက်ဆိုင်သူအမြောက်အများ ပါဝင်ပတ်သက်နေမှုနှင့် စေ့စပ်ပြောဆိုခြင်း၏ တန်ဖိုးရှိမှုတို့အပေါ် အယုံအကြည်လျော့ပါးဆုတ်ယုတ်နေသည့် အချိန်ကာလမျိုးတွင် လုပ်ငန်းများထပ်မံ၍ ပိုမိုလုပ်ဆောင်ရဦးမည် ဖြစ်ပါသည်။

EITI စံနှုန်းသည် ပထမဦးဆုံးအကြိမ် စတင်သဘောတူခဲ့ကြသည့် ၂၀၁၃ ခုနှစ် ကတည်းကစပြီး စဉ်ဆက်မပြတ်တိုးတက်ထွန်းကားခဲ့ပြီးဖြစ်ပါသည်။ ထိုစဉ်က ၎င်းကို အကောင်အထည်ဖော်ဆောင်သည့် နိုင်ငံပေါင်း ၅၀ ကျော်တို့မှ ၎င်းတို့ နိုင်ငံတော်အဆင့် ပေါ်ထွက်လာသောအလေ့အထများအပေါ်ဆောက်တည်ပြီး EITI ကို ပုံပေါ်အောင်ထုဆစ်ခဲ့ကြသည်။ ယင်းသည် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့အတွက် နိုင်ငံတကာစံနှုန်းကို ချမှတ်ပေးပြီး အခြားသောကဏ္ဍများတွင်လုပ်ဆောင်နေသည့် ဘက်ပေါင်းစုံမှ ပါဝင်ပတ်သက်သူများ၏ ပွင့်လင်းမြင်သာမှု ကနဦးဖော်ဆောင်ရန် စံပြပုံစံတစ်ခုလည်း ဖြစ်လာခဲ့သည်။ ၎င်းသည် နိုင်ငံတစ်နိုင်ငံ၏ သဘာဝသယံဇာတကြွယ်ဝချမ်းသာမှုများသည် ယင်းနိုင်ငံ၏နိုင်ငံသားများကို အကျိုးပြုရမည်ဟူသည့် မိမိတို့ပါဝင်သက်ဆိုင်သူများအားလုံး၏ ယုံကြည်ချက်ဖြင့် အဓိကဖော်ဆောင်ထားသော EITI အခြေခံစည်းမျဉ်းများကို လက်တွေ့အသက်ဝင်စေသည်။ ဤတည်းဖြတ်ထုတ်ဝေမှုတွင် ယင်းမျှော်မှန်းချက်ပန်းတိုင်အား အထောက်အကူပြုသည့် EITI အား အထောက်အပံ့ပေးသော ကုမ္ပဏီများ၏ မျှော်လင့်ဖွယ်ရာအကြောင်းအရာများကိုလည်း ပထမဆုံး အနေဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

အဓိကအရွေ့မှာ စံနှုန်းသည် ယခုအခါတွင် နိုင်ငံများနှင့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ကိုယ်

ပိုင်စနစ်များမှတဆင့် သတင်းအချက်အလက်များအားစနစ်တကျ ထုတ်ပြန်သင့်သည် ဟူသောယူဆချက်ဖြင့် အစချီလာခြင်းဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးရာနှင့် ကျား/မ ရေးရာဆိုင်ရာအကျိုးသက်ရောက်မှုများအပေါ် ထုတ်ပြန်ရန်လိုအပ်ချက်များကိုလည်း သစ်လွင်လုပ်ဆောင်နိုင်ခဲ့ပါသည်။ ဘဏ္ဍာရေးနှင့် ဥပဒေဆိုင်ရာအရ စာချုပ်စာတမ်းအသစ်များ၏ စာချုပ်စာတမ်းများပွင့်လင်းမြင်သာမှုကို ၂၀၂၁ မှစတင်၍လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ပြီး ကုန်ပစ္စည်းရောင်းချခြင်းဆိုင်ရာ ဒေတာအချက်အလက်အသစ်များကို ယခုထုတ်ပြန်နေပြီဖြစ်ကာ အစီရင်ခံခြင်းကို စီမံကိန်းအဆင့်တွင် လုပ်ဆောင်နေပြီဖြစ်သည်။ EITI စံနှုန်းအား ပြောင်းလဲရေးဖြစ်စဉ်အတွက် အသုံးဝင်သော နည်းကိရိယာတစ်ခုဖြစ်လာစေရန် အမျိုးမျိုးသောလိုအပ်ချက်အသစ်များအား သဘောတူလိုက်နာလုပ်ဆောင်လာစေရန် တွန်းအားပေးခဲ့သည့် EITI ဘုတ်အဖွဲ့၊ အကောင်အထည်ဖော်သော နိုင်ငံများနှင့် EITI နိုင်ငံတကာ အတွင်းရေးမှူးရုံးတို့၏ကြိုးပမ်းမှု များဟုအမွှမ်းတင်ရမည်ဖြစ်သည်။

EITI နှင့် ၎င်းအား အထောက်အပံ့ပေးသူများအနေဖြင့် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍဝင်ငွေစီးဆင်းလည်ပတ်မှုများနှင့် စီမံအုပ်ချုပ်မှုများအပေါ် အများပြည်သူ၏ အကျိုးစီးပွားစိတ်ဝင်စားမှုတိုကို ထိရောက်မှုရှိရှိ တုန့်ပြန်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ မိမိသည် ဥက္ကဌအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလတစ်လျှောက် ကမ္ဘာတစ်ဝှမ်း လျင်မြန်သောပြောင်းလဲမှုများနှင့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ ပွင့်လင်းမြင်သာမှုအတွက် အနေအထားတို့ကိုတွေ့မြင်နိုင်ခဲ့ပါသည်။ အကျင့်ပျက်ချစားမှု၊ အခွန်ရှောင်မှုနှင့် တရားမဝင်ဘဏ္ဍာရေးစီးဆင်းမှုများတွင် တိုးတက်မှုမရှိခြင်းတို့သည် အများကြိုက်ဝါဒ (Populism) နှင့် စီးပွားရေးဆိုင်ရာ အမျိုးသားရေးဆန်မှု (Economic Nationalism) တို့ကို ဖြစ်ပွားနေစေသည်။ ကောင်းမွန်သော စီမံအုပ်ချုပ်မှုကို ကျင့်သုံးသည့် ပွင့်လင်းမြင်သာပြီးအားကောင်းသော အသင်းအဖွဲ့များသည် ယင်းသို့ဖြစ်ပွားစေသည့် လှိုင်းဂယက်များအား ခြေမှုန်းရန် အကောင်းဆုံးခံတပ်တံတိုင်းနှင့် ဖြေဆေးတစ်ခွက်အဖြစ် ကျန်ရှိ လျက်ရှိနေပါသည်။

Fedrik Reinfeldt

EITI ဘုတ်အဖွဲ့ ၂၀၁၆ – ၂၀၁၉ ဥက္ကဌ

ဖွန်လ ၁၇ ရက်နေ့၊ ၂၀၁၉ ခုနှစ်

# မိတ်ဆက်

ဤ EITI စံနှုန်းတွင် အခန်း (၂) ခန်းပါဝင်ပါသည်။ အခန်း (၁) - EITI စံနှုန်းများအား အကောင်အထည်ဖော်ခြင်း နှင့် အခန်း (၂) - စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု တို့ဖြစ်ပါသည်။

အခန်း (၁) - EITI စံနှုန်းများအား အကောင်အထည်ဖော်ခြင်း တွင်အောက်ပါတို့ပါဝင် သည်။

- ❖ ၂၀၀၃ ခုနှစ်တွင် ပါဝင်ပတ်သက်သူအားလုံးမှ သဘောတူညီထားခဲ့သော EITI အခြေခံစည်းမျဉ်းများ။ ယင်းအခြေခံစည်းမျဉ်းများသည် ပါဝင်ပတ်သက်သူများအားလုံးမှ ယေဘုယျမျှော်မှန်းချက်နှင့် ကတိကဝတ်ပြုဆောင်ရွက်မှုတို့ကို လမ်းကြောင်းပျိုးပေးသည်။

- ❖ EITI ကို အကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံများမှ လိုက်နာရမည့် EITI လို အပ် ချက်များ

- ❖ အကောင်အထည်ဖော်သည့်နိုင်ငံများမှ လိုက်လံလုပ်ဆောင်ရမည့် အချိန်ဇယားနှင့် EITI လိုအပ်ချက်များနှင့်အညီ မလုပ်ဆောင်ခြင်းကြောင့်ဖြစ်ပေါ်မည့် နောက်ဆက်တွဲအကျိုးဆက်များ တို့ကိုဖော်ပြထားသည့် EITI အကောင်အထည်ဖော်ခြင်းအား EITI ဘုတ်အဖွဲ့မှ ကြီးကြပ်ခြင်းအကြောင်း

- ❖ လေ့လာဆန်းစစ်အတည်ပြုခြင်းအား ခြုံငုံသုံးသပ်ချက်။ အတည်ပြုခြင်းသည် ပါဝင်သက်ဆိုင်သူများအား EITI စံနှုန်းလိုအပ်ချက်များပြည့်မီရန်အတွက် EITI အကောင်အထည် ဖော်ခြင်း၏ တိုးတက်မှုဆိုင်ရာ ဘက်လိုက်မှုမရှိသော အကဲဖြတ်ဆန်း စစ်ချက်များဖြင့် ပံ့ပိုးပေး ပါသည်။

- ❖ EITI အကောင်အထည်ဖော်ခြင်းတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှုနှင့် သက်ဆိုင်သော လိုအပ်ချက်များနှင့် မျှော်မှန်းချက်များအား ပြဌာန်းသည့် "အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှု" လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်အရ

- ❖ EITI အား ပံ့ပိုးပေးသော ကုမ္ပဏီများအတွက် မျှော်လင့်ချက်များ

- ❖ ပွင့်လင်းသော ဒေတာအချက်အလက် (Open Data) ဆိုင်ရာ မူဝါဒ

EITI စံနှုန်း၏ ပထမပိုင်း လမ်းညွှန်ကို eiti.org/guide တွင်ရယူနိုင်ပါသည်။

အခန်း (၂) တွင် EITI ၏ စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု တို့ကိုရှင်းလင်းဖော်ပြထားသည်။ ၎င်းတွင် EITI အဖွဲ့ဝင်များအား မည်သို့စီမံအုပ်ချုပ်သည်ကို ဖော်ပြထားသော ဖွဲ့စည်းပုံ ပြဋ္ဌာန်းချက်များနှင့် EITI ၌သည် မည်သို့ပွင့်လင်းမြင်သာမှုရှိသင့်ကြောင်းကို ဖော်ပြထားသည့် EITI ပွင့်လင်းသော ဒေတာ အချက်အလက် မူဝါဒတို့ပါဝင်သည်။ အသင်းအဖွဲ့၏ ဆန္ဒပြုနိုင်သောအဖွဲ့ဝင် မဲဆန္ဒနယ်တစ်ဦးချင်းစီတို့ သည် ဆန္ဒပြုနိုင်သောအဖွဲ့ဝင်ဆိုင်ရာလမ်း ညွှန်ချက်များကို သဘောတူညီထားကြပြီးဖြစ်သည်။ ၎င်းတွင် EITI ဘုတ်အဖွဲ့ဝင်များ၊ ၎င်းတို့၏ ကိုယ်စားလှယ်များ၊ EITI အသင်းအဖွဲ့ဝင်များ၊ နိုင်ငံအလိုက်နှင့် နိုင်ငံ တကာ အတွင်းရေးမှူးရုံးဝန်ထမ်းနှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များအားလုံးတို့မှ လိုက်နာရန်မျှော် လင့်ချက်များကို ဖော်ဆောင်ထားသည့် EITI အသင်းကြီး ကျင့်ဝတ်များလည်းပါဝင်သည်။

# အခန်း (၁)

# EITI စံနှုန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

## ၁။ EITI အခြေခံစည်းမျဉ်းများ

၂၀၀၃ ခုနှစ်တွင် လန်ဒန်မြို့၌ ဗြိတိန်နိုင်ငံအစိုးရမှ လက်ခံ ကျင်းပခဲ့သော Lancaster House Conference သို့ မတူကွဲပြားသောနိုင်ငံများ၊ ကုမ္ပဏီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တက်ရောက်ခဲ့ကြသည်။ ၎င်းတို့မှ တွင်းထွက်သယံဇာတကဏ္ဍအတွင်း ငွေပေးချေမှုများနှင့် ဝင်ငွေများဆိုင်ရာ ပွင့်လင်းမြင်သာမှုကိုတိုးမြှင့်ရန် အခြေခံစည်းမျဉ်းကြေညာချက်တစ်ရပ်ကို သဘောတူညီခဲ့ကြသည်။ ယင်းတို့ကို EITI အခြေခံစည်းမျဉ်းများဟု သိလာခဲ့ကြပြီး EITI ၏ မှတ်တိုင်တစ်ရပ်လဲဖြစ်ခဲ့သည်။

**အပိုဒ် ၁ - EITI အခြေခံစည်းမျဉ်းများ**

(၁) မိမိတို့အနေဖြင့် သဘာဝအရင်းအမြစ်ကြွယ်ဝချမ်းသာမှုအား သမ္မာသတိဖြင့် အသုံးပြုခြင်းသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှုလျှော့ချခြင်းအား အကျိုးပြုနိုင်မည့်၊ ရေရှည်တည်တံ့သောစီးပွားရေးဆိုင်ရာထွန်းကားမှုကိုအရှိန်အဟုန်ဖြင့်လည်ပတ်စေနိုင်မည့်အရေးပါသော အရာတစ်ခုဖြစ်သော်လည်း သေချာစွာစီမံမခန့်ခွဲပါက အပြုသဘောမဆောင်သော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေနိုင်သည်ဟူသည့် တူညီသောယုံကြည်ချက် ရှိကြပါသည်။

(၂) နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သဘာဝအရင်းအမြစ်ကြွယ်ဝချမ်းသာမှုအား စီမံခန့်ခွဲခြင်းသည် အာဏာရှိသောအစိုးရများအနေဖြင့် ၎င်းတို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကျင့်ကြံလုပ်ဆောင်ချက်များတွင် လုပ်ပိုင်ခွင့်ရှိသော နယ်ပယ်တစ်ခုဖြစ်ကြောင်း မိမိတို့မှ အခိုင်အမာအဆိုပြုအပ်ပါသည်။

(၃) အရင်းအမြစ်ထုတ်ယူခြင်း၏ အကျိုးကျေးဇူးများကို နှစ်ရှည်လများအတွင်း ဝင်ငွေစီးဆင်းမှု အဖြစ်တွေ့ရှိရပြီး ဈေးနှုန်းအပေါ်အမှီပြုနိုင်ကြောင်း မိမိတို့အနေဖြင့်နားလည်သိရှိပါသည်။

(၄) အချိန်နှင့်အမျှ အစိုးရဝင်ငွေများနှင့် အသုံးစရိတ်များအပေါ် အများပြည်သူ၏နားလည် သဘောပေါက်မှုသည် အများပြည်သူငြင်းခုံပြောဆိုမှုနှင့်၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် သင့်တင့်လျောက်ပတ်သောနှင့် ယုတ္တိတန်သော ရွေးချယ်မှုအားသိရှိစေခြင်းတို့ကို အထောက်အကူပြုနိုင်ကြောင်း မိမိတို့အနေဖြင့် နားလည်သိရှိပါသည်။

(၅) မိမိတို့သည် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍအတွင်းရှိ အစိုးရနှင့် ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှု၏ အရေးပါမှုနှင့် အများပြည်သူဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုတို့အား မြှင့်တင်ရန်လိုအပ်ချက်တို့ကို အသားပေးဖော်ပြအပ်ပါသည်။

(၆) ပိုမိုပွင့်လင်းမြင်သာမှုရရှိနိုင်ရန် စာချုပ်စာတမ်းများနှင့် ဥပဒေများအားလေးစားလိုက်နာခြင်း အပိုင်းတွင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း မိမိတို့အနေဖြင့် နားလည်သိရှိပါသည်။

(၇) ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှုသည် ပြည်တွင်းနှင့် နိုင်ငံတကာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအတွက် ပိုမိုတိုးတက်ကောင်းမွန်သောဝန်းကျင်တစ်ရပ်ကို ဆောင်ကြဉ်းပေးမည်ကိုလည်း မိမိတို့အနေဖြင့် သိရှိနားလည်ပါသည်။

(၈) ဝင်ငွေစီးဆင်းမှုနှင့် အများပြည်သူအသုံးစရိတ်များအား ထိန်းကျောင်းကွပ်ကဲခြင်းအတွက် အစိုးရမှ နိုင်ငံသားအားလုံးအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အခြေခံစည်းမျဉ်းနှင့် အလေ့အထ တို့အပေါ်မိမိတို့အနေဖြင့် ယုံကြည်မှုရှိပါသည်။

(၉) အများပြည်သူဘဝများ၊ အစိုးရလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအတွင်း အဆင့်အတန်းမြင့်မားသည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတာဝန်ခံမှုတို့အား မြှင့်တင်အားပေးသွားရန် မိမိတို့ အနေဖြင့် ကတိကဝတ်ပြုအပ်ပါသည်။

(၁၀) ပေးချေမှုများနှင့် အခွန်များဆိုင်ရာ ထုတ်ပြန်အသိပေးခြင်းအတွက် ကျယ်ကျယ်ပြန့်ပြန့် တ

သမတ်တည်းဖြစ်သောနှင့် လုပ်ဆောင်ရန်လွယ်ကူသော၊ ရိုးရှင်းစွာအသုံးပြုနိုင်သော ချဉ်းကပ်နည်းလိုအပ်ကြောင်းကို မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

(၁၁) နိုင်ငံတစ်ခုတွင် ပေးချေမှုဆိုင်ရာ ထုတ်ပြန်အသိပေးခြင်းသည် ယင်းနိုင်ငံအတွင်းလည်ပတ်နေသော တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ ကုမ္ပဏီများအားလုံးပါဝင်သင့်ကြောင်းကိုလည်း မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

(၁၂) အဖြေများကိုရှာဖွေရာတွင် အစိုးရများနှင့် ၎င်းတို့၏ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ ကုမ္ပဏီများ၊ ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီများ၊ အသင်းအဖွဲ့ ၂ခုထက်ပို၍ ဦးစီးလုပ်ဆောင်သောအဖွဲ့အစည်းများ၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည်တို့ အပါအဝင် ပါဝင် သက်ဆိုင်သူအား လုံးသည် အရေးပါသောနှင့် ဆီလျော်မှုရှိသော မျှဝေအကျိုးပြုမှုကိုယ်ဆီ ပေးစွမ်း နိုင်ကြောင်း မိမိတို့အနေဖြင့် ယုံကြည်ချက်ရှိပါသည်။

# ၂။ EITI အကောင်အထည်ဖော်ဆောင်သောနိုင်ငံတစ်ခု ဖြစ်လာခြင်း

EITI ကို အကောင်အထည်ဖော်ဆောင်လိုသည့် နိုင်ငံတစ်ခုအနေဖြင့် EITI အဖွဲ့ဝင်နိုင်ငံ အဖြစ်မလျှောက်ထားမီ အဆင့်အနည်းငယ်တို့ကို ကနဦးလုပ်ဆောင်ရမည်ဖြစ်သည်။ ၎င်းအဆင့်များမှာ အစိုးရ၏ကတိကဝတ်ပြုမှု (၁.၁)၊ ကုမ္ပဏီများ ပူးပေါင်းပါဝင်မှု (၁.၂)၊ အရပ်ဘက်ပူးပေါင်းပါဝင်မှု (၁.၃)၊ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့ထူထောင်ခြင်း (၁.၄)၊ EITI လုပ်ငန်းအစီအစဉ်အား သဘောတူညီမှု (၁.၅) တို့နှင့်ဆက်စပ်ပါသည်။ အသေးစိတ်ပြဌာန်းချက်များကို စာမျက်နှာ (၁၂ မှ ၂၂) အထိတို့တွင် ဖော်ပြထားပါသည်။ နိုင်ငံအနေဖြင့် အဆိုပါအဆင့်များကို ဆောင်ရွက်ပြီးမြောက်ပြီး EITI အကောင်အထည်ဖော်သောနိုင်ငံအဖြစ် အသိအမှတ်ပြုခံလိုပါက အစိုးရအနေဖြင့် EITI ဘုတ်အဖွဲ့ထံသို့ EITI လျှောက်လွှာကို ပေးပို့ရမည်ဖြစ်သည်။ (အပိုဒ်၂ တွင်ကြည့် ပါ။)

အပိုဒ်၂ – EITI အကောင်အထည်ဖော်သောနိုင်ငံ မည်သို့ဖြစ်လာရန်

နိုင်ငံတစ်နိုင်ငံအနေဖြင့် လျှောက်ထားရန်အဆင့်များအား ပြီးမြောက်အောင်ဆောင်ရွက်ပြီး EITIအကောင်အထည်ဖော်သော နိုင်ငံအဖြစ်အသိအမှတ်ပြုခံလိုပါက အစိုးရသည် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ထောက်ခံသော EITI လျှောက်လွှာကို တင်သွင်းရမည်ဖြစ်ပါသည်[၁]။ လျှောက်လွှာတွင် တင်ပြသောရက်စွဲအထိ ဆောင်ရွက်ထားရှိချက်များနှင့် လျှောက်ထားရန် အဆင့်များအားဆောင်ရွက်ထားရှိမှုပြီးစီးပြီးဖြစ်ကြောင်း သက်သေအထောက်အထားများဖြင့် ဖော်ပြပေးရမည်ဖြစ်သည်။ လျှောက်လွှာတွင် EITI လုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်သည့် အစိုးရ၊ အရပ်ဘက်နှင့် ပုဂ္ဂလိကကဏ္ဍပါဝင်သက်ဆိုင်သူများ၏ ဆက်သွယ်ရန်အချက်အလက်တို့လည်း ပါဝင်သင့်သည်။

---

၁။ စံလျှောက်လွှာဖောင်ပုံစံကို နိုင်ငံတကာအတွင်းရေးမှူးရုံးမှရယူနိုင်သည်။

လျှောက်လွှာတင်သွင်းပြီးသည်နှင့် လျှောက်လွှာကို EITI ဝက်ဘ်ဆိုက်ပေါ်တွင် အများပြည်သူ ရယူနိုင်အောင် တင်ပေးမည်ဖြစ်သည်။ EITI ဘုတ်အဖွဲ့မှ လျှောက်လွှာအား စိစစ်သုံးသပ်ပြီးလျှောက်ထားရန်အဆင့်များအား ပြီးမြောက်အောင်လုပ်ဆောင်ထားခြင်း ရှိမရှိအကဲဖြတ်မည်ဖြစ်သည်။ နိုင်ငံတကာအတွင်းရေးမှူးရုံးသည်ကျန်ရှိနေဆဲပြဿနာရပ်များအားရှင်းလင်းစေရန် EITIအကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်အား ဦးဆောင်ရန် အစိုးရမှခန့် အပ်ထားသော အကြီးတန်းပုဂ္ဂိုလ်နှင့် နီးကပ်စွာအလုပ်လုပ်မည်ဖြစ်သည်။ ၎င်းနှင့်အခြားရရှိလာသော သတင်းအချက်အလက်များအပေါ် အခြေခံပြီး EITI ဘုတ်အဖွဲ့၏ အခြေဖြန့်ကျက်ရောက်ရှိမှုနှင့် အဖွဲ့ဝင်လောင်းကော်မတီသည် သင့်တင့်လျောက်ပတ်သောအချိန် ကာလတစ်ခုအတွင်း EITI ဘုတ် အဖွဲ့ထံသို့ နိုင်ငံတစ် နိုင်ငံ၏ လျှောက်ထားလွှာကို လက်ခံသင့်မသင့် အကြံပြုချက်များဖြင့် ပေးပို့သွားမည်ဖြစ်သည်။ EITI ဘုတ်အဖွဲ့မှ နောက်ဆုံးဆုံးဖြတ် ချက်ကိုချမှတ်ပါမည်။

EITI ဘုတ်အဖွဲ့သည် လျှောက်လွှာကိုလက်ခံရရှိသည်နှင့် အချိန် ၈ ပတ်အတွင်း လျှောက်လွှာကိုစိစစ်ရန် ရည်ရွယ်ပါသည်။ EITI ဘုတ်အဖွဲ့သည် EITI နိုင်ငံအားဝင်ခွင့် လက်ခံခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို EITI ဘုတ်အဖွဲ့အစည်းအဝေးများတွင် ချမှတ်လေ့ရှိသော်လည်း အစည်းအဝေးများအကြား ဘုတ်အဖွဲ့ဆာကြူလာ (Board Circular) မှတဆင့်လည်း သင့်လျော်သလို ဆုံးဖြတ်ချက်ချမှတ်ပါသည်။

EITI ဘုတ်အဖွဲ့သည် EITI အကောင်အထည်ဖော်သော အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ခွင့်လက်ခံလိုက်သည်နှင့် EITI အစီရင်ခံစာ ထုတ်ပြန်ရန်နှင့် အတည်ပြုခြင်းကိုဆောင်ရွက်ရန် နောက်ဆုံးသတ်မှတ်ရက်စွဲများကိုလည်း သတ်မှတ်ပေးမည်ဖြစ်သည်။ အကောင်အထည်ဖော်သော နိုင်ငံ၏ ပထမဆုံး EITI ထုတ်ပြန်အသိပေးချက်များကို အဆိုပါနိုင်ငံအားဝင် ခွင့်ပြုလိုက်သည့် နေ့မှစ၍ ၁၈ လ အတွင်း ရယူလက်လှမ်းမှီနိုင်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ အတည်ပြုခြင်း လုပ်ငန်းစဉ်ကို EITI အကောင်အထည်ဖော်သည့်နိုင်ငံဖြစ်ပြီး နှစ်နှစ်ခွဲ ကာလအတွင်း စတင်မည်ဖြစ်သည်။ အစီရင်ခံခြင်းနှင့် အတည်ပြုခြင်း နောက်ဆုံးရက်သတ်မှတ်ချက်များ – ၎င်းနောက်ဆုံးရက် သတ်မှတ်ချက်များအား တိုးချဲ့ရန် အတိုင်းအဆများ – နောက်ထပ် သတင်းအချက်အလက်များကို EITI အကောင်အထည်ဖော်ခြင်းအား EITI ဘုတ်အဖွဲ့မှ ကြီးကြပ်ခြင်း အကြောင်းဖော်ပြထားသည့် အပိုင်း ၄ တွင်

ဖော်ပြထားသည်။

EITI တွင် ပါဝင်ရန်ပြင်ဆင်နေသောနိုင်ငံများအနေဖြင့် နည်းစနစ်ကျသော ထုတ်ပြန်အသိပေးမှုအတွက် ရှိနိုင်သောအခက်အခဲများအား အစမှစ၍ ဖော်ထုတ်ရန်၊ ဥပမာ - နည်းစနစ်တကျ ထုတ်ပြန်အသိပေးခြင်းဖြစ်မြောက်နိုင်စွမ်း လေ့လာသုံးသပ်ချက်လုပ်ဆောင်ခြင်း သို့မဟုတ် EITI အကောင်အထည်ဖော်သောနိုင်ငံဖြစ်လာရေး ပြင်ဆင်ကြိုးပမ်းချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် နည်းစနစ်ကျသောထုတ်ပြန်အသိပေးခြင်းအတွက်အခွင့်အလမ်းများဖော်ထုတ်ရယူခြင်းကိုဆောင်ရွက်ရန် တိုက်တွန်းပါသည်။

# ၃။ EITI အကောင်အထည်ဖော်သောနိုင်ငံများအတွက် လိုအပ်ချက်များ

ဤအပိုင်းတွင် EITI အကောင်အထည်ဖော်နေသောနိုင်ငံများမှ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဖော်ပြထားပါသည်။

EITI လိုအပ်ချက်များသည် အနည်းဆုံးလိုအပ်ချက်များဖြစ်ပြီး အကောင်အထည် ဖော်သောနိုင်ငံများအနေဖြင့် ပါဝင်သက်ဆိုင်သူများမှ သင့်လျော်သည်ဟု သဘောတူလက်ခံသောအရာများအား ယင်းထက်ပိုပြီးဆောင်ရွက်ရန် တိုက်တွန်းပါသည်။ ပါဝင်သက်ဆိုင်သူများအနေဖြင့်လည်း လိုအပ်ချက်များကို ပြည့်မီရန် အကောင်းဆုံးမည်သို့လုပ်ဆောင်မည် (eiti.org/guide တွင် ရယူနိုင်သည်) ကိုလည်း အခြားလမ်း ညွှန်ချက်များကို တိုင်ပင်ဆွေးနွေးပေးရန် တိုက်တွန်းပါ သည်။

## အသုံးအနှုန်းများ

EITI စံနှုန်းအတွင်း “ရမည်” “သင့်သည်” “လိုအပ်သည်” ဟုသုံးနှုန်းချက်များသည် တစ်စုံတစ်ရာအား မဖြစ်မနေဆောင်ရွက်ရမည်ဟု သဘောသက်ရောက်ပြီး EITI စံချိန်စံနှုန်း လိုက်နာဆောင်ရွက်မှုအား အကဲဖြတ်ခြင်းတွင် ထည့်သွင်းသုံးသပ်သွားမည်ဖြစ်သည်။

EITI စံနှုန်းအတွင်း “ရန်မျှော်လင့်သည်” ဟုသုံးနှုန်းချက်သည် သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့အနေဖြင့် ပြဿနာရပ်ကိုစဉ်းစားသင့်ပြီး ၎င်းတို့၏ ဆွေးနွေးချက်များ၊ ထုတ်ပြန်အသိပေးခြင်း/ထုတ်ပြန်အသိမပေးခြင်းနှင့် ထုတ်ပြန်အသိပေးရန်ရှိသည့် အခက်အခဲများ စသည်တို့ကို မှတ်တမ်းတင်သင့်သည်ဟု ဖော်ညွှန်းခြင်းဖြစ်သည်။ အတည်ပြုခြင်းတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ဆွေးနွေးချက်များကို ထည့်သွင်းစဉ်းစားပြီး မှတ်တမ်းတင်မည်ဖြစ်သည်။

EITI စံနှုန်းအတွင်း "ရန်အကြံပြုသည်" "တိုက်တွန်းသည်" "ဆန္ဒရှိ၍လုပ်နိုင်သည်" နှင့် "နိုင်သည်" ဟု သုံးနှုန်းချက်များသည် တစ်စုံတစ်ရာအား လုပ်ရန်မလုပ်ရန်ရွေးချယ်နိုင်သည်ဟု ဖော်ညွှန်းခြင်းဖြစ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အားထုတ်ကြိုးပမ်းမှုများကို အတည်ပြုခြင်းတွင် ထည့်သွင်းမှတ်တမ်းတင်သွားမည်ဖြစ်သော်လည်း EITI စံနှုန်းအား လိုက်နာဆောင်ရွက်ခြင်းကို ခြုံငုံအကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစားသွားမည်မဟုတ်ချေ။

"နည်းစနစ်တကျထုတ်ပြန်အသိပေးခြင်း" နှင့် "ရေပန်းစားလာအောင်လုပ်ဆောင်ခြင်း"ဟူသော အသုံးအနှုန်းများကို လှည့်ကာပြောင်းကာအတူတကွအသုံးပြုသည်။ ၎င်းသည် EITI ၏ ထုတ်ပြန်အသိပေးခြင်းလိုအပ်ချက်များကို ပုံမှန်းလမ်းစဉ်အတိုင်းဖြစ်သောနှင့် အများပြည်သူမှရယူလက်လှမ်းမှီနိုင်သော ကုမ္ပဏီနှင့် အစိုးရအစီရင်ခံခြင်းများမှတဆင့် ပြည့်မှီအောင်ဆောင်ရွက်ခြင်းဟူသည့် လိုချင်သောနောက်ဆုံးအဆင့်ကို ရည်ညွှန်းပါသည်။ ယင်းတွင် အများပြည်သူဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်း၊ နှစ်စဉ်အစီရင်ခံစာများ၊ သတင်းအချက်အလက် ရယူဖလှယ်နိုင်သောနေရာများနှင့် အခြားပွင့်လင်းသော ဒေတာဖော်ဆောင်ချက်များ စသည်တို့ပါဝင်နိုင်သည်။ နည်းစနစ်တကျထုတ်ပြန် အသိပေးခြင်းသည် EITI အစီရင်ခံစာများမှ အခြားအကြောင်းအရာများ ဖော်ပြပေးခဲ့သကဲ့သို့ နည်းစနစ်တကျထုတ်ပြန်အသိပေးခြင်းများအား ရှာဖွေတွေ့ရှိနိုင်မည့် အရင်းအမြစ်များအားစုစည်းရန်နှင့် ဒေတာအချက်အလက်အရည်အသွေးဆိုင်ရာ ကွာဟချက်များနှင့် စိုးရိမ်မှုများအား ရည်ညွှန်းဖြေရှင်းနိုင်ရန် မျှော်မှန်းပါသည်။ EITI ထုတ်ပြန်အသိပေးခြင်း လိုအပ်ချက်များကို EITI အကောင်အထည် ဖော်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် စုဆောင်းရရှိခဲ့သည့် အများပြည်သူရယူ လက်လှမ်းမှီနိုင်သော သတင်းအချက်အလက်နှင့်/သို့မဟုတ် ဒေတာများအား မှီငြမ်းခြင်းမှတဆင့် ပြည့်မှီအောင်ဆောင်ရွက် နိုင်ပါသည်။

# လိုအပ်ချက် ၁

## သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ကြီးကြပ်ခြင်း

**အချုပ်ဖော်ပြချက်** – EITI အရ အစိုးရ၊ ကုမ္ပဏီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အပြည့်အဝ၊ လွတ်လပ်သော၊ တက်ကြွသောနှင့် ထိရောက်သောပါဝင်မှုများ ပါဝင်သည့် ကောင်းမွန်စွာသက်ဝင်လှုပ်ရှားနေသော သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အပါအဝင် ထိရောက်သော သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကြီးကြပ်မှု လိုအပ်ပါသည်။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကြီးကြပ်မှုနှင့် စပ်လျဉ်း၍ အဓိကလိုအပ်ချက်များတွင် – (၁.၁) အစိုးရ၏ကတိကဝတ်ပြုဆောင်ရွက်မှု၊ (၁.၂) ကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှု၊ (၁.၃) အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှု၊ (၁.၄) သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့တည်ထောင်မှုနှင့် သက်ဝင်လှုပ်ရှားလည်ပတ်မှု၊ (၁.၅) EITI အကောင်အထည်ဖော်ခြင်းအတွက် ရှင်းလင်းသောရည်ရွယ်ချက်များနှင့် EITI ဘုတ်အဖွဲ့မှ ချမှတ်ပေးထားသည့် နောက်ဆုံးရက်သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အချိန်ဇယားတို့ပါဝင်သော သဘောတူညီထားသည့် လုပ်ငန်းအစီအစဉ် – စသည်တို့ပါဝင်ပါသည်။

### ၁.၁ အစိုးရ၏ ကတိကဝတ်ပြုဆောင်ရွက်မှု

(က) အစိုးရသည် EITI အား အကောင်အထည်ဖော်ရန် ၎င်း၏ရည်သန်မှုအား အများပြည်သူထံ ရှင်းလင်းပြတ်သားသော အသိပေးကြေညာချက်ထုတ်ပြန်ရန်လိုအပ်သည်။ ထုတ်ပြန်ကြေညာချက်ကို နိုင်ငံ သို့မဟုတ် အစိုးရ၏ အကြီးအကဲခေါင်းဆောင် သို့မဟုတ် သင့်လျော်သော တာဝန်လွှဲပြောင်းထားသည့် အစိုးရကိုယ်စားလှယ်မှ ကြေညာရမည်ဖြစ်သည်။

(ခ) အစိုးရအနေဖြင့် EITI အကောင်အထည်ဖော်ခြင်းကို ဦးဆောင်ရန် အကြီးတန်းပုဂ္ဂိုလ်တစ်ဦးကို တာဝန်ချထားပေးရန် လိုအပ်သည်။ တာဝန်ချထားခြင်းခံရသူသည် ပါဝင်သက်ဆိုင်သူအားလုံး၏ ယုံကြည်ကိုးစားမှု၊ EITI ဆိုင်ရာလုပ်ဆောင်ချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ကိုယ်စားလှယ်အေဂျင်စီများ၊ ဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်နိုင်သည့် အခွင့်အာဏာနှင့်လွတ် လပ်ခွင့်

တို့ရှိရမည်ဖြစ်ပြီး EITI အကောင်အထည်ဖော်ခြင်းအတွက် အရင်းအမြစ်များကို အသုံးပြုနိုင်ရမည် ဖြစ်ပါသည်။

(ဂ) အစိုးရသည် EITI လုပ်ငန်းစဉ်တွင် အပြည့်အဝ၊ တက်ကြွစွာနှင့် ထိရောက်စွာ စေ့စပ်လုပ်ဆောင် ရမည်ဖြစ်သည်။

(ဃ) အစိုးရအနေဖြင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် အကြီးတန်းအစိုးရအရာရှိများ၏ကိုယ်စားပြုမှု ပါဝင်ကြောင်း သေချာအောင်ဆောင်ရွက်ရမည်ဖြစ်သည်။

## ၁.၂ ကုမ္ပဏီများ ပူးပေါင်းပါဝင်မှု

(က) ကုမ္ပဏီများသည် EITI လုပ်ငန်းစဉ်တွင် အပြည့်အဝ၊ တက်ကြွစွာနှင့် ထိရောက်စွာ စေ့စပ်လုပ် ဆောင်ရမည်ဖြစ်သည်။

(ခ) အစိုးရသည် သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်း များအပြင် EITI အကောင်အထည်ဖော်ဆောင်ရေး လက်တွေ့အလေ့အထများတွင် ကုမ္ပဏီများ၏ ပါဝင်နိုင်မှုအတွက် ပတ်ဝန်းကျင်တစ်ရပ်ကိုဖန်တီးပေးရမည်ဖြစ်ပါသည်။

(ဂ) အစိုးရသည် EITI လုပ်ငန်းစဉ်တွင် ကုမ္ပဏီများ၏ပါဝင်နိုင်မှုကို မည်သည့် အတားအဆီးမျှ မရှိစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

## ၁.၃ အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းပါဝင်မှု

အရပ်ဘက်အဖွဲ့အစည်းများ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်အရလုပ်ထုံး[၂] အရ –

(က) အရပ်ဘက်အဖွဲ့အစည်းများများသည် EITI လုပ်ငန်းစဉ်တွင် အပြည့်အဝ၊ တက်ကြွစွာနှင့် ထိရောက် စွာ စေ့စပ်လုပ်ဆောင်ရမည်ဖြစ်သည်။

၂။ အရပ်ဘက်အဖွဲ့အစည်းများလုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်သည် EITI စံနှုန်း၏ အပိုင်း ၆ တွင်ပါဝင်သည်။

(ခ) အစိုးရအနေဖြင့် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများနှင့်စပ်လျဉ်း၍ အရပ်ဘက်အဖွဲ့အစည်းများမှပါဝင်နိုင်သော ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်စေရန်အပြင် EITI အကောင်အထည်ဖော်စဉ် လက်တွေ့အလေ့အထများတွင် ပါဝင်နိုင်ရန် တို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။ EITI လုပ်ငန်းစဉ်တွင် အထင်ကရစေ့စပ်လုပ်ဆောင်နေသော အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ၎င်းတို့ချည်းသာဖြစ်ရမည်ဟု ကန့်သတ်မထားသော်လည်း အပါအဝင်ဖြစ်သည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ဝင်များတို့၏ အခြေခံအခွင့်အရေးများကိုလည်း လေးစားရမည်ဖြစ်သည်။

(ဂ) အစိုးရသည် EITI လုပ်ငန်းစဉ်အတွင်း အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှုကို မည်သည့်အဟန့်အတားမျှမရှိစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

(ဃ) အစိုးရသည် EITI အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် အများပြည်သူမှအ ချေအတင်ပြောဆိုနိုင်မှုကို ကျဉ်းမြောင်းစေသော သို့မဟုတ် ကန့်သတ်စေသော လုပ်ဆောင်ချက်များမှ ရှောင်ကျဉ်ရမည်။

(င) ပါဝင်သက်ဆိုင်သူများ (အပါအဝင်ဖြစ်သော်လည်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များချည်းသာ ဖြစ်သည်ဟု ကန့်သတ်မထားပါ) သည် -

(၁) ပွင့်လင်းမြင်သာမှုနှင့် သဘာဝအရင်းအမြစ် စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် လွတ်လပ်စွာပြောဆိုနိုင်ခွင့်ရှိရမည်။

(၂) EITI လုပ်ငန်းစဉ် ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းစသည်တို့တွင် အထင်ကရစေ့စပ်ပါဝင်ရမည်ဖြစ်ပြီး ၎င်းတို့အား အများပြည်သူမှ အချေအတင်ပြောဆိုနိုင်ခွင့်ရှိရမည်။

(၃) တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ဆက်ဆံပြီး ပူးပေါင်းလုပ်ဆောင်နိုင်ခွင့်ရှိရမည်။

(၄) အကန့်အသတ်၊ ဖိအားပေးမှု သို့မဟုတ် တုန့်ပြန်ခံရမှုကင်းစွာဖြင့် EITI လုပ် ငန်းကို လွတ်လပ်စွာ

လုပ်ဆောင်နိုင်ပြီး EITI အကြောင်းအရာများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ခွင့်ရှိရမည်။

## ၁.၄ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့(ပါဝင်သက်ဆိုင်သူပေါင်းစုံအဖွဲ့)

(က) အစိုးရသည် EITI အကောင်အထည်ဖော်ရေးကို ကြီးကြပ်ရန် အရပ်ဘက်အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် စေ့စပ်လုပ်ဆောင်ရန်နှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကိုထူထောင်ရန် ကတိကဝတ်ပြု ဆောင်ရွက်ရမည်ဖြစ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကို ထူထောင်ရာတွင် အစိုးရအနေဖြင့် -

(၁) အဖွဲ့အတွင်းသို့ ပါဝင်ရန် တံခါးဖွင့်ထားပြီး ပွင့်လင်းမြင်သာသောဖိတ်ခေါ်မှုရှိစေရမည်။

(၂) ပါဝင်သက်ဆိုင်သူများအား လုံလုံလောက်လောက်ကိုယ်စားပြုစေရမည်။ ၎င်းတို့အား နံပါတ်အရေအတွက်အလိုက် ညီတူညီမျှပါဝင်ကိုယ်စားပြုစေရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တွင် သင့်လျော်သည့် ပါဝင်သက်ဆိုင်သူများ၊ အပါအဝင်ဖြစ်သော်လည်း ၎င်းတို့ ချည်းသာဖြစ်ရမည်ဟု ကန့်သတ်မထားသည့် ပုဂ္ဂလိကကဏ္ဍ၊ လွတ်လပ်သောအရပ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် သတင်းမီဒီယာများနှင့် သမဂ္ဂများ စသည်တို့အပါအဝင် အရပ်ဘက် အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များလည်း အပါအဝင်ဖြစ်နိုင်သည့် သက်ဆိုင်ရာအစိုးရဌာနပိုင်းဆိုင်ရာများစသည်တို့ပါဝင်ရမည်။ပါဝင်သက်ဆိုင်သူအုပ်စုတစ်ခုချင်းစီသည် အများသဘောဆောင်သောနှင့် မတူကွဲပြားသော ကိုယ်စားပြုမှုများကို ဆန္ဒရှိသည့်အလျောက် ၎င်းတို့ကိုယ်စားလှယ်ကို ကိုယ်တိုင် ရွေးချယ်ခန့်အပ်ပိုင်ခွင့်ရှိရမည်။ ကိုယ်စားလှယ်အဆိုတင်သွင်းသည့် ဖြစ်စဉ်သည် လွတ်လပ်ပြီး၊ မည်သို့သောအကျပ်ကိုင်မှုမျိုးမှ မရှိစေရ။ EITI အတွင်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်အဖြစ် ပါဝင်သောအရပ်ဘက်အဖွဲ့အစည်းများသည် လုပ်ငန်းပိုင်းဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာတို့တွင် အစိုးရနှင့်/ သို့မဟုတ် ကုမ္ပဏီများနှင့် ကင်းကွာရမည်။ သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့နှင့်ကိုယ်စားပြုမဲပြုနိုင်သည့် နယ်ပယ်တစ်ခုချင်းစီတို့တွင် ကျား/မ ရေးရာကွာခြားမှု အခြေအနေတိုးတက် ကောင်းမွန်လာစေရန် ကျား/မ ရေးရာဟန်ချက်ညီမျှတမှုကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

(၃) ညွှန့်ပေါင်းအဖွဲ့၏ တရားဥပဒေဆိုင်ရာ မူအခြေတစ်ခု ထူထောင်ရန်ကိုလည်း စဉ်းစားရမည်။

(ခ) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် ၎င်း၏လုပ်ငန်းအတွက် ရှင်းလင်းသော၊ အများပြည်သူမှရယူသိရှိနိုင်သောလုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့် (Term of Reference - ToRs) အပေါ်သဘောတူရမည်။ သတ်မှတ်လုပ်ငန်း တာဝန်နှင့် လုပ်ပိုင်ခွင့်တို့တွင် အနည်းဆုံးအောက်ပါ ပြဌာန်းချက်များ ပါဝင်ရမည် -

**သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများနှင့် အခွင့်အရေးများ**

(၁) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များသည် ၎င်းတို့၏တာဝန်များကိုထမ်းဆောင်နိုင်သည့်စွမ်းဆောင်ရည်အရည်အချင်းများရှိသင့်သည်။

(၂) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများနှင့်ထိရောက်သောလူထုဆီသို့ဖြန့်ကျက်ရောက်ရှိရေး လုပ်ဆောင်ချက်များကို မီဒီယာများ၊ ဝက်ဘ်ဆိုက်များနှင့် စာစောင်များမှတဆင့်အပါအဝင် EITI အားအကောင်အထည်ဖော်ရန် အစိုးရ၏ကတိကဝတ်ပြုဆောင်ရွက်မှုနှင့်၊ ကုမ္ပဏီများနှင့် အရပ်ဘက်အဖွဲ့အစည်းများတို့၏ အဓိကကျသောကဏ္ဍတို့အကြောင်း ပါဝင်သက်ဆိုင်သူများအား သတင်းအချက်အလက်ပေးခြင်းကို ဆောင်ရွက်ရမည်။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် EITI လုပ်ငန်းစဉ်မှ ရလဒ်များကိုလည်း အများပြည်သူထံ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်မျှဝေပေးသင့်သည်။

(၃) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များအနေဖြင့် ၎င်းတို့ကို တင်မြှောက်သော မဲဆန္ဒရှင်လူထုအုပ်စုများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သင့်သည်။

(၄) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များသည် EITI အသင်းအဖွဲ့ကျင့်ဝတ်နှင့်အညီ လိုက်နာရမည်ဖြစ်သည်။

**လုပ်ငန်းအစီအစဉ်များအား အတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ရေးကို ကြီးကြပ်ခြင်း**

(၅) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် လိုအပ်ချက်အမှတ် ၁.၅ နှင့်အညီ နှစ်စဉ်လုပ်ငန်းအစီအစဉ်များကို အတည်ပြုခွင့်ပြုပေးရန်လိုအပ်သည်။

(၆) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် EITI အစီရင်ခံရေးလုပ်ငန်းစဉ်အား ကြီးကြပ်ပြီး အကဲဖြတ်ဆန်း

စစ်အတည်ပြုရေး (validation) တွင် စေ့စပ်လုပ်ဆောင်သင့်သည်။

**အဖွဲ့တွင်း စီမံအုပ်ချုပ်ရေးစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ**

(၇) EITI သည် အကောင်အထည်ဖော်သည့်တစ်လျှောက် မဲဆန္ဒရှင်လူထု တစ်ဦးချင်းစီအား မိတ်ဖက်အဖြစ်ဆက်ဆံကာ အားလုံးအကျုံးဝင်သော ဆုံးဖြတ်ချက်ချမှတ်ရေး ဖြစ်စဉ်ဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ မည်သည့်အဖွဲ့ဝင်မဆို အဖွဲ့၏စားပွဲဝိုင်းအတွင်း ပြဿနာများကိုဆွေးနွေးပိုင်ခွင့်ရှိသည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် အဖွဲ့ဝင်ကိုယ်စားလှယ်များအဆိုပြုတင်သွင်းခြင်းနှင့် ပြောင်းလဲခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ လုပ်ပိုင်ခွင့်ကာလသက်တမ်းနှင့် အစည်းအဝေးများ မည်မျှမကြာမကြာ ကျင်းပမည့်ကြိမ်နှုန်း စသည်တို့အပေါ် သဘောတူညီပြီးၿငင်း၏လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်သင့်သည်။ ၎င်းတွင်လိုအပ်ချက်၁.၄(က)တွင်ဖော်ပြထားသည့်အခြေခံစည်းမျဉ်းအား လေးစားလိုက်နာသည့်အတိုင်း အဖွဲ့အတွင်းအဖွဲ့ဝင်များ ပြောင်းလဲနေသည့် ဖြစ်စဉ်ရှိကြောင်း သေချာစေရန်အချက်လည်းပါဝင်သင့်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အတွင်းတွင် EITIအစည်းအဝေးများတက်ရောက်ရန် အဖွဲ့ဝင်များအားစားသောက်စရိတ် (Per-diem) များ သို့မဟုတ် အခြားပေးချေမှုများပေးအပ်ခြင်း အလေ့အထရှိပါက ယင်းအလေ့အထသည် ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်ပြီး အကျိုးစီးပွားဝိရောဓိကို မဖန်တီးစေရပါ။

(၈) အစည်းအဝေးများအတွက် လုံလောက်သောကြိုတင်အသိပေးချိန်နှင့်၊ ၎င်းတို့အနေဖြင့် ဆွေးနွေးချေပမပြောဆိုမီစာရွက်စာတမ်းများနှင့်အဆိုပြုသောလက်ခံလုပ်ဆောင်ရန်အချက်များအားအချိန်မီဝေမျှချိန် လုံလောက်စွာရှိသင့်သည်။

(၉) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် ၎င်း၏ဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များအား စာဖြင့်ရေးသားမှတ်တမ်းတင်ထားရမည်။

**၁.၅ လုပ်ငန်းအစီအစဉ်**

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် EITI ဘုတ်အဖွဲ့မှ ဖော်ဆောင်ထားသည့် အစီရင်ခံခြင်းနှင့် အတည်ပြုခြင်း နောက်ဆုံးရက်သတ်မှတ်ချက်များအတိုင်း အပြည့်အဝကုန်ကျထားသောနှင့် ချိန်ညှိထား

သော လက်ရှိလုပ်ငန်းအစီအစဉ်ကို ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ပါသည်။ လုပ်ငန်းအစီအစဉ်သည် -

(က) EITI အခြေခံစည်းမျဉ်းများနှင့်ချိတ်ဆက်နေသည့် EITI အကောင်အထည်ဖော်ခြင်း ရည်ရွယ်ချက်များအားချမှတ်ပြီး တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍအတွက် အမျိုးသားအဆင့် ဦးစားပေးမှုများအား ထင်ဟပ်ပေါ်လွင်စေရမည်။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် ကုမ္ပဏီနှင့် အစိုးရ စနစ်များတွင် EITI အကောင်အထည်ဖော်ခြင်းအား ရေပန်းစားလာ အောင်ဆောင်ရွက်ရန်လို အပ်သောအဆင့်များကို လုပ်ဆောင်သင့်သည်။ သဘာဝသယံဇာတ အရင်းအမြစ်စီမံအုပ်ချုပ်ခြင်း အကြောင်း အများပြည်သူများအကြား ဆွေးနွေးပြောဆိုခြင်း ဖြစ်ပေါ်စေရန်နှင့် အများပြည်သူဘဝများ၊ အစိုးရလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု အဆင့်မြင့်မားမှုအား အားပေးရန် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့များအနေဖြင့် EITI အကောင်အထည်ဖော်ခြင်းအား ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်စေမည့် တီထွင်ဆန်းသစ်သော နည်းလမ်းများ ရှာဖွေလုပ် ဆောင်ရန် အားပေးပါသည်။

(ခ) အဓိကပါဝင်သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၏ရလဒ်များကို ထင်ဟပ်ပေါ်လွင်စေပြီး သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှလည်းထောက်ခံသည်။

(ဂ) သဘောတူညီထားသော ရည်ရွယ်ချက်များပြည့်မီရရှိရန် တိုင်းတာနိုင်သောနှင့် အကောင်အထည်ဖော်ဆောင်ရန် အချိန်ကာလ သတ်မှတ်ပိုင်းခြားထားသော လုပ်ငန်းစဉ်များသည် လုပ်ငန်းအစီအစဉ်တွင် ပါဝင်ရမည်။ EITI အကောင်အထည်ဖော်ခြင်း၏ အတိုင်းအဆသည် တိုင်ပင်ဆွေးနွေးသည့် လုပ်ငန်းစဉ်အတွင်း ရှာဖွေဖော်ထုတ်ထားသော ရရှိလိုသည့်ရည်ရွယ်ချက်များ ပြည့်မီရေးကို အထောက်အကူပြုပေးနိုင်အောင် ဖော်ဆောင် ထားသင့်သည်။ လုပ်ငန်းအစီအစဉ်တွင် -

(၁) ထိရောက်သော EITI အကောင်အထည်ဖော်ရေးအား အဟန့်အတားဖြစ်စေနိုင်သည့် အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်၊ အေဂျင်စီများ၊ ကုမ္ပဏီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်အခက်အခဲများအား အကဲဖြတ်ဆန်းစစ်ပြီး ဖြေရှင်းဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်ထားရမည်။

(၂) စနစ်တကျ ထုတ်ပြန်အသိပေးခြင်း အားကောင်းခိုင်မာလာစေရန်နှင့်၊ ဘက်စုံခြုံငုံနား လည်နိုင်မှုနှင့် ဒေတာအချက်အလက် ယုံကြည်ကိုးစားနိုင်မှု (၄.၁ နှင့် ၄.၉) စသည့် အစီရင်ခံခြင်း၏ နည်းပညာ ပိုင်းဆိုင်ရာများ လုပ်ဆောင်ရန်အတွက် အစီအစဉ်များအပါ အဝင် EITI အကောင်အထည်ဖော်ခြင်း ၏ အတိုင်းအဆကို လိုက်လံလုပ်ဆောင်ရမည်။

(၃) အကယ်၍ရှိပါက EITI လိုအပ်ချက်များကို ပြည်တွင်းဥပဒေပြုရေး သို့မဟုတ် လိုက်နာရန်စည်းမျဉ်း များအတွင်း ထည့်သွင်းပေါင်းစပ်ခြင်းစသည့် အစီအစဉ်များ အပါအဝင် EITI အကောင်အထည်ဖော် ခြင်းအပေါ်ရှိနိုင်သော တရားဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ အတားအဆီး အနှောင့်အယှက်များအား ရှာဖွေဖော်ထုတ်ပြီး၊ ဖြေရှင်းရန် အစီအစဉ်များ ချမှတ်ရမည်။

(၄) EITI အကောင်အထည်ဖော်ခြင်းနှင့် အတည်ပြုခြင်းမှ အကြံပြုချက်များအား အကောင်အထည်ဖော် ခြင်းအတွက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အစီအစဉ်များကိုချမှတ်ရ မည်။

(၅) လိုအပ်ချက် ၂.၄(ခ) နှင့် အညီ စာချုပ်စာတမ်းများနှင့်၊ ရောက်ရှိရမည့် မှတ်တိုင်များနှင့် နောက်ဆုံး ရက် သတ်မှတ်ချက်များအပါအဝင် လိုအပ်ချက် ၂.၅ (ဂ) နှင့် (စ) နှင့် အညီ အကျိုးအမြတ်ခံစားမှု ပိုင် ဆိုင် ခွင့်တိုကို ထုတ်ပြန်အသိပေးရန်အတွက် အစီအစဉ်များချမှတ်ရမည်။

(ဃ) သဘောတူညီထားသော လုပ်ငန်းအစီအစဉ် အချိန်နှင့်တပြေးညီ အကောင်အထည်ဖော်ဆောင် နိုင်ကြောင်းသေချာစေရန် သင့်လျော်သည့် ပြည်တွင်းနှင့် ပြည်ပရန်ပုံငွေနှင့် နည်းပညာအထောက် အကူ အရင်းအမြစ်များ ရှာဖွေဖော်ထုတ်ရမည်။

(င) အများပြည်သူရယူလက်လှမ်းမှီနိုင်အောင်၊ ဥပမာ – အမျိုးသားအဆင့် EITI ဝက်ဘ်ဆိုက်များနှင့်/ သို့မဟုတ် အခြားသင့်လျော်သည့် ဝန်ကြီးဌာနနှင့် ကိုယ်စားလှယ်အေဂျင်စီများ၏ ဝက်ဘ်ဆိုက်များ တို့တွင် ပုံနှိပ်ထုတ်ဝေနိုင်သည့် မီဒီယာပုံစံများ သို့မဟုတ် အများပြည်သူမှလွယ်လင့်တကူရယူနိုင် သည့်နေရာများတို့တွင် ထုတ်ပြန်အသိပေးခြင်း – ဆောင်ရွက်ရမည်။

(စ) နှစ်စဉ်ပြန်လည်စိစစ်သုံးသပ်ပြီး အချိန်နှင့်တပြေးညီဖြစ်အောင် ဖော်ဆောင်ရမည်။ လုပ်ငန်းအစီ အစဉ်ကို စိစစ်သုံးသပ်ရာတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် EITI အကောင်အထည်ဖော်ခြင်း၏

အသေးစိတ်နှင့် အတိုင်းအဆတို့ကိုချဲ့ထွင်ရန် ထည့်သွင်းစဉ်းစားသင့်သည်။ လိုအပ်ချက် ၁.၄ (ခ) အရ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် ဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များအားမှတ်တမ်းတင် ရန် လိုအပ်သည်။

(ဆ) EITI ဘုတ်အဖွဲ့မှ ဖော်ဆောင်ထားသော နောက်ဆုံးရက်သတ်မှတ်ချက်များနှင့်အညီ ဖြစ်ပြီး (အပိုင်း ၄ - EITI အကောင်အထည်ဖော်ခြင်းအား EITI ဘုတ်အဖွဲ့မှ ကြီးကြပ်ခြင်း၊ ဝယ်ယူရေးလုပ်ငန်းစဉ်များနှင့် ရန်ပုံငွေစသည့် စီမံအုပ်ချုပ်ရေးဆိုင်ရာလို အပ်ချက်များကို ထည့်သွင်းစဉ်းစားသည့် အကောင်အထည်ဖော်ရမည့်အချိန်ဇယား ပါဝင်ရမည်။

## လိုအပ်ချက် ၂

### စာချုပ်များနှင့် လိုင်စင်များချထားရေးအပါအဝင် တရားဥပဒေရေးရာနှင့် အသင်းအဖွဲ့ဌာနဆိုင်ရာမူဘောင်

**အချုပ်ဖော်ပြချက်** - EITI အရ ပါဝင်သက်ဆိုင်သူများအား စမ်းသပ်တိုင်းတာရာဖွေရေးနှင့် ထုတ်လုပ်ပိုင်ခွင့်ချထားအပ်နှင်းပေးခြင်းဆိုင်ရာဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများ၊တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍအပေါ် အကျုံးဝင်သည့် တရားဥပဒေဆိုင်ရာ၊ စည်းမျဉ်းစည်းကမ်းပိုင်းနှင့် စာချုပ်စာတမ်းဆိုင်ရာမူဘောင်များနှင့် အဆိုပါကဏ္ဍအားစီမံခန့်ခွဲနေသည့် နိုင်ငံတော်၏အသင်းအဖွဲ့ဌာနဆိုင်ရာတာဝန်ရှိမှုများအား နားလည်သဘောပေါက်စေမည့် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍကို မည်သို့စီမံခန့်ခွဲသည်ကို ထုတ်ပြန်အသိပေးရန်လိုအပ်သည်။ ပွင့်လင်းမြင်သာသော ဥပဒေပိုင်းဆိုင်ရာမူဘောင်နှင့် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေး ကဏ္ဍအခွင့်အရေးများ ပေးအပ်ခြင်းနှင့်စပ်လျဉ်းသည့် EITI လိုအပ်ချက်များ တွင် - (၂.၁) တရားဥပဒေဆိုင်ရာမူဘောင်နှင့် ဘဏ္ဍာရေးဆိုင်ရာစီမံအုပ်ချုပ်မှု၊ (၂.၂) စာချုပ်စာတမ်းနှင့်လိုင်စင်ချထားပေးခြင်းများ၊ (၂.၃) လိုင်စင်များမှတ်ပုံတင်ခြင်း၊ (၂.၄) စာချုပ်စာတမ်းများ၊ (၂.၅) အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် (၂.၆) တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍတွင် နိုင်ငံတော်၏ပါဝင်မှု - တို့ပါဝင်သည်။

#### ၂.၁ တရားဥပဒေဆိုင်ရာမူဘောင်နှင့် ဘဏ္ဍာရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(က) အကောင်အထည်ဖော်လျက်ရှိသောနိုင်ငံများသည် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍကို စီမံအုပ်ချုပ်နေသည့် တရားဥပဒေဆိုင်ရာမူဘောင်နှင့် ဘဏ္ဍာရေးနှစ်ဆိုင်ရာ စီမံအုပ်ချုပ်မှုဖော်ပြချက်များကို ထုတ်ပြန်အသိပေးရမည်ဖြစ်သည်။ ယင်းသတင်း အချက်အလက်တွင် ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်ဖြန့်ကျက်လွှဲပြောင်းမှုအဆင့်၊ သက်ဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအားခြုံငုံသုံးသပ်ချက်၊ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် တွင်းထွက် သတ္တုများစမ်းသပ်တိုင်း

တာခြင်း၊ ရှာဖွေထုတ်လုပ်ခြင်းစသည်တို့ကို ထိန်းကျောင်းသည့် အမျိုးမျိုးသော စာချုပ်စာတမ်းများနှင့် လိုင်စင်များအားဖော်ပြချက်နှင့် သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအကြောင်း သတင်းအချက်အလက်များ စသည်တို့ပါဝင်သည့် ဘဏ္ဍာရေးဆိုင်ရာစီမံအုပ်ချုပ်မှု အကြောင်း အချုပ်ဖော်ပြချက်တို့ ပါဝင်ရမည်ဖြစ်သည်။

(ခ) အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးများလုပ်ဆောင်နေပါက သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် ယင်းတို့ကိုမှတ်တမ်းတင်ထားရန် တိုက်တွန်းသည်။

## ၂.၂ စာချုပ်စာတမ်း နှင့် လိုင်စင်ချထားပေးခြင်းများ

(က) အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံများသည် အောက်ပါ သဘောတူညီထားသော ကိန်းဂဏန်းပိုင်း ဖြတ်မှုအတွင်းကျရောက်သည့် ကုမ္ပဏီများ၏ ပေးချေမှုများ အတွက်အပါအဝင် လတ်တလောဖြစ်သော EITI ထုတ်ပြန်အသိပေးချက်အများစုတို့ အကျုံးဝင်ခဲ့သည့် စာရင်းကိုင်ကာလ သက်တမ်းအတွင်းဖြစ်ပေါ်သော စာချုပ်စာတမ်းနှင့် လိုင်စင်ချထားပေးခြင်းများ၊ လွှဲပြောင်းခြင်းများ အားလုံးနှင့်သက်ဆိုင်သော ဖော်ပြပါသတင်းအချက်အလက်များအား ထုတ်ပြန်အသိပေးရန်လိုအပ်သည်။

(၁) လိုင်စင် လွှဲပြောင်းခြင်း သို့မဟုတ် ချထားပေးခြင်းအတွက် လုပ်ငန်းစဉ်ဖော်ပြချက်

(၂) အသုံးပြုသော နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးရာ စံနှုန်းသတ်မှတ်ချက်များ

(၃) အကယ်၍ရှိလျှင် အုပ်စုအဖွဲ့ဝင်များ အပါအဝင်၊ လွှဲပြောင်း သို့မဟုတ် ချထားပေးပြီးသော လိုင်စင်၏ လက်ခံရရှိသူ (များ) ၏ သတင်းအချက်အလက်များ

(၄) လိုင်စင်လွှဲပြောင်းခြင်းနှင့် ချထားပေးခြင်းအား စီမံထိန်းကျောင်းသည့် သက်ဆိုင်ရ ဥပဒေပိုင်းဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာမူဘောင်များမှ မည်သည့်အကြောင်းအချင်းအရာ သွေဖီမှုများမဆို။

အစိုးရများအနေဖြင့် စာချုပ် သို့မဟုတ် လိုင်စင်ချထားပေးခြင်းအတွက် နည်းလမ်းအမျိုးမျိုး

တို့ကို ရွေးချယ်နိုင်သည့်ကိစ္စမျိုး (ဥပမာ – ပြိုင်ဆိုင်စေခြင်း သို့မဟုတ် တိုက်ရိုက်ညှိနှိုင်းခြင်းများ) တွင် လိုင်စင်ချထားပေးခြင်း သို့မဟုတ် လွှဲပြောင်းခြင်းအတွက် လုပ်ငန်းစဉ်အကြောင်း ဖော်ပြချက်သည် မည်သည့်လုပ်ထုံးလုပ်နည်းကို အသုံးပြုသင့်သည်ကိုသတ်မှတ် ပေးသော စည်းမျဉ်းများနှင့် အဘယ်ကြောင့် လုပ်ထုံးလုပ်နည်းတစ်ခုခုကို ရွေးချယ်သည်ဟူသည့် အကြောင်းရှင်းလင်းဖော်ပြချက်များ ပါဝင်နိုင်သည်။ အများပြည်သူရယူလက်လှမ်းမီနိုင်သော သတင်းအချက်အလက်များတွင် ကွာဟချက်များရှိနေပါက ၎င်းတို့ကို ရှင်းလင်းစွာဖော်ထုတ်သင့်သည်။ အထက်တွင်ဖော်ပြထားသော သတင်းအချက်အလက်များအား ဘက်စုံခြုံငုံစွာ ထုတ်ပြန်အသိပေးရာတွင် အဟန့်အတားဖြစ်စေသည့် သိသာထင်ရှားသောမည်သည့် ဥပဒေရေးရာ သို့မဟုတ် လက်တွေ့ပိုင်းဆိုင်ရာ အတားအဆီးများကို မဆိုနှင့်၊ ယင်းအတားအဆီးများအား မည်သို့ကျော်လွှားမည်ဟူသည့် အစိုးရ၏အစီအစဉ်များနှင့် ယင်းသို့ ကျော်လွှားနိုင်အောင်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်ရန် မျှော်မှန်းထားသည့်အချိန်အတိုင်းအဆ စသည်တို့အပါအဝင် – တို့ကို မှတ်တမ်းတင်ပြီး ဖြေရှင်းချက်များပေးသင့်သည်။

(ခ) ကုမ္ပဏီများသည် EITI အကောင်အထည်ဖော်ခြင်းကာလမတိုင်မီ ချထားသောလိုင်စင်များကို ကိုင်ဆောင်ထားပါက အကောင်အထည်ဖော်သောနိုင်ငံများအား လိုအပ်ချက် ၂.၂(က)တွင် ဖော်ပြထားသော သတင်းအချက်အလက်များအား ထုတ်ပြန်အသိပေးရန်တိုက်တွန်းပါသည်။

(ဂ) လေလံပစ်ခြင်းလုပ်ငန်းစဉ်မှတဆင့် လိုင်စင်များကို ချထားပေးမည်ဆိုပါက အစိုးရအနေဖြင့် လျှောက်ထားသူစာရင်းနှင့် လေလံရွေးချယ်သည့်စံသတ်မှတ်ချက်တို့ကို ထုတ်ပြန်အသိပေးရန်လိုအပ်သည်။

(ဃ) သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် EITI ထုတ်ပြန်အသိပေးခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် လိုင်စင်ချထားပေးခြင်းဆိုင်ရာ အခြားသတင်းအချက်အလက်များအား ထည့်သွင်းနိုင်သည်။ ယင်းတွင် လိုင်စင်ချထားပေးခြင်းလုပ်ထုံးလုပ်နည်းများ၏ စွမ်းဆောင်နိုင်မှုနှင့် ထိရောက်မှုအပေါ် သဘောထားမှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လက်တွေ့အလေ့အထများနှင့် စာချုပ် သို့မဟုတ် လိုင်စင်သက်တမ်းတိုးခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းများအတွက် အခြေအနေရပ်များအကြောင်း

ဖော်ပြချက်များ စသည်တို့ပါဝင်နိုင်သည်။

## ၂.၃ လိုင်စင်များ မှတ်ပုံတင်ခြင်း

(က) ဤတွင် "လိုင်စင်" ဟူသော စကားလုံးသည် မည်သည့် လိုင်စင်၊ အငှားစာချုပ်၊ ဘွဲ့၊ ခွင့်ပြုမိန့်၊ စာချုပ် သို့မဟုတ် အစိုးရမှ ကုမ္ပဏီ(များ) သို့မဟုတ် တစ်သီးပုဂ္ဂလ(များ) အပေါ်အပ်နှင်းသော ၎င်းတို့၏ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့်/သို့မဟုတ် တွင်းထွက်သတ္တုသယံဇာတများအား စမ်းသပ်တိုင်းတာ သို့မဟုတ် ရှာဖွေထုတ်လုပ်ပိုင်ခွင့် အခွင့်အရေးမဆို အားလုံးကိုရည်ညွှန်းသည်။

(ခ)အကောင်အထည်ဖော်သောနိုင်ငံများသည်သဘောတူညီထားသောEITIအကောင်အထည်ဖော်ခြင်း အတိုင်းအဆနယ်ပယ်အတွင်း ကုမ္ပဏီများမှ ရရှိထားသောလိုင်စင်တစ်ခုချင်းစီနှင့်စပ်လျဉ်းပြီး အချိန်နှင့်တပြေးညီသောနှင့် ဘက်စုံခြုံငုံသော ဖော်ပြပါသတင်းအချက်အလက်များဖြင့် လိုင်စင် မှတ်ပုံတင်များ သို့မဟုတ် သတ္တုတွင်းလမ်းပြမြေပုံစနစ်(များ)ကို အများပြည်သူရယူလက် လှမ်းမှီနိုင် အောင် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်သည်။

(၁) လိုင်စင် ကိုင်ဆောင်ထားသူ(များ)

(၂) အစုအဖွဲ့နှင့်ရှိလျှင် လိုင်စင်ချထားသောဧရိယာ၏ တည်နေရာ ကိုဩဒိနိတ်များ။ ကိုဩဒိနိတ် များသည် အစုအဖွဲ့နှင့်မဟုတ်ပါက အစိုးရအနေဖြင့် လိုင်စင်ဧရိယာ၏ အရွယ်အစားနှင့် တည် နေရာကို မှတ်ပုံတင်တွင်ထုတ်ပြန်အသိပေးထားကြောင်း သေချာအောင်နှင့် ကိုဩဒိနိတ်များ အားသက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာများထံမှ ကျိုးကြောင်းစီလျော်မှုမရှိသောစရိတ်များ တောင်းခံခြင်း သို့မဟုတ် ကန့်သတ်ခြင်းများအလျဉ်းမရှိပဲ အများပြည်သူမှ ရယူလက်လှမ်းမှီ ကြောင်းသေချာအောင် ဆောင်ရွက်ရန်လိုအပ်သည်။ ထုတ်ပြန်အသိပေးချက်များတွင် ကိုဩ ဒိနိတ်များအား မည်သို့ရယူနိုင်သည်နှင့် အကယ်၍ ဒေတာအချက်အလက်ရယူရန် ကုန်ကျ စရိတ်ရှိလျှင် ကုန်ကျစရိတ်စသည်တို့အပေါ် လမ်းညွှန်ချက်များပါဝင်သင့်သည်။ အစိုးရသည် ယင်းသတင်းအချက်အလက်အား လိုင်စင်မှတ်ပုံတင်မှတဆင့် လွတ်လပ်စွာနှင့် လျှပ်စစ်အခြေ ပြုဆက်သွယ်ခြင်းစနစ်တို့မှ ရယူနိုင်အောင်လုပ်ဆောင်ရန်အတွက် အစီအစဉ်များနှင့် အချိန်

ဇယားများကိုလည်း မှတ်တမ်းတင်သင့်သည်။

(၃) လိုင်စင် လျှောက်ထားသည့်ရက်စွဲ၊ ချထားပေးသည့်နေ့စွဲနှင့် ကာလအပိုင်းအခြားသက်တမ်း။

(၄) ထုတ်လုပ်ရေးလိုင်စင်ဖြစ်ပါက ထုတ်လုပ်သည့်ထုတ်ကုန်ပစ္စည်း။

လိုင်စင်မှတ်ပုံတင် သို့မဟုတ် လုပ်ကွက်လမ်းပြမြေပုံတွင် EITI အကောင်အထည်ဖော်ခြင်း သဘောတူညီထားသောနယ်ပယ်အတိုင်းအဆပြင်ပမှ သဘောတူညီထားသော ကိန်းဂဏန်း ပိုင်းဖြတ်ခြင်းအောက်တွင် ၎င်းတို့၏ ပေးချေမှုများကျရောက်သော ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလ များသို့မဟုတ် အုပ်စုများအပါအဝင် အသင်းအဖွဲ့ပုဂ္ဂိုလ်အားလုံးတို့မှ ကိုင်ဆောင်ထားသော လိုင်စင်အကြောင်းအရာများ ပါဝင်ရန်မျှော်လင့်သည်။ ယင်းသတင်းအချက်အလက်များအား ဘက်စုံခြုံငုံစွာ ထုတ်ပြန်အသိပေးခြင်းအား အဟန့်အတားဖြစ်စေသည့် သိသာထင်ရှားသော မည်သည့်ဥပဒေရေးရာ သို့မဟုတ် လက်တွေ့ပိုင်းဆိုင်ရာ အတားအဆီးများကိုမဆိုနှင့်၊ ယင်း အတားအဆီးများအား မည်သို့ကျော်လွှားမည်ဟူသည့် အစိုးရ၏ အစီအစဉ်များနှင့် ယင်းသို့ ကျော်လွှားနိုင်အောင် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်ရန်မျှော်မှန်းထား သည့် အချိန်အတိုင်းအဆ စသည်တို့အပါအဝင် – တို့ကို မှတ်တမ်းတင်ပြီး ဖြေရှင်းချက် များပေး သင့်သည်။

(ဂ) မှတ်ပုံတင်များ သို့မဟုတ် လုပ်ကွက်လမ်းပြမြေပုံများ မတည်ရှိပါက သို့မဟုတ် မပြည့်စုံပါကအများ ပြည်သူရယူလက်လှမ်းမီနိုင်သော သတင်းအချက်အလက်များအတွင်း ကွာဟချက်များကို ထုတ် ပြန်အသိပေးပြီး ယင်းစနစ်များအားပိုမိုအားကောင်းအောင်ကြိုးပမ်းဆောင် ရွက်ချက်များကိုလည်း မှတ်တမ်းတင်သင့်သည်။

**၂.၄ စာချုပ်စာတမ်းများ**

(က) အကောင်အထည်ဖော် လျက်ရှိသောနိုင်ငံများသည် ဇန်နဝါရီလ ၁ ရက်နေ့၊ ၂၀၂၁ ခုနှစ်မှစ၍ ခွင့်ပြုပေးလိုက်သော၊ ချုပ်ဆိုလိုက်သော သို့မဟုတ် ပြင်ဆင်လိုက်သော စာချုပ်များနှင့် လိုင်စင် များအား ထုတ်ပြန်အသိပေးရန်လိုအပ်ပါသည်။ အကောင်အထည်ဖော်သော နိုင်ငံများအားရေနံ၊

သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းထွက်များ ရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များအား ဖော်ပြထားသောမည်သည့် စာချုပ်စာတမ်း သို့မဟုတ် လိုင်စင်များကိုမဆိုအများပြည်သူသိရှိအောင် ထုတ်ပြန်အသိပေးရန်အားပေးသည်။

(ခ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အကောင်အထည်ဖော်မည့် ဘက်စုံခြုံငုံသော ထုတ်ပြန်အသိပေးခြင်းအား အဟန့်အတားဖြစ်စေနိုင်သည့်အရာများကို ဖြေရှင်းဆောင်ရွက်မည့် ရှင်းလင်းသောအချိန်ကာလအပိုင်းအခြား ပါဝင်သည့် စာချုပ်စာတမ်းများ ထုတ်ပြန်အသိပေးရန် အစီအစဉ်တစ်ရပ်အား သဘောတူဖော်ဆောင်ရန် မျှော်မှန်းပါသည်။ ယင်းအစီအစဉ်ကို ၂၀၂၀ ခုနှစ်မှစ၍ ရှေ့လျှောက်အထိ အကျိုးဝင်သော လုပ်ငန်းအစီအစဉ်များတွင် ပေါင်းစပ်ထည့်သွင်း သွားပါမည်။

(ဂ) ရေနံ၊သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းထွက်များ စမ်းသပ်တိုင်းတာရေးနှင့် ရှာဖွေထုတ် လုပ်ရေးတို့ကို ထိန်းကျောင်းသည့် စာချုပ်စာတမ်းများနှင့် လိုင်စင်များအကြောင်း ထုတ်ပြန် အသိပေးခြင်းဆိုင်ရာ အစိုးရ၏ မူဝါဒများအား မှတ်တမ်းတင်ရန်လိုအပ်ပါသည်။ ၎င်းတွင် အောက်ပါတို့ပါဝင်သင့်သည်။

(၁) ဥပဒေ သို့မဟုတ် အစိုးရမူဝါဒသည် စာချုပ်စာတမ်းများ သို့မဟုတ် လိုင်စင်များအားထုတ်ပြန်အသိ ပေးရန်လိုအပ်စေသည် သို့မဟုတ် တားမြစ်သည်အပါအဝင် စာချုပ်စာတမ်းများနှင့် လိုင်စင်များထုတ်ပြန်အသိပေးခြင်းဆိုင်ရာ ပြဿနာရပ်များကိုဖြေရှင်းထား၊ မထားဖော်ပြချက်။ တည်ဆဲဥပဒေမရှိလျှင် အစိုးရမူဝါဒကို မည်သည့်နေရာတွင် ထည့်သွင်းဖော်ဆောင်သင့်သည့် အပေါ်ရှင်းလင်းတင်ပြချက်လည်း ပါဝင်သင့်ပြီး၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည်လည်း မည်သည်က စာချုပ်စာတမ်း ထုတ်ပြန်အသိပေးခြင်းဆိုင်ရာ အစိုးရမူဝါဒပြောက်စေနိုင်သည်ဟူသည့်အပေါ် ဆွေးနွေးချက်များကို လည်းမှတ်တမ်း တင်သင့်သည်။ စီစဉ်ထားရှိသော သို့မဟုတ် လုပ်ဆောင်နေသော စာချုပ်စာတမ်းများ သို့မဟုတ် လိုင်စင်များ ထုတ်ပြန်အသိပေးခြင်းနှင့် သက်ဆိုင်သည့် မည်သည့် ပြုပြင်ပြောင်းလဲရေးမဆိုကို လည်း မှတ်တမ်းတင်ထား သင့်သည်။

(၂) မည်သည့်စာချုပ်စာတမ်းများနှင့်လိုင်စင်များသည်အများပြည်သူရယူလက်လှမ်းမှီနိုင်သည့်ဟူသည့် အချပ်ဖော်ပြချက်။ အကောင်အထည်ဖော်သောနိုင်ငံများသည် အသက်ဝင်နေသောစာချုပ်စာတမ်းများနှင့် လိုင်စင်များစာရင်းအား မည်သည်တို့က အများပြည်သူရ ယူလက်လှမ်းမှီနိုင်သည်

နှင့် မည်သည်တို့ကမရရှိနိုင်တို့ကို ဖော်ပြသင့်သည်။ ထုတ်ပြန်ထားသော စာချုပ်စာတမ်းများနှင့် လိုင်စင်များအားလုံးအတွက် ယင်းသို့ထုတ်ပြန်ထားသည့် မီဒြမ်းရာ သို့မဟုတ် ထုတ်ပြန်ထားသည့် နေရာ လင့်ခ်များလည်းပါဝင် သင့်သည်။ စာချုပ်စာတမ်း သို့မဟုတ် လိုင်စင်ကိုမထုတ်ပြန်ထားပါက တရားဥပဒေဆိုင်ရာ သို့မဟုတ် လက်တွေ့ဆိုင်ရာ အခက်အခဲအတားဆီးများကိုလည်း မှတ်တမ်းတင်ပြီး ရှင်းလင်းတင်ပြ သင့်သည်။

(၃)ထုတ်ပြန်အသိပေးခြင်းအလေ့အထသည် စာချုပ်စာတမ်းများနှင့် လိုင်စင်များ ထုတ်ပြန်အသိပေးခြင်းနှင့် သက်ဆိုင်သည့် တရားဥပဒေ သို့မဟုတ် အစိုးရမူဝါဒပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် သွေဖီနေပါက ယင်းသို့သွေဖီရခြင်းအကြောင်းရင်းကိုလည်း ရှင်းလင်းတင်ပြသင့်သည်။

(ဃ) ၂.၄ (က) ပါ "စာချုပ်" ဟုဆိုရာတွင် -

(၁) ရေနံ၊သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းထွက်များ ရှာဖွေထုတ်လုပ်ရေးနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များပြဋ္ဌာန်းထားသည့် အစိုးရမှ ချထားပေး သို့မဟုတ် ချုပ်ဆိုထားသော မည်သည့် စာချုပ်၊ အပ်နှင်းခြင်း၊ အချိုးကျထုတ်လုပ်ရေးသ ဘောတူညီချက် သို့မဟုတ် အခြားသဘောတူ ညီချက်များ၏ စာသားအပြည့်အစုံ။

(၂) ၂.၄(ဃ)(၁) တွင်ဖော်ပြထားသော ရှာဖွေထုတ်လုပ်ခွင့်၊ သို့မဟုတ် ဆောင်ရွက်နိုင်ခွင့်တို့နှင့် သက်ဆိုင်သည့်အသေးစိတ်အချက်အလက်များအား ပြဋ္ဌာန်းထားသည့် မည်သည့်ပူးတွဲ၊ နောက်ဆက်တွဲ၊ သို့မဟုတ် သတ်မှတ်ချက်မဆို ၏စာသားအပြည့် အစုံ။

(၃) ၂.၄ (ဃ)(၁) နှင့် ၂.၄(ဃ)(၂) တို့တွင်ဖော်ပြထားသော စာရွက်စာတမ်းအားများ မည်သည့် ပြောင်းလဲချက် သို့မဟုတ် ပြင်ဆင်ချက် မဆို၏ စာသားအပြည့်အစုံ။ - ဟုအဓိပ္ပါယ်ရသည်။

(င) ၂.၄ (က) ပါ "လိုင်စင်" ဟုဆိုရာတွင် -

(၁) အစိုးရမှ ကုမ္ပဏီ(များ) သို့မဟုတ် တစ်သီးပုဂ္ဂလ(များ) အပေါ် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့်/ သို့မဟုတ် တွင်းထွက်သတ္တု သယံဇာတများအား စမ်းသပ်တိုင်းတာ သို့မဟုတ် ရှာဖွေထုတ် လုပ်ပိုင်

ခွင့်တို့ကို အပ်နှင်းသော မည်သည့်လိုင်စင်၊ အငှားစာချုပ်၊ ဘွဲ့ သို့မဟုတ် ခွင့်ပြုမိန့် မဆိုတို့၏ စာသားအပြည့်အစုံ။

(၂) ၂.၄ (င)(၁) တွင်ဖော်ပြထားသော ရှာဖွေတူးဖော်ထုတ်လုပ်ခွင့်များ သို့မဟုတ် ဆောင်ရွက်ပိုင်ခွင့်တို့နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များအား ပြဋ္ဌာန်းထားသည့် မည်သည့် ပူးတွဲ၊ နောက်ဆက်တွဲ၊ သို့မဟုတ် သတ်မှတ်ချက်မဆို ၏ စာသားအပြည့်အစုံ။

(၃) ၂.၄ (င)(၁) နှင့် ၂.၄(င)(၂) တို့တွင်ဖော်ပြထားသော စာရွက်စာတမ်းအားများ မည်သည့် ပြောင်းလဲချက် သို့မဟုတ် ပြင်ဆင်ချက် မဆို၏ စာသားအပြည့်အစုံ။

- ဟုအဓိပ္ပါယ်ရသည်။

**၂.၅ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု**

(က) အကောင်အထည်ဖော်သည့်နိုင်ငံများသည် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့်/သို့မဟုတ် တွင်းထွက်သတ္တုသယံဇာတများအား စမ်းသပ်တိုင်းတာ သို့မဟုတ် ထုတ်လုပ်ရေးအကျိုးစီးပွားအတွက် လျှောက်ထားသော သို့မဟုတ် အကျိုးစီးပွားပါဝင်သော ကော်ပိုရိတ်စီးပွာရေးလုပ်ငန်း(များ)၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ မည်သူမည်ဝါ(များ) ဖြစ်ကြောင်း အချက်အလက်များ၊ ပိုင်ဆိုင်မှုအဆင့်နှင့် ပိုင်ဆိုင်မှု သို့မဟုတ် ထိန်းချုပ်မှုကိုမည်သို့ ထိန်းသိမ်းထားသည်ဟူသည့်အသေးစိတ် အချက်အလက်များအပါအဝင် ကော်ပိုရိတ်စီးပွာရေးလုပ်ငန်း(များ)၏ အကျိုးအမြတ်ရရှိပိုင်ဆိုင် သူများ၏ မှတ်ပုံတင်အချက်အလက်များကို အများပြည်သူရယူလက်လှမ်းမှီနိုင်အောင် ဆောင်ရွက်ထားရှိရန် အကြံပြုသည်။ ဖြစ်နိုင်ပါက အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်များကိုကုမ္ပဏီများမှ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍ လိုင်စင်ချထားခြင်းအား စည်းမျဉ်းစည်းကမ်းချမှတ်လည်ပတ်နေသော ကော်ပိုရိတ်စည်းမျဉ်းချမှတ်သူများ၊ စတော့အိတ်ချိန်းများ သို့မဟုတ် ကိုယ်စားလှယ်အေဂျင်စီများထံ ရှိပြီးသားဖိုင်အချက်အလက်များတွင် ပေါင်းစပ်ထည့်သွင်းဖော်ပြသင့်သည်။ သတင်းအချက်အလက်များအား အများပြည်သူ ရယူလက်လှမ်းမှီနိုင်ပြီးဖြစ်ပါက EITI အစီရင်ခံစာတွင် ယင်းအချက်အလက်များအား မည်သို့ရယူနိုင်ကြောင်း လမ်းညွှန်ချက်ကိုလည်း

ထည့်သွင်း သင့်သည်။

(ခ) အကောင်အထည်ဖော်သောနိုင်ငံများသည် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအား ထုတ်ပြန်အသိပေးခြင်းဆိုင်ရာ အစိုးရ၏ မူဝါဒများနှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ဆွေးနွေးချက်များကို မှတ်တမ်းတင်ရန်လိုအပ်သည်။ ၎င်းတွင် သက်ဆိုင်သောဥပဒေပြဌာန်းချက်များ၊ လက်တွေ့ထုတ်ပြန်အသိပေးခြင်းအလေ့အထများနှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ပြန်အသိပေးရန် ပြင်ဆင်ထားသော သို့မဟုတ် ပြင်ဆင်နေသော ပြုပြင်ပြောင်းလဲရေးများ စသည့် အသေးစိတ် အချက်အလက်များ ပါဝင်သင့်သည်။

(ဂ) ဇန်နဝါရီလ ၂၀၂၀ ခုနှစ်မှစ၍ အကောင်အထည်ဖော်သောနိုင်ငံများသည် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုသတင်းအချက်အလက်များတောင်းခံရန်နှင့် ကုမ္ပဏီများအနေဖြင့် ယင်းအချက်အလက်များအား အများပြည်သူသိရှိအောင်ထုတ်ပြန်အသိပေးရန် လိုအပ်သည်ဖြစ်သည်။ ၎င်းသည် ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် / သို့မဟုတ် တွင်းထွက် သတ္တုသယံဇာတများအား စမ်းသပ်တိုင်းတာ သို့မဟုတ် ထုတ်လုပ်ရေး အကျိုးစီးပွားအတွက် လျှောက်ထားသော သို့မဟုတ် အကျိုးစီးပွားပါဝင်သော ကော်ပိုရိတ်စီးပွာရေးလုပ်ငန်း(များ)အတွက် အကျုံးဝင်ပြီး၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ(များ)၏ မည်သူမည်ဝါ(များ)ဖြစ်ကြောင်း အချက်အလက်များ၊ ပိုင်ဆိုင်မှုအဆင့်နှင့် ပိုင်ဆိုင်မှု သို့မဟုတ် ထိန်းချုပ်မှုကို မည်သို့ ထိန်းသိမ်းထားကြောင်း အသေးစိတ်အချက်အလက်တို့ ပါဝင်သင့်သည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်များ အစီရင်ခံရာတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်အားလုံး သို့မဟုတ် အချို့ကို တင်ပြရန်ပျက်ကွက်သည့် မည်သည့်အဖွဲ့အစည်းပုဂ္ဂိုလ်များမဆိုတို့၏ အမည်နာမအပါအဝင် သိသာထင်ရှားသည့် မည်သည့်ကွာဟချက်များ သို့မဟုတ် အားနည်းချက်များကိုမဆို ထုတ်ပြန်အသိပေးရမည်ဖြစ်သည်။ ဇန်နဝါရီလ ၂၀၂၀ ခုနှစ်တွင် ဤ လိုအပ်ချက်အားအကောင်အထည်ဖော်ဆောင်ရန် ဖွဲ့စည်းပုံ သို့မဟုတ် လက်တွေ့ပိုင်းဆိုင်ရာသိသာထင်ရှားသော အခက်အခဲတစ်စုံတစ်ရာ ရင်ဆိုင်နေရပါက နိုင်ငံအနေဖြင့် အပိုင်း ၄ ပါ EITI အကောင်အထည်ဖော်ခြင်း၏ ကြီးကြပ်ခြင်းအတွက် EITI ဘုတ်အဖွဲ့၏ လုပ်ထုံးလုပ်နည်း အပိုဒ် ၁ နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရယူလုပ်ဆောင်နိုင်သည်။

(ဃ) အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ၏ မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်တွင် အကျိုးအမြတ်ပိုင်ဆိုင်သူ၏ အမည်၊ နိုင်ငံသား၊ အခြေချနေထိုင်ရာနိုင်ငံအပြင် နိုင်ငံရေးအရ ပတ်သက်မှုရှိသည့် ပုဂ္ဂိုလ်များကိုလည်း ဖော်ထုတ်ရမည်ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ နေထိုင်ရာ သို့မဟုတ် အမှုထမ်းလိပ်စာ၊ ဆက်သွယ်နိုင်သည့်နည်းလမ်းစသည်တို့ကိုလည်းထုတ်ပြန်အသိပေးရန် အကြံပြုပါသည်။

(င) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်များ၏ ယုံကြည်ကိုးစားနိုင်မှုသေချာစေရန်အတွက် တည်ဆဲယန္တရားများကိုလည်း ဆန်းစစ်လုပ်ဆောင်သင့်ပြီး ကော်ပိုရိတ်စီးပွားရေးလုပ်ငန်းများမှ ပေးအပ်သော အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်များ တိကျမှန်ကန်မှုသေချာစေရန် အတိုင်းအဆ ၂.၅(ဂ)အတွင်းရှိ ကော်ပိုရိတ်စီးပွားရေးလုပ်ငန်းများအတွက် ချဉ်းကပ်နည်းကိုလည်း သဘောတူလုပ်ဆောင်သင့်သည်။ ယင်းတွင်ကုမ္ပဏီများကို အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ကြေညာချက်အား အကြီးတန်းစီမံခန့်ခွဲမှုအသင်းဝင် သို့မဟုတ် အကြီးတန်းဥပဒေအတိုင်ပင်ခံတို့မှတဆင့် လက်မှတ်ရေးထိုးထုတ်ပြန်ခြင်း သို့မဟုတ် အထောက်အထား စာရွက်စာတမ်းများတင်ပြခြင်း စသည်တို့ဖြင့် လုပ်ဆောင်ရန်လိုအပ်စေခြင်းတို့ ပါဝင်နိုင်သည်။

(စ) အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု၏အဓိပ္ပါယ် -

(၁) ကုမ္ပဏီတစ်ခု၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ဆိုသည်မှာ ကော်ပိုရိတ် စီးပွားရေးလုပ်ငန်းအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် အပြည့်အဝပိုင်ဆိုင် သို့မဟုတ် ထိန်းချုပ်သည့် မူလဖြစ်သော လူပုဂ္ဂိုလ်(များ) ဟုအဓိပ္ပါယ်ရသည်။

(၂) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည်"အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ" ဟူသောစကားလုံးအား သင့်လျော်သည့် အဓိပ္ပါယ်တစ်ရပ်ကို သဘောတူဖော်ဆောင်သင့်သည်။ အဓိပ္ပါယ်သည် အထက်ဖော်ပြပါ (စ)(၁) နှင့်အညီဖြစ်သင့်ပြီး နိုင်ငံတကာမှုများနှင့် သင့်လျော်သော ပြည်တွင်းဥပဒေများကိုထည့် သွင်းစဉ်းစားကာ ပိုင်ဆိုင်မှုကိန်းညွှန်း(များ) လည်းပါဝင်သင့်သည်။ အဓိပ္ပါယ်သတ်မှတ်ချက်သည် နိုင်ငံရေးအရထုတ်ဖော်သိရှိထားသော လူပုဂ္ဂိုလ်များအတွက် အစီရင်ခံ

ရန် တာဝန်ရှိမှုများကိုလည်း အတိအကျဖော်ပြသင့်သည်။

(၃) အပြည့်အဝပိုင်ဆိုင်ထားသော လက်အောက်ခံကုမ္ပဏီများအပါအဝင် အများပြည်သူပိုင်အဖြစ် စာရင်းရှိသော ကုမ္ပဏီများသည် စတော့အိတ်ချိန်း၏ အမည်များကို ထုတ်ပြန်အသိပေးရန်လို အပ်ပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု သတင်းအချက်အလက်အား အများပြည်သူမှရ ယူလက် လှမ်းမီနိုင်ရန် စာရင်းပြုစုထားသော စတော့အိတ်ချိန်းဆိုင်ရာ ဖိုင်တွဲများရယူနိုင်မည့် လင့်ခ် လည်းပါဝင်ရမည်။

(၄) အကျိုးတူပူးပေါင်းသည့် ကုမ္ပဏီများဖြစ်ပါက အများပြည်သူပိုင်အဖြစ်စာရင်းရှိသော သို့မဟုတ် အများပြည်သူပိုင်အဖြစ် စာရင်းရှိသော ကုမ္ပဏီ၏လက်အောက်ခံကုမ္ပဏီ အပြည့်အဝဖြစ်ခြင်း မဟုတ်ပါက ပူးပေါင်းကုမ္ပဏီအတွင်းပါရှိသော ကုမ္ပဏီတစ်ခုချင်းစီ၏ အကျိုးအမြတ်ရရှိပိုင် ဆိုင်သူ(များ) ကိုထုတ်ပြန်အသိပေးရမည်။ ကုမ္ပဏီတစ်ခုချင်းစီမှပေးသော သတင်း အချက်အ လက်များ၏ တိကျမှန်ကန်မှုအတွက် တာဝန်ယူရမည်ဖြစ်သည်။

(ဆ) အကောင်အထည်ဖော်သော နိုင်ငံများနှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့များသည် ပိုင်ဆိုင်မှု၏ တရား ဝင်ပိုင်ဆိုင်သူများနှင့် ပိုင်ဆိုင်မှုအစုရှယ်ယာများကိုလည်း ထုတ်ပြန်အသိပေးအောင် ဆောင်ရွက် သင့်သည်။

**၂.၆ နိုင်ငံတော်၏ ပါဝင်မှု**

(က) တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်၏ပါဝင်မှုသည် ဝင်ငွေ အဖိုးအခများပေးချေခြင်းကို ဖန်တီးစေပါက အကောင်အထည်ဖော်သောနိုင်ငံများသည် အောက်ပါ တို့ကို ထုတ်ပြန်အသိပေးရမည်။

(၁) ကဏ္ဍအတွင်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့်၊ အစိုးရနှင့် နိုင်ငံပိုင်စီးပွား ရေးလုပ်ငန်းများအကြား ဘဏ္ဍာရေးရာဆက်စပ်မှု (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(များ)နှင့် အစိုးရ အကြား ဘဏ္ဍာရေးဆိုင်ရာ ဆက်ဆံရေးများအား ထိန်းကျောင်းသည့် စည်းမျဉ်းများနှင့် အလေ့ အထများအကြောင်း ရှင်းလင်းချက် - နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(များ)နှင့် နိုင်ငံတော်အကြား

ရန်ပုံငွေများလွှဲပြောင်းမှုများကို ထိန်းကျောင်းသည့် စည်းမျဉ်းများနှင့် အလေ့အထများ၊ ရရှိသောဝင်ငွေများ၊ ပြန်လည်ရင်းနှီးမြှုပ်နှံမှုများနှင့် တတိယပါဝင် ပတ်သက်သူမှဘဏ္ဍာငွေချထားပေးခြင်းသည်။ ၎င်းတွင် လွှဲပြောင်းခြင်းများ၊ ပြန်လည်ရရှိသောဝင်ငွေများ၊ ပြန်လည်ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း အကျိုးတူပူးပေါင်းခြင်းများနှင့် လက်အောက်ခံကုမ္ပဏီများနှင့် သက်ဆိုင်သည့် တတိယပါဝင်ပတ်သက်သူမှ ဘဏ္ဍာငွေချထားပေးခြင်း စသည့်တို့အား ထုတ်ပြန်အသိပေးသင့်သည်။ EITI အကောင်အထည်ဖော်ခြင်းအတွက်မူ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဟူသည် အစိုးရကိုယ်စား တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍတွင် စေ့စပ်လုပ်ဆောင်နေသော အစိုးရမှအပြည့်အဝ သို့မဟုတ် အများစုပိုင်ဆိုင်သည့်ကုမ္ပဏီကိုဆိုလိုပါသည်။ ၎င်းအပေါ်တွင်အခြေခံပြီး သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အနေဖြင့်နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပါယ်အား ဆွေးနွေးမှတ်တမ်းတင်ပြီး ပြည်တွင်းဥပဒေများနှင့် အစိုးရပုံသဏ္ဍာန်အင်္ဂါရပ်များကို ထည့်သွင်းစဉ်းစားရန် အကြံပြုပါသည်။

(၂) အစိုးရနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(များ) မှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ လက်အောက်ခံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းကုမ္ပဏီများအပါအဝင် နိုင်ငံ၏ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းတူးဖော်ရေးကဏ္ဍတွင် လုပ်ကိုင်နေသော သတ္တုတွင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ ကုမ္ပဏီများတွင် အကျိုးအမြတ်ပိုင်ဆိုင်မှုအဆင့်နှင့်၊ အစီရင်ခံစဉ်ကာလအတွင်း ၎င်းတို့ အကျိုးအမြတ်ပိုင်ဆိုင်မှုအဆင့် အပြောင်းအလဲများစသည်တို့ကို ထုတ်ပြန်အသိပေး ခြင်း။

ယင်းသတင်းအချက်အလက်များတွင် စီမံကိန်းသက်တမ်းတစ်လျှောက် အဆင့်အမျိုးမျိုးတို့၌ ကျခံပေးရသည့်ကုန်ကျစရိတ်အတွက် ၎င်းတို့၏တာဝန်ရှိမှုအဆင့်များ၊ ဥပမာ - အပြည့်အဝ ပေးချေသော အစုရှယ်ယာများ၊ လွတ်လပ်သော အစုရှယ်ယာနှင့် ဆက်လက်ထားရှိထားသော အတိုး၊ စသည်တို့အပါအဝင် ၎င်းတို့၏အစုနှင့် ဆက်စပ်နေသောသတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့်အသေးစိတ်အချက်အလက်များစသည်တို့ပါဝင်သင့်သည်။အစီရင်ခံကာလအတွင်း အစိုးရ သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(များ) ပိုင်ဆိုင်မှုအဆင့် အပြောင်းအလဲ တစ်စုံတစ်ရာရှိပါက အစိုးရ သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(များ) အနေဖြင့် တန်ဖိုးဖြတ်ခြင်းနှင့် အခွန်များစသည်တို့နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များအပါအဝင် လုပ်ငန်း

လွှဲပြောင်းလုပ်ဆောင်ချက်များ၏ သတ်မှတ်ချက်များအကြောင်း ထုတ်ပြန်အသိပေးရန်လိုအပ်ပါသည်။ အစိုးရနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(များ) အနေဖြင့် နိုင်ငံတွင်း လုပ်ကိုင်နေသော သတ္တုတွင်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ ကုမ္ပဏီများအား ချေးငွေများ သို့မဟုတ် ချေးငွေအာမခံချက်များပေးထားပါက ချေးငွေသက်တမ်းနှင့် ကန့်သတ် သတ်မှတ်ချက်များ (ပြန်လည်ပေးဆပ်ရန်အချိန်ဇယားနှင့် အတိုးနှုန်းစသည်) တို့အပါအဝင် ၎င်းအကြောင်းအရာများနှင့် ဆက်စပ်သော အသေးစိတ်အချက်အလက်များအား ထုတ်ပြန်အသိပေးသင့်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့အနေဖြင့် စီးပွားရေးချေးငွေချပေးခြင်း သတ်မှတ်ချက်များနှင့် ချေးငွေသတ်မှတ်ချက်များကို နှိုင်းယှဉ်လိုကနှိုင်းယှဉ်နိုင်သည်။

(ခ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အနေဖြင့် စာရင်းစစ်ထားသော ၎င်းတို့၏ဘဏ္ဍာရေးဆိုင်ရာ ပြန်တမ်းများ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာပြန်တမ်းများမရရှိနိုင်ပါက အဓိကဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ (လက်ကျန်ရှင်းတမ်း၊ အမြတ်/အရှုံး စာရင်း၊ ငွေသားစီးဆင်းမှု) စသည်တို့ကို အများပြည်သူ သိရှိအောင်ထုတ်ပြန်အသိပေးရန် မျှော်လင့်သည်။

(ဂ) အကောင်အထည်ဖော်သောနိုင်ငံများသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ လည်ပတ်ခြင်းနှင့် မတည်ငွေအသုံးစရိတ်များ၊ ဝယ်ခြမ်းခြင်းများ၊ ထပ်ဆင့်စာချုပ်ချုပ်ဆိုခြင်းများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ဥပမာ - ဖွဲ့စည်းပုံနှင့် ညွှန်ကြားရေးမှူးများဘုတ်အဖွဲ့ခန့်အပ်ခြင်း၊ ဘုတ်အဖွဲ့၏လုပ်ပိုင်ခွင့်တာဝန်နှင့် ကျင့်ဝတ်များ၊ စသည်တို့နှင့် သက်ဆိုင်သော စည်းမျဉ်းများနှင့် အလေ့အထများအား ဖော်ပြရန် တိုက်တွန်းပါသည်။

## လိုအပ်ချက် ၃

### စမ်းသပ်တိုင်းတာခြင်းနှင့် ထုတ်လုပ်ခြင်း

**အချုပ်ဖော်ပြချက်** - EITI တွင် ကဏ္ဍ၏ အနာဂါတ်အလားအလာကို ပါဝင်သက်ဆိုင်သူများ နားလည်သဘောပေါက်စေရန် စမ်းသပ်တိုင်းတာခြင်းနှင့် ထုတ်လုပ်ခြင်းတို့နှင့် စပ်လျဉ်းသော သတင်းအချက်အလက်များအား ထုတ်ပြန်အသိပေးရန်လိုအပ်သည်။ စမ်းသပ်တိုင်းတာခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုနှင့်စပ်လျဉ်းသည့် EITI လိုအပ်ချက်များတွင် - (၃.၁) စမ်းသပ်တိုင်းတာခြင်း လုပ်ဆောင်ချက်များဆိုင်ရာ သတင်းအချက်အလက်များ၊ (၃.၂) ထုတ်လုပ်ခြင်း ဒေတာအချက်အလက်များနှင့် (၃.၃) တင်ပို့ကုန်ဒေတာအချက်အလက်များတို့ ပါဝင်သည်။

#### ၃.၁ စမ်းသပ်တိုင်းတာခြင်း

အကောင်အထည်ဖော်လျက်ရှိသောနိုင်ငံများသည် သိသာထင်ရှားသော မည်သည့် စမ်းသပ်တိုင်းတာခြင်း လုပ်ဆောင်ချက်များမဆိုအပါအဝင် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၏ခြုံငုံဖော်ထုတ်ချက်တို့ကို ထုတ်ပြန်အသိပေးသင့်သည်။

#### ၃.၂ ထုတ်လုပ်ခြင်း

အကောင်အထည်ဖော်သော နိုင်ငံများသည် ထုတ်လုပ်သည့် ပမာဏများနှင့် ထုတ်ကုန်ပစ္စည်းအလိုက် တန်ဖိုးများအပါအဝင် ထုတ်လုပ်ခြင်းဆိုင်ရာဒေတာအချက်အလက်များကို အချိန်နှင့်တပြေးညီ ထုတ်ပြန်အသိပေးရမည်ဖြစ်သည်။ ယင်းဒေတာအချက်အလက်များတွင် ဒေသ၊ ကုမ္ပဏီ သို့မဟုတ် စီမံကိန်းအလိုက် တဖန်ပြန်လည်ခွဲခြားဖော်ပြနိုင်ပြီး ထုတ်လုပ်သည့်ပမာဏနှင့် တန်ဖိုးများအား တွက်ချက်ရန် အရင်းအမြစ်များနှင့် နည်းလမ်းများပါဝင်နိုင်သည်။

### ၃.၃ တင်ပို့ကုန်များ

အကောင်အထည်ဖော်သောနိုင်ငံများသည် တင်ပို့သည့် ပမာဏနှင့် ပစ္စည်းအလိုက် တန်ဖိုးများ အပါ အဝင် တင်ပို့သည့်ဒေတာအချက်အလက်များကို အချိန်နှင့်တပြေးညီ ထုတ်ပြန်အသိပေး ရမည်ဖြစ်သည်။ ယင်းဒေတာအချက်အလက်များတွင် ဒေသ၊ ကုမ္ပဏီ သို့မဟုတ် စီမံကိန်းအလိုက် တဖန်ပြန်လည်ခွဲခြားဖော်ပြနိုင်ပြီး ထုတ်လုပ်သည့် ပမာဏနှင့်တန်ဖိုးများအား တွက်ချက်ရန် အရင်းအမြစ်များနှင့် နည်းလမ်းများပါဝင်နိုင်သည်။

## လိုအပ်ချက် ၄

### အခွန်ကောက်ခံခြင်း

**အချုပ်ဖော်ပြချက်** - ကုမ္ပဏီများ၏ပေးချေမှုများနှင် အစိုးရအခွန်များအကြောင်း သိရှိနားလည်ခြင်းသည် အများပြည်သူအား တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုအကြောင်း အချေအတင် ဆွေးနွေးပြောဆိုအောင်အသိပေးနိုင်သည်။ EITI သည် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ကုမ္ပဏီများ၏ပေးချေမှုများနှင့် အစိုးရအခွန်များအကြောင်း ဘက်စုံသိရှိနားလည်လွယ်အောင် ထုတ်ပြန်အသိပေးရန် လိုအပ်သည်။ အခွန်ကောက်ခံခြင်းနှင့်ဆိုင်သော EITI လိုအပ်ချက်များတွင် - (၄.၁) အခွန်အခများနှင့် ဝင်ငွေများအား ဘက်စုံခြုံငုံပြီးသိရှိနားလည်လွယ်အောင် ထုတ်ပြန်အသိပေးခြင်း၊ (၄.၂) နိုင်ငံ၏ ထုတ်လုပ်ရေး အစုရှယ်ယာရောင်းချမှု သို့မဟုတ် အမျိုးအစားအားဖြင့် ကောက်ခံရရှိသော အခွန်များ၊ (၄.၃) အဆောက်အဦများအထောက်အပံ့ပေးခြင်းနှင့် ကုန်သွယ်ဖလှယ်မှု စီစဉ်ထားရှိချက်များ၊ (၄.၄) သယ်ယူပို့ဆောင်ရေးဝင်ငွေများ၊ (၄.၅) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းလုပ်ဆောင်ချက်များ၊ (၄.၆) တိုင်းနှင့်ပြည်နယ် အဆင့် ငွေပေးချေမှုများ၊ (၄.၇) အမျိုးအစားအလိုက်ခွဲခြားဖော် ပြမှုအဆင့်၊ (၄.၈) ဒေတာအချက်အလက်အချိန်ဇယားများ နှင့် (၄.၉) ထုတ်ပြန်အသိပေးချက်များ၏ ဒေတာအချက်အလက် အရည်အသွေး - စသည်တို့ပါဝင်သည်။

### ၄.၁ အခွန်အခများနှင့် ဝင်ငွေများအား ဘက်စုံခြုံငုံပြီးသိရှိနားလည်လွယ်အောင် ထုတ်ပြန်အသိပေးခြင်း

(က) EITI သည် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းကုမ္ပဏီများမှ အစိုးရထံသို့ ပစ္စည်းဖြင့်ပေးချေမှုများအားလုံး ("ပေးချေမှုများ")နှင့် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းကုမ္ပဏီများထံမှ အစိုးရကလက်ခံရရှိသော အထင်ကရအရေးပါစွာရရှိသည့် ဝင်ငွေများ ("အခွန်များ") အားလုံးကို အများပြည်သူအမြောက်အများရယူလက်လှမ်းမီနိုင်သော၊ ဘက်စုံအကြောင်းစုံဖြစ်သောနှင့် သိရှိနားလည်လွယ်သောအနေအထားဖြင့် ထုတ်ပြန်အသိပေးရန်လိုအပ်သည်ဖြစ်သည်။ မျှော်လင့်သည်မှာ အကောင်အထည်ဖော်သောနိုင်ငံများသည် လိုအပ်သော သတင်းအချက်အလက်များအား ပုံမှန်လုပ်ရိုးလုပ်စဉ် အစိုးရနှင့်ကော်ပိုရိတ်စီးပွားရေးလုပ်ငန်းအစီရင်ခံခြင်း (ဝက်ဘ်ဆိုက်များ၊ နှစ်ပတ်လည် အစီရင်ခံစာများ စသည်) မှတဆင့် ယင်းသတင်းအချက်အလက်များအား ပေါင်းစပ်ထည့်သွင်းရန်နှင့် ကွာဟချက်များနှင့် ဒေတာအရည်အသွေးများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ရန်အသုံးပြုသည့် EITI အစီရင်ခံစာများဖြင့် ထုတ်ပြန်အသိပေးရန်ဖြစ်သည်။

(ခ) သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် သင့်တော်သော ပစ္စည်းဖြစ်မြောက်မှု အဓိပ္ပါယ်နှင့် ကိန်းဂဏန်းပိုင်းဖြတ်ခြင်းစသည်တို့အပါအဝင် မည်သည့်ပေးချေမှုများနှင့် အခွန်များသည် အထင်ကရကြီးမားသောပေးချေမှုများဖြစ်သည် စသည်တို့အပေါ်သဘောတူညီရန်နှင့် ထုတ်ပြန်အသိပေးရန် လိုအပ်သည်။ ပေးချေမှုများနှင့် အခွန်များကို ပျက်ကွက်ခြင်း သို့မဟုတ် လွဲမှားထုတ်ပြန်ဖော်ပြခြင်းအားဖြင့် ထုတ်ပြန်အသိပေးခြင်း၏ ဘက်စုံခြုံငုံနိုင်စွမ်းအပေါ် သိသာထင်ရှားစွာသက်ရောက်မှုရှိလျှင် ၎င်းတို့အား အထင်ကရကြီးမားသည်ဟု သတ်မှတ်ပါသည်။ အခွန်စီးဆင်းမှုလမ်းကြောင်း တစ်ခုချင်းစီ၊ သက်ဆိုင်သော အထင်ကရကြီးမားဖြစ်မြောက်မှုအဓိပ္ပါယ်နှင့် ကိန်းဂဏန်းပိုင်းဖြတ်ခြင်း စသည်တို့အကြောင်းကို ထုတ်ပြန်အသိပေးသင့်သည်။ အထင်ကရကြီးမားဖြစ်မြောက်မှုနှင့် ကိန်းဂဏန်း ပိုင်းဖြတ်ခြင်းတို့ကို ဖော်ဆောင်ရာတွင် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် စုစုပေါင်းအခွန်နှင့် ဆက်စပ်သည့် အခွန်စီးဆင်းမှုလမ်းကြောင်းများ၏ အရွယ်အစားတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် စဉ်းစားလိုက်သော ရွေးချယ်မှုများနှင့် အဓိပ္ပါယ်နှင့် ကိန်းဂဏန်းပိုင်းဖြတ်ခြင်းတို့အတွက် အကြောင်းပြချက်များတို့ကို မှတ်တမ်းတင်ထားသင့်သည်။

(ဂ) အောက်ပါ အခွန်ဝင်ငွေစီးဆင်းမှုလမ်းကြောင်းများကို ထည့်သွင်းသင့်သည်။

၁။ လက်ခံလုပ်ဆောင်သော အစိုးရ၏ ထုတ်လုပ်မှုရပိုင်ခွင့်များ (အကျိုးအမြတ်ရ ဓါတ်ဆီ စသည်)

၂။ အမျိုးသား နိုင်ငံပိုင်ထုတ်လုပ်ရေးလုပ်ငန်း ရပိုင်ခွင့်များ

၃။ အမြတ်ခွန်များ

၄။ မူပိုင်ခများ

၅။ အစုပေါ်အမြတ်များ

၆။ လက်မှတ်ရေးထိုးချုပ်ဆိုခြင်း၊ တွေ့ရှိခြင်း၊ ထုတ်လုပ်ရေး အပိုဆုကြေးများ စသည့် အပိုဆုကြေးများ

၇။ လိုင်စင်အခများ၊ ငှားရမ်းခများ၊ ဝင်ကြေးများနှင့် လိုင်စင်နှင့်/သို့ လုပ်ဆောင်ခွင့်များအတွက် အခြားစဉ်းစားမှုများ

၈။ အစိုးရထံ အခြားပေးချေမှုများနှင့် အထင်ကရ ရေနံအကျိုးအမြတ်များ

မည်သည့် ဝင်ငွေစီးဆင်းမှုလမ်းကြောင်းများ သို့မဟုတ် အကျိုးအမြတ်များကိုမဆို အကျုံးမဝင်မှု သို့မဟုတ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ၎င်းတို့အားမထည့်တွက်ခြင်းအားဖြင့် အစိုးရနှင့် ကုမ္ပဏီများ ထုတ်ပြန်အသိပေးခြင်း၏ ဘက်စုံခြုံငုံနားလည်နိုင်မှုအပေါ် ရုပ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုမရှိ ဟုသဘောတူညီမှုသာ ဖယ်ကျဉ်ထားသင့်သည်။

(ဃ) အကောင်အထည်ဖော်သောနိုင်ငံများသည် ရေနံ၊ ဓါတ်ငွေ့နှင့် သတ္တုတွင်းကုမ္ပဏီများထံမှ ပစ္စည်းအားဖြင့် ဝင်ငွေများကိုလက်ခံရရှိနေသော အစိုးရဘက်ဆိုင်ရာများအနေဖြင့် ယင်းဝင်ငွေများအား သဘောတူညီထားသော အတိုင်းအဆအတွင်းမှ ဘက်စုံခြုံငုံနားလည်လွယ်အောင် ထုတ်ပြန်အသိပေးရန်လိုအပ်ကြောင်း သေချာအောင်ဆောင်ရွက်ရမည်ဖြစ်သည်။ အစိုးရပိုင်းဆိုင်ရာများသည် ၎င်းတို့၏ ဝင်ငွေများမှာ အထင်ကရကြီးမားစွာရရှိခြင်းမဟုတ်ကြောင်း ပြသနိုင်မှသာလျှင် ခြွင်းချက်

အဖြစ် ထုတ်ပြန်အသိမပေးပဲလုပ်ဆောင်နိုင်သည်ဖြစ်သည်။

သိသာထင်ရှားသော လက်တွေ့ပိုင်းဆိုင်ရာ အခက်အခဲများရှိသည်မဟုတ်ပါက အစိုးရသည် သဘောတူညီထားသော ကိန်းဂဏန်းပိုင်းဖြတ်ခြင်းအောက် ကျရောက်သည့် အခွန်များအပါအဝင် EITI အကောင်အထည်ဖော်ခြင်း အတိုင်းအဆတွင်သဘောတူညီထားသည့် အကျိုးအမြတ်ရရှိမှု လမ်းကြောင်းတစ်ခုချင်းစီမှ လက်ခံရရှိသည့် စုစုပေါင်းဝင်ငွေပမာဏ၏ အမျိုးအစားအလိုက်သီးခြား သတင်းအချက်အလက်များ ပံ့ပိုးပေးရန် ထပ်မံလိုအပ်မည်ဖြစ်သည်။ ယင်း ဒေတာအချက်အလက်များ မရရှိနိုင်ပါက လွတ်လပ်သောစီမံအုပ်ချုပ်သူသည် စုစုပေါင်း အစိုးရဝင်ငွေများ၏ ဘက်စုံခြုံငုံသော စာရင်းကိုပေးအပ်နိုင်ရန် သက်ဆိုင်ရာဒေတာ အချက်အလက်များအပေါ် အခြေခံပြီးအခြားအရင်းအမြစ်များထံမှ ရယူခန့်မှန်းပေးသင့်သည်။

အစိုးရထံသို့ ပစ္စည်းအားဖြင့် ပေးချေမှုများလုပ်နေသော ရေနံ၊ ဓါတ်ငွေ့နှင့် သတ္တုတွင်းကုမ္ပဏီအားလုံးသည် သဘောတူညီထားသောအတိုင်းအဆနှင့်အညီ ယင်းပေးချေမှုများအား ဘက်စုံခြုံငုံအောင် ထုတ်ပြန်အသိပေးရန်လိုအပ်သည်ဖြစ်သည်။ ပေးချေမှုများသည် ပစ္စည်းအားဖြင့်မဟုတ်ကြောင်း ပြသနိုင်မှသာလျှင် ကုမ္ပဏီတစ်ခုအား ထုတ်ပြန်အသိမပေးရန် ခြွင်းချက်ထားရှိပေးနိုင်သည်။

(င) ကုမ္ပဏီများသည် ၎င်းတို့၏ စာရင်းစစ်ထားသော ဘဏ္ဍာရေးရာပြန်တမ်းများ သို့မဟုတ် ဘဏ္ဍာရေး ရာပြန်တမ်းများမရရှိနိုင်ပါက အဓိက အချက်အလက်များ (လက်ကျန်စာရင်း၊ အမြတ်/အရှုံး ထုတ်ပြန်ချက်၊ ငွေသားစီးဆင်းမှုများ စသည်) တို့ကို အများပြည်သူသိရှိအောင်ထုတ်ပြန်အသိပေးရန် မျှော်မှန်းသည်။

## ၄.၂ နိုင်ငံ၏ ထုတ်လုပ်ရေးအစုရှယ်ယာ ရောင်းချမှု သို့မဟုတ် အမျိုးအစားအားဖြင့်ကောက်ခံရရှိ သော အခြားအခွန်များ

(က) နိုင်ငံ၏ ရေနံ၊ ဓါတ်ငွေ့နှင့်/သို့မဟုတ် သတ္တုတွင်းထွက်အရင်းအမြစ်များ ထုတ်လုပ်ရေးအစုရှယ်ယာရောင်းချမှု သို့မဟုတ် အမျိုးအစားအားဖြင့်ကောက်ခံရရှိသော အခြားဝင်ငွေများသည် အထင်ကရအများအပြားအားဖြင့်ဖြစ်ပါကနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပါအဝင်အစိုးရသည်နိုင်ငံတော်

(သို့မဟုတ် အစိုးရကိုယ်စားရောင်းချရန် အစိုးရမှခန့်အပ်ထားသော တတိယပါဝင်ပတ်သက်သူပါတီများ) မှ လက်ခံရရှိသောနှင့် ရောင်းချလိုက်သော ထုထည်ပမာဏများ၊ ရောင်းချမှုမှလက်ခံရှိသော အခွန်ဝင်ငွေများ၊ ရောင်းချလိုက်သော ရေနံ၊ ဓါတ်ငွေ့နှင့် သတ္တုတွင်းထွက်များမှရရှိသည့် အစိုးရသို့လွှဲပြောင်း ပေးလိုက်သောအခွန်များ စသည်တို့ကို ထုတ်ပြန်အသိပေးရန်လိုအပ်သည်။ ယင်းတွင် အကျုံးဝင်ပါက ဖလှယ်ခြင်းသဘောတူညီချက်များနှင့် အရင်းအမြစ် ကျောထောက်နောက်ခံပေးအပ်ထားသော ချေးငွေများနှင့် သက်ဆိုင်သည့် (ငွေသားဖြင့် သို့မဟုတ် ကုန်ပစ္စည်းအမျိုးအစားအားဖြင့်) ပေးချေခြင်းများလည်း ပါဝင်သင့်သည်။

ထုတ်ပြန်ထားသော ဒေတာအချက်အလက်များကို တစ်သီးပုဂ္ဂလဝယ်ယူသောကုမ္ပဏီမှ အမျိုးအစားအလိုက်နှင့် အခြားပေးချေမှုများနှင့် ဝင်ငွေစီးဆင်းမှုလမ်းကြောင်းများ (၄.၇) အားအစီရင်ခံခြင်းနှင့် ကိုက်ညီသောအဆင့်အထိ ခွဲခြားဖော်ပြထားရမည်ဖြစ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များအနေဖြင့် ဝယ်ယူသောကုမ္ပဏီများနှင့် တိုင်ပင်ဆွေးနွေးပြီး တစ်သီးပုဂ္ဂလရောင်းချမှုများ၊ ထုတ်ကုန်အမျိုးအစားနှင့် ဈေးနှုန်းအလိုက် ခွဲခြားပြီးထုတ်ပြန်အသိပေးသင့်မသင့် စဉ်းစားရန်မျှော်လင့်သည်။

ထုတ်ပြန်အသိပေးချက်များတွင် ရောင်းချလိုက်သော ထုတ်ကုန်အားပိုင်ဆိုင်မှုနှင့် စာချုပ်၏သဘောသဘာဝ (ဥပမာ – တစ်ကြိမ်တည်း သို့မဟုတ် သက်တမ်းအလိုက်) တို့ပါဝင်နိုင်သည်။

(ခ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပါအဝင် အကောင်အထည်ဖော်သောနိုင်ငံများအနေဖြင့် ဝယ်ယူသောကုမ္ပဏီများအားရွေးချယ်သည့်ဖြစ်စဉ်၊ ရွေးချယ်ရန်အသုံးပြုသည့် နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးရာစံနှုန်းများ၊ ရွေးချယ်လိုက်သော ဝယ်ယူသည့်ကုမ္ပဏီများစာရင်း၊ ဝယ်ယူသောကုမ္ပဏီများအားရွေးချယ်ခြင်းကို ထိန်းကျောင်းသည့် သက်ဆိုင်ရာ တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာမူဘောင်များမှ ရုပ်ပိုင်းဆိုင်ရာသွေဖီခြင်းများနှင့် သက်ဆိုင်ရာ ရောင်းချမှုသဘောတူညီချက်များ စသည့်အကြောင်းအရာများအား ထုတ်ပြန်အသိပေးရန် အားပေးပါသည်။

(ဂ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (သို့မဟုတ် ကိုယ်စားရောင်းချရန် နိုင်ငံတော်မှ ခန့်အပ်ထားသော တတိယပါဝင်ပတ်သက်သူများ) အပါအဝင် ရေနံ၊ ဓါတ်ငွေ့နှင့် သတ္တုတွင်းထွက် အရင်းအမြစ်များအားဝယ်ယူသည့် ကုမ္ပဏီများသည် နိုင်ငံတော် သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှလက်

ခံရရှိသည့် ထုထည်ပမာဏများ၊ ရေနံ၊ ဓါတ်ငွေ့နှင့် / သို့မဟုတ် တွင်းထွက်အရင်းအမြစ်များအားဝယ်ယူခြင်းအတွက်ပေးချေမှုများအား ထုတ်ပြန်အသိပေးရန် အားပေးပါသည်။ ယင်းတွင် ဖလှယ်ခြင်းသဘောတူညီချက်များ နှင့် အရင်းအမြစ်ကျောထောက်နောက်ခံပေးအပ်ထားသော ချေးငွေများနှင့်သက်ဆိုင်သည့် (ငွေသားဖြင့် သို့မဟုတ် ကုန်ပစ္စည်းအမျိုးအစားအားဖြင့်) ပေးချေခြင်းများလည်းပါဝင်နိုင်သည်။

ထုတ်ပြန်ထားသောဒေတာအချက်အလက်များကို တစ်သီးပုဂ္ဂလရောင်းချသူ၊ စာချုပ် သို့မဟုတ်ရောင်းချမှုအလိုက် အမျိုးအစားခွဲခြားဖော်ပြနိုင်သည်။

ရောင်းချမှုတစ်ခုချင်းစီအတွက် ထုတ်ပြန်အသိပေးချက်များတွင် စာချုပ်၏သဘောသဘာဝ (ဥပမာ - တစ်ကြိမ်တည်း သို့မဟုတ် သက်တမ်းအလိုက်) အကြောင်း သတင်းအချက်အလက်များနှင့် ကမ်းကူးပို့ကုန်ပမာဏ စသည်တို့ပါဝင်နိုင်သည်။

(ဃ) ဒေတာအချက်အလက် ယုံကြည်ကိုးစားနိုင်မှုနှင့်သက်ဆိုင်သော စိုးရိမ်မှုများရှိပြီး လက်တွေ့အားဖြင့်လုပ်ဆောင်နိုင်ပါက သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် ထုတ်ပြန်အသိပေးလိုက်သည့်သတင်းအချက်အလက်များအတွင်း မည်သည့်ကွာဟချက်များ၊ ရှေ့နောက်ကျိုးကြောင်းမညီညွတ်မှုများနှင့်မှုမမှန်မှုများကိုမဆို ဖြေရှင်းလုပ်ဆောင်ရန် ထပ်ဆင့်ကြိုးပမ်းဆောင်ရွက်ရန်စဉ်းစားသင့်သည်။

## ၄.၃ အဆောက်အဦအထောက်အပံ့ပေးခြင်းများနှင့် ကုန်သွယ်ဖလှယ်မှုစီစဉ်ထားရှိချက်များ

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် (ချေးငွေများ၊ ရန်ပုံငွေများ၊ အဆောက်အဦလုပ်ငန်းများအပါအဝင်) ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများပေးအပ်ခြင်းနှင့်ပတ်သက်သည့် သဘောတူညီချက်များ သို့မဟုတ် သဘောတူညီချက်အစုံများ၊ ရေနံ၊ဓါတ်ငွေ့နှင့် သတ္တုတွင်းစမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းလုပ်ပိုင်ခွင့်များ သို့မဟုတ် ယင်းကုန်ပစ္စည်းများအား ရုပ်ပိုင်းဆိုင်ရာပေးပို့ခြင်းအတွက် အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖလှယ်ခြင်း၊ စသည်တို့ရှိမရှိ စဉ်းစားရန်လိုအပ်သည်။ ယင်းသို့လုပ်ဆောင်နိုင်ရန်မှာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် သက်ဆိုင်ရာ သဘောတူညီချက်များနှင့် စာချုပ်များ၏သက်တမ်းများ၊ ပါဝင်ပတ်သက်သော အဖွဲ့အစည်းများ၊ နိုင်ငံတော်မှ ကတိပြုထားသည့် အရင်းအမြစ်များ၊

အကျိုးအမြတ်ရရှိမှုလမ်းကြောင်းများချိန်ညှိခြင်း၏တန်ဖိုးများ (ဥပမာ – အဆောက်အဦလုပ်ငန်းများ)နှင့် သမရိုးကျစာချုပ်များ နှင့် ဆက်စပ်သည့်ယင်းသဘော တူညီချက်များ၏ ရုပ်ပိုင်းဆိုင်ရာဥစ္စာဓန – စသည် တို့ကို အပြည့်အဝနားလည်သဘောပေါက်ရန်လို အပ်သည်။

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ယင်းသဘောတူညီချက်များသည် အထင်ကရကြီးမားသည်ဟု ကောက် နှုတ်ချက်ချပါက သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အနေဖြင့် EITI အကောင်အထည်ဖော်ခြင်းသည် ယင်းသဘောတူညီချက်များနှင့် ထုတ်ပြန်အသိပေးချက်များသည် အခြားပေးချေမှုများနှင့် ဝင်ငွေစီးဆင်း မှုလမ်းကြောင်း များအတွက် ဖော်ပြသောအဆင့်နှင့် ကိုက်ညီသော အသေးစိတ်နှင့် အမျိုးအစားအလိုက် ခွဲခြားဖော်ပြမှုများအပေါ် ဖြေရှင်းလုပ်ဆောင်မှုရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်လိုအပ်သည်။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် အထက်တွင်ဖော်ပြထားသောသတင်း အချက်အလက်များ၏ ဒေတာ အချက်အလက်အရည်အသွေးနှင့် စေ့စပ်သေချာမှုတို့ကို လိုအပ်ချက် ၄.၉ နှင့်အညီ ဖြေရှင်းလုပ်ဆောင် ရန်လုပ်ထုံးလုပ်နည်းတစ် ရပ်အပေါ် သဘောတူညီဆောင်ရွက်ရန် လိုအပ်သည်။

### ၄.၄ သယ်ယူပို့ဆောင်ရေးဝင်ငွေများ

ရေနံ၊ဓါတ်ငွေ့နှင့်တွင်းထွက်အရင်းအမြစ်များအားသယ်ယူပို့ဆောင်ခြင်းမှရရှိသည့်အခွန်ဝင်ငွေ များသည် အထင်ကရကြီးမားပါက အစိုးရနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် လက်ခံရရှိသော အခွန်များအားထုတ်ပြန်အသိပေးရန် မျှော်လင့်သည်။ ထုတ်ပြန်သောဒေတာအချက်အလက်များသည် အခြားပေးချေမှုများနှင့် ဝင်ငွေစီးဆင်းမှုလမ်းကြောင်းများ (၄.၇) အတွက်ဖော်ပြသော အသေးစိတ်မှုနှင့် အမျိုးအစားလိုက်ခွဲခြားဖော်ပြမှုအဆင့်နှင့် ကိုက်ညီမှုရှိရမည်ဖြစ်သည်။ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့သည် သယ်ယူပို့ဆောင်ရေး အခွန်ဝင်ငွေများဆိုင်ရာ သတင်းအချက်အလက်များ၏ ဒေတာအချက်အလက် အရည်အသွေးနှင့် စေ့စပ်သေချာမှုတို့ကို လိုအပ်ချက် ၄.၉ နှင့်အညီ ဖြေရှင်းလုပ်ဆောင်ရန် လုပ်ထုံးလုပ် နည်းတစ်ရပ်အပေါ် သဘောတူညီဆောင်ရွက်ရန်လိုအပ်သည်။

အကောင်အထည်ဖော်သောနိုင်ငံများသည် –

၁။ ထုတ်ကုန်၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း(များ)၊ သယ်ယူပို့ဆောင်ရေးတွင်ပါဝင်ပတ်သက်

သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(များ) အပါအဝင် သက်ဆိုင်ရာ ကုမ္ပဏီများနှင့် အစိုးရဆိုင်ရာများ စသည်တို့အပါအဝင် သယ်ယူပို့ဆောင်ရေးစီစဉ်ထားရှိချက်များအကြောင်းဖော်ပြချက်

၂။ သက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးအခွန်အခများ၊ ကုန်စည်စည်းကြပ်ခွန်များ သို့မဟုတ် အခြားပေးချေမှုများ၏ အဓိပ္ပါယ်သတ်မှတ်ချက်များနှင့် ယင်းတို့ကိုတွက်ချက်ရန်အသုံးပြုသည့်နည်းလမ်းများ

၃။ ကုန်စည်စည်းကြပ်ခွန်နှုန်းထားများနှင့် သယ်ယူပို့ဆောင်သည့် ကုန်စည်ပစ္စည်းများ၏ထုထည်ပမာဏအကြောင်း ထုတ်ပြန်အသိပေးချက်များ

၄။ အစိုးရဌာနဆိုင်ရာများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(များ)မှ ရေနံ၊ ဓါတ်ငွေ့နှင့် သတ္တုတွင်းထွက်များသယ်ယူပို့ဆောင်ရေးနှင့်စပ်လျဉ်းပြီး ရရှိသည့်အခွန်ဝင်ငွေများအကြောင်း ထုတ်ပြန်အသိပေးချက်များ

- စသည်တို့ကို ထုတ်ပြန်အသိပေးနိုင်သည်။

### ၄.၅ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(များ)နှင့် သက်ဆိုင်သည့် လုပ်ငန်းလုပ်ဆောင်ချက်များ

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အစီရင်ခံသည့်လုပ်ငန်းစဉ်သည် ကုမ္ပဏီများမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသို့ အထင်ကရအကြီးအမားပေးချေမှုများ၊ အစိုးရဌာနဆိုင်ရာများသို့နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှလွှဲပြောင်းပေးခြင်းများ၊ အစိုးရမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသို့ လွှဲပြောင်းပေးခြင်းများဆိုင်ရာ ဘက်စုံခြုံငုံနားလည်နိုင်သောနှင့် ယုံကြည်ကိုးစား နိုင်သောထုတ်ပြန်အသိပေးချက်များ အပါအဝင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏အခန်းကဏ္ဍကို ဘက်စုံခြုံငုံပြီး ထည့်သွင်းလုပ်ဆောင်ရန် လိုအပ်သည်။

### ၄.၆ တိုင်းနှင့်ပြည်နယ်အဆင့် ပေးချေမှုများ

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် သဘောတူညီထားသော အကျိုးအမြတ်စီးဆင်းမှုများ၏ အတိုင်းအဆအတွင်း ကုမ္ပဏီများမှ တိုင်းနှင့်ပြည်နယ်အဆင့် အစိုးရဌာနဆိုင်ရာများထံသို့တိုက်ရိုက်

ပေးချေမှု များသည်အထင်ကရအကြီးအမား ဟုတ်မဟုတ် ဖော်ဆောင်ရန်လိုအပ်ပါသည်။ အထင်ကရ အကြီး အမားပေးချေခြင်းဖြစ်ပါက သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် ကုမ္ပဏီများမှ တိုင်းနှင့် ပြည်နယ် အဆင့်အစိုးရဌာနဆိုင်ရာများသို့ပေးချေမှုများနှင့်ယင်းပေးချေမှုများအားလက်ခံရရှိခြင်းအကြောင်းအရာ တို့ကို ထုတ်ပြန်အသိပေးကြောင်း သေချာအောင် ဆောင်ရွက်ရန်လိုအပ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့သည် တိုင်းနှင့်ပြည်နယ်အဆင့် ပေးချေမှုများဆိုင်ရာ သတင်းအချက်အလက်များ၏ ဒေတာအချက် အလက်အရည်အသွေးနှင့် စေ့စပ်သေချာမှုတို့ကို လိုအပ်ချက် ၄.၉ နှင့်အညီ ဖြေရှင်းလုပ်ဆောင်ရန် လုပ် ထုံးလုပ်နည်းတစ်ရပ်အပေါ် သဘောတူညီ ဆောင်ရွက်ရန် လိုအပ်သည်။

### ၄.၇ အမျိုးအစားအလိုက်ခွဲခြားဖော်ပြမှု၏အဆင့်

စီမံကိန်း၊ ကုမ္ပဏီ၊ အစိုးရဌာနဆိုင်ရာနှင့် အခွန်ဝင်ငွေစီးဆင်းမှုလမ်းကြောင်း တစ်ခုချင်းစီ အလိုက် EITI ဒေတာအချက်အလက်များအား ခွဲခြားဖော်ပြရန်လိုအပ်သည်။

စီမံကိန်းဟူသည် စာချုပ်၊ လိုင်စင်၊ အငှားစာချုပ်၊ လုပ်ဆောင်ခွင့် သို့မဟုတ် အလားတူဥပဒေ ဆိုင်ရာသဘောတူညီချက်တစ်ခုဖြင့် ထိန်းကျောင်းအပ်သော လုပ်ငန်းလည်ပတ်ဆောင်ရွက်ချက်များ ဖြစ်ပြီး အစိုးရနှင့် ပေးချေမှုတာဝန်ရှိသောအချေကိုဖြစ်ပေါ်စေသည့်အရာဟု အဓိပ္ပါယ်ရပါသည်။ သို့သော် လည်း တစ်ခုထက်ပိုသည့် ယင်းသို့သောသဘောတူညီချက်များသည် တစ်ခုနှင့်တစ်ခု သိသာထင်ရှားစွာ ပတ်သက်ဆက်နွှယ်နေပါက သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် မည်သည့်အရာများအား တစ်ခုတည်း ဖြစ် သောစီမံကိန်းဖြစ်ကြောင်း ရှင်းလင်းတိကျစွာဖော်ထုတ်ပြီး မှတ်တမ်းတင်ရမည်ဖြစ်သည်။

သိသာထင်ရှားစွာ ပတ်သက်ဆက်နွှယ်နေသော သဘောတူညီချက်များ ဟုဆိုရာတွင် လုပ်ငန်း ပိုင်း ဆိုင်ရာနှင့် ပထဝီအနေအထားဆိုင်ရာ ပေါင်းစပ်ဆက်စပ်နေသည့် စာချုပ်များ၊ လိုင်စင်များ၊ အငှား စာချုပ်များ သို့မဟုတ် လုပ်ဆောင်ခွင့်များ သို့မဟုတ် သိသာထင်ရှားသော အလားတူသတ်မှတ်ချက်များ ပါဝင်သည့် အစိုးရနှင့်လက်မှတ်ထိုးထားသော၊ အစိုးရထံပေးချေရန် တာဝန်ရှိမှုများဖြစ်ပေါ်စေသော သက်ဆိုင်ရာသဘောတူညီချက်များ အစုံအတွဲကိုဆိုလိုသည်။ ယင်းသဘောတူညီချက်များအား တစ်ခု တည်းသော စာချုပ်စာတမ်း၊ အကျိုးတူပူးပေါင်းလုပ်ဆောင်မှု၊ ထုတ်လုပ်မှုဝေမျှခြင်း သဘောတူညီ ချက် သို့မဟုတ် အခြားအာဏာသက်ရောက်သော တရားဥပဒေဆိုင်ရာ သဘောတူညီချက်ဖြင့် ထိန်း

ကျော်နိုင်သည်။ EITI ထုတ်ပြန်အသိပေးမှုများ၏ အတိုင်းအဆမှ အကျုံးဝင်ဖော်ပြသော ပေးချေမှု သည် စီမံကိန်းအဆင့်မဟုတ်ပဲ အသင်းအဖွဲ့/ဌာနဆိုင်ရာအဆင့်ဖြစ်ပါက ကုမ္ပဏီသည် ယင်းအသင်းအဖွဲ့/ ဌာနဆိုင်ရာအဆင့်တွင်ပေးချေမှုများကို ထုတ်ပြန်အသိပေးနိုင် သည်။

**၄.၈ ဒေတာအချက်အလက်အချိန်ဇယားများ**

(က) အကောင်အထည်ဖော်သောနိုင်ငံများသည် EITI စံနှုန်းနှင့် သဘောတူညီထား သော နှစ်စဉ်အလိုက် လုပ်ငန်းအစီအစဉ်(၁.၅) တို့နှင့်အညီ သတင်းအချက်အလက်များကို ပုံမှန်နှင့် အချိန်မှန်ထုတ်ပြန် ရန်မျှော်လင့်ပါသည်။ သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့သည် EITI ထုတ်ပြန်အ သိပေးမှုများမှ ခြုံငုံသော စာရင်းအင်းအချိန်ကာလအပေါ် သဘောတူညီမှုပြုသင့်ပါသည်။

(ခ) ဒေတာအချက်အလက်သည်ဒုတိယအကြိမ်မှ နောက်ဆုံးဖြည့်သွင်းထားသော စာရင်းအင်းကာလ ထက် မအိုဟောင်းရပါ၊ ဥပမာ - ၂၀၁၈ ဘဏ္ဍာရေးနှစ် စာပါဝင်သောသတင်းအချက်များကို ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး ထုတ်ပြန်ရမည်ဖြစ်သည်။

**၄.၉ ဒေတာအချက်အလက် အရည်အသွေးနှင့် တိကျသေချာမှု**

(က) EITI သည် ပေးချေမှုများနှင့် ဝင်ငွေများသည် နိုင်ငံတကာစာရင်းစစ်စံနှုန်းများအား ကျင့်သုံးထား သည့် ယုံကြည်ကိုးစားနိုင်သော၊ လွတ်လပ်သော စာရင်းစစ်ချက်ခံယူထားခြင်းရှိ မရှိ သုံးသပ်ဆန်း စစ်ချက်ကိုလုပ်ဆောင်ရန်လိုအပ်သည်။ မျှော်လင့်သည်မှာ လိုအပ်ချက် ၄ နှင့်အညီ အစိုးရနှင့် ကုမ္ပဏီများ၏ ထုတ်ပြန်အသိပေးချက်များသည် နိုင်ငံတကာစာရင်းစစ်စံနှုန်းများအား ကျင့်သုံး ထားသည့် ယုံကြည်ကိုးစားနိုင်သော၊ လွတ်လပ်သော စာရင်းစစ်ချက်ခံယူထားခြင်းရှိစေရန်ဖြစ် သည်။ လိုအပ်ချက် ၄ နှင့်အညီ ထုတ်ပြန်အသိပေးချက်များတွင် ဒေတာအချက်အလက်များအပေါ် အောက်ခြေတွင် လုပ်ဆောင်ထားသော စာရင်းစစ်နှင့် တိကျသေချာစေ သည့်လုပ်ထုံးလုပ်နည်း များအကြောင်း ရှင်းလင်းချက်များပါဝင်ရန်နှင့် အထောက်အထား စာရွက်စာတမ်းများအား အများ ပြည်သူ ရယူလက်လှမ်းမီနိုင်အောင် ဆောင်ရွက်ရန် မျှော်လင့်ခြင်းဖြစ်သည်။

(ခ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် EITI ဘုတ်အဖွဲ့မှဖော်ဆောင်ထားသော စံလုပ်ထုံးလုပ် နည်းအပေါ် အခြေခံ၍ ဒေတာအချက်အလက် အရည်အသွေးနှင့် တိကျသေချာမှုအားဖြေရှင်းလုပ်ဆောင်မည့် လုပ်ထုံးလုပ်နည်းတစ်ရပ်အပေါ် သဘောတူညီလုပ်ဆောင်ရန်လိုအပ်ပါသည်။[၃] သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် စံလုပ်ထုံးလုပ်နည်းကို မည်သည့်ရုပ်ပိုင်းဆိုင်ရာ သွေဖီမှုများမှမရှိစေပဲ လိုက်နာကျင့်သုံးရန်လိုအပ်သည်။ သုံးပွင့်ဆိုင်၏ညွှန့်ပေါင်းအဖွဲ့သည် စံလုပ်ထုံးလုပ်နည်းမှ သွေဖီ၍လုပ်ဆောင်လိုပါက EITI ထံမှ အတည်ပြုသဘောတူညီချက်ကို ဦးစွာကြို တင်တောင်း ခံရမည်ဖြစ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ထံမှ တောင်းဆိုချက်တွင် - (၁) စံလုပ်ထုံး လုပ်နည်းမှသွေဖီလုပ်ဆောင်ရသည့်အကြောင်းရင်းပြချက်၊ (၂) EITI စံနှုန်းအရ လိုအပ်သောဒေတာအချက် အလက်အားပုံမှန်လုပ်ရိုးလုပ်စဥ်ဖြင့် လိုအပ်သောအသေးစိတ်များနှင့် ထုတ်ပြန်အသိပေးခြင်းရှိမရှိ၊ (၃) ဘဏ္ဍာရေးဆိုင်ရာ ဒေတာအချက်အလက်များသည် နိုင်ငံတကာ စာရင်းစစ်စံနှုန်းများအား ကျင့်သုံးထားသည့် ယုံကြည်ကိုး စားနိုင်သော၊ လွတ်လပ်သော စာရင်းစစ်ချက်ခံယူထားခြင်းရှိမရှိနှင့် (၄) သမိုင်းကြောင်း ဒေတာအချက်အလက်များအား လုံလောက်စွာ လက်ဝယ်ထားရှိထားခြင်းရှိမရှိ - စသည်တို့ကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

---

၃။ နိုင်ငံတကာအတွင်းရေးမှူးရုံးနှင့် eiti.org တို့တွင်ရယူနိုင်သည်။

# လိုအပ်ချက် ၅

## အခွန်နေရာချထားခြင်းများ

**အချုပ်ဖော်ပြချက်** - EITI သည် ပါဝင်သက်ဆိုင်သူများအနေဖြင့် အခွန်များကို နိုင်ငံတော်နှင့် တိုင်း နှင့်ပြည်နယ်ဘဏ္ဍာရေးများတွင် မည်သို့မှတ်တမ်းတင်သည်ကို နားလည်သိရှိစေရန်နှင့် ကုမ္ပဏီများမှ လူမှုရေးရာအသုံးစရိတ်များအား နောက်ကြောင်းပြန်လိုက်နိုင်ရန် အခွန်နေရာချထားခြင်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များအား ထုတ်ပြန်အသိပေးရန်လိုအပ်သည်။ အခွန်နေရာချထားခြင်းနှင့်သက်ဆိုင်သည့် EITI လိုအပ်ချက်များတွင် - (၅.၁) အခွန်များအားဖြန့်ကျက် နေရာချထားခြင်း၊ (၅.၂) တိုင်းနှင့်ပြည်နယ်အဆင့်လွှဲပြောင်းမှုများ၊ (၅.၃) အခွန်စီမံ ခန့်ခွဲမှုနှင့် အသုံးစရိတ်များ - စသည်တို့ပါဝင်သည်။

### ၅.၁ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ အခွန်များအားဖြန့်ကျက်နေရာချထားခြင်း

အကောင်အထည်ဖော်သောနိုင်ငံများသည်တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ အခွန်များအား ဖြန့်ကျက်နေရာချထားခြင်းအကြောင်း ထုတ်ပြန်အသိပေးရမည်ဖြစ်သည်။

(က) အကောင်အထည်ဖော်သောနိုင်ငံများသည် နိုင်ငံတော်၏ရသုံးမှန်းခြေဘတ်ဂျတ်ထဲတွင် မည်သည့် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှအခွန်များအား ငွေသားဖြင့် သို့မဟုတ် အမျိုးအစားအားဖြင့် မှတ်တမ်းတင်ထားသည်ကို ဖော်ပြသင့်သည်။ အခွန်များအား နိုင်ငံတော်၏ ရသုံးမှန်းခြေဘတ်ဂျတ်အတွင်းတွင်မှတ်သားထားခြင်းမရှိပါက ယင်းအခွန်များအားနေရာချထားခြင်းကို ရရှိနိုင်ပါက သက်ဆိုင်ရာဘဏ္ဍာရေးရာအစီရင်ခံစာများ၊ ဥပမာ - နိုင်ငံတော် ကြွယ်ဝချမ်းသာမှုများ၊ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများ၊ တိုင်းနှင့်ပြည်နယ်အစိုးရများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်အခြား အပိုဆောင်း ရသုံးမှန်းခြေဘတ်ဂျတ်ဆိုင်ရာ အသင်းအဖွဲ့/ဌာနများ စသည် - ကိုရယူနိုင်မည့် လင့်ခ်နှင့်တကွ ရှင်းလင်းတင်ပြရမည်ဖြစ်သည်။

(ခ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အမျိုးသားအဆင့်အခွန်အမျိုးအစားခွဲခြားနည်းစနစ်များနှင့် IMF အစိုးရဘဏ္ဍာရေးရာ ကိန်းဂဏန်းစာရင်းအင်းဆိုင်ရာလက်စွဲ စသည့် နိုင်ငံတကာစံနှုန်းများအား မှီငြမ်းရန်အားပေးပါသည်။

## ၅.၂ တိုင်းနှင့်ပြည်နယ်အဆင့် လွှဲပြောင်းမှုများ

(က) နိုင်ငံတော်အဆင့်နှင့် တိုင်းနှင့်ပြည်နယ်အဆင့် အစိုးရဌာနဆိုင်ရာများအကြားလွှဲပြောင်းမှုများသည် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှရရှိသော အခွန်များနှင့်ဆက်စပ်နေပြီး အမျိုးသားအဆင့်အသင်းအဖွဲ့၊ လုပ်ပိုင်ခွင့်ဌာန သို့မဟုတ် အခြားအခွန်မျှဝေမှုယန္တရားစသည်တို့မှာ လုပ်ပိုင်ခွင့်အာဏာရှိသည်ဖြစ်လျှင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ လွှဲပြောင်းမှုများကို ထုတ်ပြန်အသိပေးကြောင်း သေချာအောင်ဆောင်ရွက်ရမည်ဖြစ်သည်။ အကောင်အထည်ဖော်သောနိုင်ငံများသည် အခွန်မျှဝေခြင်းပုံသေနည်းနှင့်၊ အကယ်၍ရှိပါက သင့်တော်သောအခွန်မျှဝေခြင်းပုံသေနည်းဖြင့်တွက်ချက်၍လွှဲပြောင်းသောပမာဏနှင့်ဗဟိုအစိုးရနှင့်သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်အဆင့် အသင်းအဖွဲ့/ဌာန ဆိုင်ရာတစ်ခုချင်းစီအကြား အမှန်တကယ် လွှဲပြောင်းလိုက်သော ပမာဏတို့အကြား ကွာဟချက်များတို့ကိုလည်း ထုတ်ပြန်အသိပေးသင့်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် တိုင်းနှင့်ပြည်နယ် အဆင့်လွှဲပြောင်းမှုများဆိုင်ရာ သတင်းအချက်အလက်များ၏ ဒေတာအချက်အလက် အရည်အသွေးနှင့် စေ့စပ်သေချာမှုတို့ကို လိုအပ်ချက် ၄.၉ နှင့်အညီ ဖြေရှင်းလုပ်ဆောင်ရန် လုပ်ထုံးလုပ်နည်း တစ်ရပ်အပေါ် သဘောတူညီဆောင်ရွက်ရန်အားပေးပါသည်။ တိုင်းနှင့်ပြည်နယ်အစိုးရအသင်း အဖွဲ့ဌာနဆိုင်ရာများ၏ပါဝင်မှုအား ဖွဲ့စည်းပုံဆိုင်ရာ သို့မဟုတ် သိသာထင်ရှားသော လက်တွေ့ပိုင်း ဆိုင်ရာအခက် အခဲအတားအဆီးများရှိပါက သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အပိုင်း ၄ ပါ EITI အကောင်အထည်ဖော်ရေးကို ကြီးကြပ်ခြင်းအတွက် EITI ဘုတ်အဖွဲ့၏ လုပ်ထုံးလုပ်နည်းများအပိုဒ် ၁ နှင့်အညီ လိုက်လျောညီထွေ ပြုပြင်ထားသော အကောင် အထည်ဖော်ခြင်း ကို ရယူဆောင်ရွက်နိုင်သည်။

(ခ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် မည်သည့် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲသုံးစွဲနိုင်သောသို့မဟုတ် အထူးဖော်ဆောင်ထားသော Ad-hoc လွှဲပြောင်းမှုများကိုလည်း ထုတ်ပြန်အသိပေးကြောင်းနှင့် လို

အပ်ချက် ၄.၅နှင့်အညီ ယင်းသို့လွှဲပြောင်းမှုများဆိုင်ရာ သတင်းအချက်အလက်များ၏ ဒေတာအရည်အသွေးနှင့် စေ့စပ်သေချာမှုတို့ကို ဖြေရှင်းဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းတစ်ရပ်အပေါ် သဘောတူညီလုပ်ဆောင်ကြောင်းကိုလည်း သေချာအောင်ဆောင်ရွက်ရန်တိုက်တွန်းသည်။

(ဂ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍအခွန်များအား အထူးစီမံချက်များအတွက် မည်သို့လျာထားသည် သို့မဟုတ် တိုင်းနှင့်ပြည်နယ်အဆင့်ရှိရင်းနှီးမြှုပ်နှံမှုများကိုမည်သို့စီမံခန့်ခွဲသည်နှင့် လက်တွေ့ငွေပေးချေမှုများ စသည်အကြောင်းအရာတို့ကို ထပ်မံ အစီရင်ခံလိုက ခံနိုင်သည်။

## ၅.၃ အခွန်စီမံခန့်ခွဲမှုနှင့် အသုံးစရိတ်များ

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အောက်ပါတို့အပါအဝင် အခွန်စီမံခန့်ခွဲမှုနှင့် အသုံးစရိတ်များဆိုင်ရာ သတင်းအချက်အလက်များကိုလည်း ထပ်မံထုတ်ပြန်အသိပေးရန် တိုက်တွန်းပါသည်။

(က) တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍအခွန်များကို အထူးစီမံချက်များ သို့မဟုတ် ပထဝီမြေပြင်ဒေသအလိုက်တို့အတွက်မည်သို့အသုံးပြုရန်လျာထားကြောင်းဖော်ပြချက်။ ယင်းတွင် ၎င်းတို့အားအသုံးပြုရာတွင် တာဝန်ယူမှုတာဝန်ခံမှုနှင့် အကျိုးဖြစ်ထွန်းမှုတို့ကိုသေချာစေရန်အတွက် လုပ်ဆောင်သော နည်းလမ်းများအကြောင်းဖော်ပြချက်လည်း ပါဝင်သင့်သည်။

(ခ) နိုင်ငံတော်၏ ရသုံးမှန်းခြေနှင့် စာရင်းစစ်လုပ်ငန်းစဉ်များအကြောင်းဖော်ပြချက်နှင့် ရသုံးမှန်းခြေဘတ်ဂျတ်တွက်ခြင်း၊ အသုံးစရိတ်များနှင့် စာရင်းစစ်အစီရင်ခံစာများအကြောင်း သတင်းအချက်အလက်များကို အများပြည်သူရယူသိရှိနိုင်အောင်ထုတ်ပြန်ထားသည့် လင့်ခ်များ။

(ဂ) အခွန်ရေရှည်တည်တံ့မှုနှင့် အရင်းအမြစ်အမှီသဟဲပြုမှုဆိုင်ရာ ပြဿနာရပ်များအကြောင်းအများပြည်သူ ပိုမိုသိရှိနားလည်အောင်နှင့် အချေအတင်ပိုမိုဆွေးနွေးပြောဆိုနိုင်စေရန် အစိုးရထံမှ အချိန်နှင့်တပြေးညီဖြစ်သော သတင်းအချက်အလက်များ။ ၎င်းတွင် ရသုံးမှန်းခြေဘတ်ဂျတ်စက်ဝန်းအတွင်း လာမည့်နှစ်များအပေါ်အခြေခံသည့် ယူဆချက်များနှင့် ခန့်မှန်းထားသောထုတ်လုပ်မှုနှင့်စပ်လျဉ်းသည့်ယူဆချက်များ၊ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှကုန်ပစ္စည်းဈေး

နှုန်းများနှင့် အခွန်ခန့်မှန်းချက်များ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ အနာဂတ် တွင်ရလာနိုင်သော ဘဏ္ဍာရေးဆိုင်ရာအခွန်များ၏ အချိုးများ စသည်တို့ပါဝင်နိုင်သည်။

# လိုအပ်ချက် ၆

## လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အသုံးပြုခြင်း

**အချုပ်ဖော်ပြချက်** – EITI သည် ပါဝင်သက်ဆိုင်သူများအား တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍသည် ကောင်းမွန်သော လူမှုရေးနှင့် စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့် ရလဒ်များအားဖြစ်ပေါ်နေစေခြင်းရှိမရှိကို အကဲဖြတ်ဆန်းစစ်ရန် အထောက်အကူပြုပေးနိုင်သည့် အခွန်စီမံခန့်ခွဲမှုနှင့် အသုံးစရိတ်များနှင့်စပ်လျဥ်းသည့် သတင်းအချက်အလက်များအား ထုတ်ပြန်အသိပေးရန် တိုက်တွန်းသည်။ အခွန်ခွဲဝေသတ်မှတ်ခြင်းနှင့် သက်ဆိုင်သည့် EITI လိုအပ်ချက်များတွင် – (၆.၁) ကုမ္ပဏီများ၏ လူမှုရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ အသုံးစရိတ်များ၊ (၆.၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ တစ်ပိုင်းဖက်စပ်ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များ၊ (၆.၃) တွင်းထွက်သယံဇာတကဏ္ဍမှ စီးပွားရေးအတွင်းသို့ ထည့်ဝင်အကျိုးပြုမှုများအား ခြုံငုံသုံးသပ်ခြင်း၊ (၆.၄) တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ဆောင်ချက်များ၏ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု – စသည်တို့ပါဝင်သည်။

### ၆.၁ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများမှ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသုံးစရိတ်များ

(က) ကုမ္ပဏီများမှ ပမာဏများသော လူမှုရေးအသုံးစရိတ်များထည့်ဝင်ရန် ဥပဒေ သို့မဟုတ် တွင်းထွက်သယံဇာတရင်းနှီးမြှုပ်နှံမှုကိုထိန်းကျောင်းသည့် အစိုးရနှင့်ချုပ်ဆိုသော စာချုပ်စာတမ်းအရ တာဝန်ရှိစေမှုဖြစ်ပါက အကောင်အထည်ဖော်သောနိုင်ငံများသည် ယင်းလုပ်ဆောင်ချက်များကို ထုတ်ပြန်အသိပေးရမည်ဖြစ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအသုံးစရိတ်သတင်းအချက်အလက်များ၏ဒေတာအချက်အလက်အရည်အသွေးနှင့်စေ့စပ်သေချာမှုတို့ကို လိုအပ်ချက် ၄.၉ နှင့်အညီ ဖြေရှင်းလုပ်ဆောင်ရန် လုပ်ထုံးလုပ်နည်းတစ်ရပ်အပေါ် သဘောတူညီဆောင်ရွက်ရန်လိုအပ်သည်။ ယင်းအကျိုးအမြတ်များအား အမျိုးအစားအားဖြင့်ပေး

အပ်ခြင်းဖြစ်ပါက အကောင်အထည်ဖော်သောနိုင်ငံများသည် အမျိုးအစားအားဖြင့်ပေးချေသော လွှဲပြောင်းလုပ်ဆောင်ချက်များ၏သဘောသဘာဝနှင့်ယူဆရသောတန်ဖိုးကိုထုတ်ပြန်အသိပေးရန်လိုအပ်သည်။ ပေးရန်တာဝန်ရှိသော လူမှုရေးရာအသုံးစရိတ်၏ အကျိုးခံစားခွင့်ရှိသူမှ အစိုးရဌာနဆိုင်ရာမဟုတ်သော တတိယပါဝင် ပတ်သက်သူဖြစ်ပါက အကျိုးခံစားခွင့်ရှိသူ၏အမည်နှင့်လုပ်ငန်းတို့ကို ထုတ်ပြန်အသိပေးရန်လိုအပ်သည်။ စာရင်းပြန်လည်တိုက်စစ်ရန်မဖြစ်နိုင်ပါက နိုင်ငံများသည် ယင်းလုပ်ဆောင်ချက်များအား ကုမ္ပဏီနှင့်/သို့မဟုတ် အစိုးရတို့မှ ကိုယ်ပိုင်လွတ်လပ်သော ထုတ်ပြန်အသိပေးချက်များဖြင့် ပံ့ပိုးပေးရန်လိုအပ်သည်။

(ခ) ကုမ္ပဏီများသည် ပတ်ဝန်းကျင်ဆိုင်ရာ ပမာဏများသောပေးချေမှုများကို အစိုးရထံသို့ ပေးချေရန် ဥပဒေ သို့မဟုတ် လိုက်နာရန်စည်းကမ်း သို့မဟုတ် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှုအားထိန်းကျောင်းသည့် စာချုပ်စာတမ်းတို့ဖြင့် တာဝန်ရှိပါက ယင်းပေးချေမှုများကို ထုတ်ပြန်အသိပေးရမည်ဖြစ်သည်။

(ဂ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ပြောင်းလဲသုံးစွဲနိုင်သော လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအသုံးစရိတ်များနှင့် လွှဲပြောင်းပေးမှုများသည် များပြားသောပမာဏဖြစ်သည်ဟု သဘောတူညီပါက သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အခြားပေးချေမှုများနှင့် ဝင်ငွေများအား ထုတ်ပြန်အသိပေးခြင်းနှင့် ကိုက်ညီသည့် ပွင့်လင်းမြင်သာမှုမျိုးရရှိနိုင်ရန် မျှော်မှန်းသည့် အစီရင်ခံသည့်လုပ်ငန်းစဉ် တစ်ရပ်ကို ဖော်ဆောင်ရန် တိုက်တွန်းသည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အပေါ်တွင်ဖော်ပြထားသော သတင်းအချက်အလက်များ၏ ဒေတာအရည်အသွေးနှင့် စေ့စပ်သေချာမှုတို့ကို လိုအပ်ချက် ၄.၉ နှင့်အညီ ဖြေရှင်းဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းတစ်ရပ်ကို သဘောတူညီလုပ်ဆောင်ရန် တိုက်တွန်းပါသည်။

### ၆.၂ SOE ၏နိုင်ငံတော်ဘဏ္ဍာရေးမှ မဟုတ်သောအသုံးစရိတ်များ

တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်၏ပါဝင်မှုသည် ပမာဏများသောဝင်ငွေပေးချေမှုများဖြစ်ပေါ်စေပါကအကောင်အထည်ဖော်သောနိုင်ငံများသည်နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ၎င်းတို့၏ Quasi-fiscal ဘဏ္ဍာရေးဆိုင်ရာအသုံးစရိတ်များအကြောင်း ထုတ်ပြန်

အသိပေးချက်များကိုလည်း ပါဝင်စေရမည်ဖြစ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် အခြားပေးချေမှုများနှင့် ဝင်ငွေစီးဆင်းမှုလမ်းကြောင်းများ ထုတ်ပြန်မှုနှင့်ကိုက်ညီသော ပွင့်လင်းမြင်သာမှုအဆင့်ရရှိအောင် မျှော်မှန်းသည့်အစီရင်ခံသည့်လုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ဆောင်ရန်လိုအပ်ပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းခွဲများနှင့် အကျိုးတူပူးပေါင်းသည့်လုပ်ငန်းများလည်းထည့်သွင်းဖော်ပြသင့်သည်။

Quasi-fiscal ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များတွင် လူမှုရေးဝန်ဆောင်မှုများ၊ အများပြည်သူအဆောက်အအုံများ၊ လောင်စာဆီထောက်ပံ့ငွေများနှင့် အမျိုးသားအကြွေးငွေဝန်ဆောင်မှုများ စသည့် နိုင်ငံတော်၏ ရသုံးမှန်းခြေဘတ်ဂျတ်လုပ်ငန်းစဉ်ပြင်ပမှဖြစ်သော အများပြည်သူလူမှုရေးအသုံးစရိတ်များအား နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှကျခံသည့် စီစဉ်ထားရှိချက်များပါဝင်သည်။ အကောင်အထည်ဖော်သောနိုင်ငံများနှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များသည် အသုံးစရိတ်များသည် Quasi-fiscal ဘဏ္ဍာရေးဆိုင်ရာဟုတ်မဟုတ် စဉ်းစားဆုံးဖြတ်ရာတွင် IMF ၏ Quasi-fiscal ဘဏ္ဍာ ရေးဆိုင်ရာအသုံးစရိတ် အဓိပ္ပါယ် ဖွင့်ဆိုချက်ကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။

### ၆.၃ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍမှ စီးပွားရေးအတွင်းသို့ ထည့်ဝင်အကျိုးပြုမှု

အကောင်အထည်ဖော်သောနိုင်ငံများသည် EITI အကောင်အထည်ဖော်ခြင်းတွင် အကျုံးဝင်သည့် ဘဏ္ဍာရေးနှစ်အတွက် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ စီးပွားရေးအတွင်းသို့ ထည့်ဝင်အကျိုးပြုမှုအကြောင်း သတင်းအချက်အလက်များကို ရရှိနိုင်ပါက ထုတ်ပြန်အသိပေးရမည်ဖြစ်သည်။ ယင်းသတင်းအချက်အလက်များတွင် အောက်ပါတို့ပါဝင်ရန်လိုအပ်သည်။

(က) တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၏ အရွယ်အစားကို ကိန်းပြည့်အားဖြင့်နှင့် GDP ရာခိုင်နှုန်းအဖြစ်အပြင် ၎င်းချည်းသာဖြစ်ရမည်ဟု ကန့်သတ်မထားသော်လည်း အပါအဝင်ဖြစ်သည့် လက်လုပ်လက်စားနှင့် အသေးစားသတ္တုတူးဖော်ရေးစသည့် အလွတ်သဘော ကဏ္ဍတွင်း လုပ်ဆောင်ချက်များ။

(ခ) တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ဖန်တီးပေးသော စုစုပေါင်း အစိုးရ ဝင်ငွေများ (အခွန်များ၊ ဓါတ်သတ္တုခွန်များ၊ အပိုဆုကြေးများ၊ အခကြေးငွေများနှင့် အခြားပေးချေမှုများ)

ကို ကိန်းပြည့်အဖြစ် နှင့် စုစုပေါင်းအစိုးရဝင်ငွေ၏ ရာခိုင်နှုန်းအဖြစ်။

(ဂ) တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ တင်ပို့ကုန်များအား ကိန်းပြည့်နှင့် စုစုပေါင်းတင်ပို့ကုန်များ၏ရာခိုင်နှုန်းအဖြစ်။

(ဃ) တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွင်း ဝန်ထမ်းအလုပ်အကိုင်ခန့်အပ်မှုကို ကိန်းပြည့်အဖြစ်နှင့် စုစုပေါင်းအလုပ်အကိုင်၏ ရာခိုင်နှုန်းအဖြစ်။ ယင်းသတင်းအချက်အလက်ကို (ကျား/မ) အလိုက် အမျိုးအစားခွဲခြားပြီးနှင့် ဖြစ်နိုင်ပါက ကုမ္ပဏီနှင့် အလုပ်အကိုင်ရာထူးအဆင့် စသည့် အမျိုးအစားအလိုက်တို့ပါ ခွဲခြားဖော်ပြသင့်သည်။

(စ) ထုတ်လုပ်ရေး သိပ်သည်းတည်ရှိနေသော အဓိက နေရာဒေသများ/ဧရိယာများ

## ၆.၄ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၏ ပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုများ

အကောင်အထည်ဖော်သောနိုင်ငံများသည် တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၏ ပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုများအား စီမံခန့်ခွဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ သတင်းအချက်အလက်များအား ထုတ်ပြန်ရန်တိုက်တွန်းပါသည်။ ၎င်းတွင် အောက်ပါတို့ပါဝင်နိုင်သည်။

(က) သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာစည်းမျဉ်းများအပြင် နိုင်ငံအတွင်း တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးရင်းနှီးမြှုပ်နှံမှုများ၏ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာခြင်းနှင့်သက်ဆိုင်သည့် လက်တွေ့အလေ့အထများ စသည်တို့၏ ခြုံငုံသုံးသပ်ချက်။ ၎င်းတွင် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက်များ၊ အသိအမှတ်ပြုပေးသည့် အစီအစဉ်များ၊ လိုင်စင်များနှင့် ရေနံ၊ ဓါတ်ငွေ့နှင့် သတ္တုတွင်းတူးဖော်ရေး ကုမ္ပဏီများအား အပ်နှင်းပေးသောအခွင့်အရေးများအပြင် စည်းမျဉ်းများနှင့် လိုက်နာရန် စည်းကမ်းများကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ - စသည်တို့ပါဝင်နိုင်သည်။

(ခ) ပုံမှန် ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာရေးလုပ်ထုံးလုပ်နည်းများ၊ အစိုးရများ၏ စီမံအုပ်ချုပ်ရေးနှင့် ပိတ်ဆို့မှုအပိုင်းများအပြင် ပတ်ဝန်းကျင်ဆိုင်ရာတာဝန်ရှိမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ကုစားပေးရေးအစီအစဉ်များ စသည့်သတင်းအချက်အလက်များ။

# လိုအပ်ချက် ၇

## ရလဒ်များနှင့် အကျိုးသက်ရောက်မှုများ

**အချုပ်ဖော်ပြချက်** - အများပြည်သူအသိအမြင်နိုးကြားမှုနှင့်၊ ကိန်းဂဏန်းများသည် မည်သို့ အဓိပ္ပါယ်ရသည်ကို သိရှိနားလည်မှုနှင့် သယံဇာတအရင်း အမြစ်ဝင်ငွေများကို ထိရောက်မှုရှိရှိ မည်သို့ အသုံးပြုမည့်အပေါ်အများ ပြည်သူအချေအတင်ဆွေးနွေးပြောဆိုခြင်းစသည်တို့မရှိပါက တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းမှ ဒေတာအချက်အလက်များအား ပုံမှန်ထုတ်ပြန် အသိပေးမှုသည် လက်တွေ့ကျကျ အသုံးဝင်မှုမရှိနိုင်ချေ။ ရလဒ်များနှင့်အကျိုးသက်ရောက်မှုနှင့် သက်ဆိုင်သည့် EITI လိုအပ်ချက်များသည် သဘာဝသယံဇာတအရင်းအမြစ် ဝင်ငွေ စီမံခန့်ခွဲမှုအကြောင်း ဆွေးနွေးပြောဆိုမှုတွင် ပါဝင်သက်ဆိုင်သူများ ပါဝင်ကြောင်းသေချာစေရန် ဖြစ်သည်။ EITI ထုတ်ပြန်အသိပေးမှုများသည် ပိုမိုကျယ်ပြန့်သော အများပြည်သူ အချေအတင် ဆွေးနွေးပြောဆိုခြင်းအား အထောက်အကူပြုခြင်းအားဖြင့် EITI အခြေခံစည်းမျဉ်းများအားပြည့်မီစေသည်။ အကောင်အထည်ဖော်ရာတွင် လေ့လာသင်ယူရ ရှိသော သင်ခန်းစာများကို လိုက်လံလုပ်ဆောင်ရန်၊ သင့်လျော်သည့်နေရာများတွင် EITI အကောင်အထည်ဖော်ခြင်းမှ ရရှိသောအကြံပြုချက်များအား ထည့်သွင်းစဉ်းစားပြီး လိုက်လံလုပ်ဆောင်ရန်၊ EITI အကောင်အထည်ဖော်ခြင်းသည် တည်မြဲခိုင်မြဲသော၊ ရေရှည်တည်တံ့သော အခြေခံရှိရန်၊ တို့မှာလည်း အရေးပါလှပါသည်။

### ၇.၁ အများပြည်သူ အချေအတင်ဆွေးနွေးပြောဆိုခြင်း

သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အနေဖြင့် အစိုးရနှင့် ကုမ္ပဏီထုတ်ပြန်အသိပေးမှုများသည် ဘက်စုံခြုံငုံနားလည်လွယ်ပြီး အသက်ဝင်စွာမြှင့်တင်လုပ်ဆောင်ကာ အများပြည်သူမှရ ယူလက်ခံနိုင်သောနှင့် အများပြည်သူအချေအတင်ဆွေးနွေးပြောဆိုမှုကို အကျိုးပြုကြောင်း သေချာစေရမည်ဖြစ်သည်။ အဓိကပရိသတ်များတွင် အစိုးရ၊ လွှတ်တော်အမတ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် သတင်းမီဒီယာများပါဝင်သင့်သည်။

(က) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် -

(၁) သတင်းအချက်အလက်ကို ကျယ်ကျယ်ပြန့်ပြန့် ရယူလက်လှမ်းမှီကြောင်းနှင့် ဖြန့်ဝေထားကြောင်းသေချာရန်လိုအပ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် ယင်းသတင်းအချက်အလက်ကို အကြောင်းအရာအလိုက် အစီရင်ခံစာများအဖြစ် ပိုင်းခြားဖော်ဆောင်ပြီး ၎င်းကို Online မှတဆင့်ရယူနိုင်အောင် ဆောင်ရွက်ရန် တိုက်တွန်းသည်။

(၂) သတင်းအချက်အလက်ကို ရှင်းလင်းစွာ၊ ရယူလက်လှမ်းမှီနိုင်သောပုံစံဖြင့် ဆီလျော်သောဘာသာစကားများဖြင့်ရေးသားထားခြင်းအပါအဝင် သတင်းအချက်အလက်များသည် ဘက်စုံခြုံငုံနားလည်လွယ်ကြောင်း၊ ရယူလက်လှမ်းမှီနိုင်ရန်စိန်ခေါ်မှုများနှင့် မတူကွဲပြားသော Gender များနှင့် နိုင်ငံသားအုပ်စုအဖွဲ့ငယ်များဆိုင်ရာ သတင်းအချက်အလက်များလိုအပ်မှုကို ထည့်သွင်းစဉ်းစားထားကြောင်း သေချာအောင်ဆောင်ရွက်ရန်လိုအပ်သည်။

(၃) အစိုးရမှဖြစ်စေ၊ အရပ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် ကုမ္ပဏီများမှဖြစ်စေကျင်းပသော လူထုအခြေဖြန့်ကျက်ရောက်ရှိစေသည့် အခမ်းအနားများကို အသိအမြင်နိုးကြားမှုပြန့်ပွားစေရန်နှင့်

နိုင်ငံတစ်ဝှမ်း EITI ထုတ်ပြန်အသိပေးမှုများအပေါ်အခြေခံပြီး တွင်းထွက်သယံဇာတအရင်းအမြစ်စီမံအုပ်ချုပ်ရေး အကြောင်း စေ့စပ်ဆွေးနွေးမှုကိုလူမှုရေးရာအားလုံးအကျုံးဝင်စွာ ဖြစ်ပေါ်စေရန်လုပ်ဆောင်ကြောင်းသေချာအောင်ဆောင်ရွက်ရန် လိုအပ်သည်။

(ခ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် -

(၁) ဒေတာအချက်အလက်အရင်းအမြစ်များနှင့် ရေးသားချက်မူပိုင်မှုတို့ကို ရှင်းလင်းစွာ ဖော်ပြထားကြောင်းသေချာစေပြီး ရှင်းလင်းသော၊ ချိန်ညှိထားသော သတင်းအချက်အလက် အကဲဖြတ်ဆန်းစစ်ချက်များပါဝင်သည့် အချုပ်အစီရင်ခံစာများကို ရေးသားဖော်ထုတ် ရန် တိုက်တွန်းသည်။

(၂) ဝင်ငွေစီးဆင်းမှုလမ်းကြောင်းတစ်ခုချင်းစီ၏ အစုရှယ်ယာများအား အချုပ်စာရင်းပြုစုပြီး သက်ဆိုင်ရာ အစိုးရအဆင့်တစ်ခုချင်းစီမှ စုဆောင်းရရှိသော စုစုပေါင်းဝင်ငွေပမာဏဖြင့် နှိုင်းယှဉ်ရန်

တိုက်တွန်းသည်။

(၃) အစီရင်ခံစာများမှ သတင်းအချက်အလက်နှင့် ဒေတာများ၊ Online ထုတ်ပြန်အသိ ပေးချက်များ အား နားလည်သဘောပေါက်မှု ပိုမိုကောင်းမွန်စေရန်နှင့် သတင်းအချက် အလက်များအား နိုင်ငံသားများ၊ သတင်းမီဒီယာများနှင့် အခြားသူများမှအသုံးပြုခြင်း ကိုအားပေးရန်၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း ကြိုးပမ်းဆောင်ရွက်ချက်များကို အထူးသဖြင့် အရပ်ဘက် အဖွဲ့အစည်းအများမှတဆင့် အရပ် ဘက်အဖွဲ့အစည်းများတို့နှင့် လုပ်ဆောင်ရန် တိုက်တွန်းသည်။

**၇.၂ ဒေတာအချက်အလက်ရယူလက်လှမ်းမှီနိုင်မှုနှင့် ပွင့်လင်းသောဒေတာအချက်အလက်များ**

အကောင်အထည်ဖော်သောနိုင်ငံများအနေဖြင့် EITI ထုတ်ပြန်အသိပေးချက်များအား အများပြည်သူ ရယူလက်လှမ်းမှီနိုင်ကြောင်း သေချာအောင်လုပ်ဆောင်သင့်သည်။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သည် -

(က) EITI ဒေတာအချက်အလက်များအား ရယူမှု၊ ထုတ်ပြန်မှုနှင့် ပြန်လည်အသုံးပြုမှုအကြောင်း ရှင်းလင်းသော ပွင့်လင်းသော ဒေတာအချက်အလက် (Open Data) မူဝါဒအပေါ် သဘောတူညီမှု၊ အစိုးရ အေဂျင်စီများနှင့် ကုမ္ပဏီများသည် ပွင့်လင်းသောလိုင်စင်အောက်တွင် EITI ဒေတာအချက်အလက်များကို ထုတ်ပြန်ရန်နှင့် သုံးစွဲသူများအနေဖြင့် သတင်းအချက်အလက်များအား ကြိုတင်သဘောတူညီမှုတောင်းခံရန်မလိုပဲ ပြန်လည်အသုံးပြုနိုင်ကြောင်း သိရှိအောင်ဆောင်ရွက်ရန် မျှော်မှန်းပါသည်။

(ခ) ဒေတာအချက်အလက်များကို Online ပေါ်တွင် ပွင့်လင်းသောဒေတာပုံစံအတွင်း ရယူနိုင် အောင်နှင့် ယင်းသို့ရယူနိုင်ကြောင်းကို ထုတ်ပြန်ကြေညာသင့်သည်။ ပွင့်လင်းသော ဒေတာအချက်အလက် ပုံစံဟူသည်မှာ CSV သို့မဟုတ် Excel Format ပုံစံတို့တွင် ဒေတာအချက် အလက်များကိုရယူနိုင်ပြီး EITI အစီရင်ခံစာများမှ ဇယားများ၊ ကားချပ်များနှင့် ရုပ်ပုံများစသည်တို့ ပါဝင်နိုင်သည်။

(ဂ) EITI တွင် အကျုံးဝင်သော ဘဏ္ဍာရေးရာနှစ်တစ်ခုချင်းစီအတွက် အချုပ်ဒေတာအချက်အလက် ဖိုင်များကို EITI ဘုတ်အဖွဲ့မှ အတည်ပြုထားသော မူဘောင်ပုံစံနှင့်အညီ ဖြည့်စွက်သင့်သည်။

(ဃ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် စနစ်တကျထုတ်ပြန်အသိပေးသည့် ဒေတာအချက်အလက် ယန္တရားတစ်ခုကို ဖတ်ရှုလွယ်စေရန်နှင့် အပြန်အလှန်ချိတ်ဆက် လည်ပတ်လွယ်အောင် ပြုလုပ်ရန်၊ သတင်းအချက်အလက်များအား အများပြည်သူရယူနိုင်သော ဒေတာအချက်အလက်များနှင့် နှိုင်းယှဉ်နိုင်အောင် EITI ထုတ်ပြန်အသိပေးခြင်းနှင့် အခြားဒေတာဖိုင်များအား Code ဖော်ဆောင်ရန် သို့မဟုတ် စာတန်းခေါင်းစဉ်တပ်ရန် - တိုက် တွန်းသည်။

## ၇.၃ EITI အကောင်အထည်ဖော်ခြင်းမှ အကြံပြုချက်များ

သဘာဝသယံဇာတအရင်းအမြစ် စီမံအုပ်ချုပ်ရေးဆိုင်ရာ EITI အကောင်အထည်ဖော်ခြင်း၏ အကျိုးသက်ရောက်မှုအားကောင်းစေရန် မျှော်မှန်းချက်ဖြင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် သင်ယူရရှိလိုက်သောသင်ခန်းစာအားအဆင့်ဆင့်လိုက်လံလုပ်ဆောင်ရန်၊ သတင်းအချက်အလက်ကွာဟမှုများနှင့် ကွဲပြားချက်များဖြစ်ပေါ်စေသော အကြောင်းရင်းများအားဖော်ထုတ်ရန်၊ စုံစမ်းစစ်ဆေးရန်နှင့် ဖြေရှင်းဆောင်ရွက်ရန်၊ EITI အကောင်အထည်ဖော်ခြင်းမှ ရလာသောအကြံပြုချက်များအား စဉ်းစားရန်တို့ လိုအပ်ပါသည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် အစိုးရစနစ်များနှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုအား ကောင်းစေရန်အကြံပြုချက်များအား သဘောတူလက်ခံရန် စဉ်းစားနိုင်သည်။ သင့်လျော်ပါက အကောင်အထည်ဖော်သော နိုင်ငံများသည် ယင်းအကြံပြုချက်များအား လုပ်ဆောင်မှု ရှိမရှိ လိုက်လံစစ်ဆေးမှုများပြုလုပ်ရန် တိုက်တွန်းသည်။

## ၇.၄ EITI အကောင်အထည်ဖော်ခြင်း၏ ရလဒ်များနှင့် အကျိုးသက်ရောက်မှုများအား စိစစ် သုံးသပ်ပါ

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် သဘာဝသယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ EITI အကောင်အထည်ဖော်ခြင်း၏ ရလဒ်များနှင့် အကျိုးသက်ရောက်မှုများအား စိစစ်သုံးသပ်ရန်လိုအပ်သည်။

(က) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် EITI အကောင်အထည်ဖော်ခြင်း၏ အကျိုးသက်ရောက်မှုများနှင့် ရေရှည်ရလဒ်များအား ၎င်းတို့၏နှစ်စဉ်သုံးသပ်ချက်ကို နှစ်ပတ်လည်တိုးတက်မှု အစီရင်ခံစာ သို့မဟုတ်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှသဘောတူညီထားသည့်နည်းလမ်းများဖြင့်မှတ်တမ်းတင်ရန် လိုအပ်သည်။ ၎င်းတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ EITI အကောင်အထည်ဖော်ခြင်းအတွက် ဦးစား

ပေးမှုများအဖြစ် တွေ့ရှိဖော်ထုတ်ထားသော ပြဿနာရပ်များအား ဖြေရှင်းဆောင်ရွက်ရန် မည်သည့် လုပ်ဆောင်ချက်များမဆိုပါ ပါဝင်သင့်သည်။[၄] အကျိုးသက်ရောက်မှုနှင့် ရေရှည်ရလဒ် နှစ်စဉ်သုံးသပ်ချက်များတွင် အောက်ပါတို့ပါဝင်ရမည်။

(၁) ရှေ့နှစ်တွင်ဆောင်ရွက်ခဲ့သော EITI လုပ်ဆောင်ချက်များ၏ အကျဉ်းချုပ်နှင့် ယင်းလုပ်ဆောင်ချက်များ၏ ရေရှည်ရလဒ်အကြောင်း။

(၂) EITI လိုအပ်ချက်တစ်ခုစီ ပြည့်မီရေးတိုးတက်မှုအခြေအနေများနှင့် လိုအပ်ချက်များ ပြည့်မီကျော်လွန်အောင် လုပ်ဆောင်သည့်မည်သည့်အဆင့်မဆိုတို့အား အကဲဖြတ်ဆန်းစစ်ချက်။ ယင်းတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ EITI အကောင်အထည်ဖော်ခြင်းအတွက် ဦးစားပေးမှုများအဖြစ် ရှာဖွေဖော်ထုတ်ထားသော ပြဿနာရပ်များအားဖြေရှင်း ဆောင်ရွက်ရန် မည်သည့်လုပ်ဆောင်ချက်များမဆို ပါဝင်သင့်သည်။

(၃) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ စာရင်းပြန်လည်တိုက်စစ်ခြင်းနှင့် လေ့လာဆန်းစစ်အတည်ပြုခြင်းတို့မှ အကြံပြုချက်များအား လိုအပ်ချက် ၇.၃ နှင့်အညီ ဖြေရှင်းဆောင်ရွက်ရာတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ တုန့်ပြန်မှုနှင့် တိုးတက်မှုအခြေအနေများ၏ ခြုံငုံသုံးသပ်ချက်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည်အကြံပြုချက်တစ်ခုချင်းစီနှင့်၊အကြံပြုချက်များအားဖြေရှင်းရန်ဆောင်ရွက်သောသက်ဆိုင်ရာလုပ်ဆောင်ချက်များနှင့်၊ အကြံပြုချက်တစ်ခုချင်းစီကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအဆင့် စသည်တို့ကို စာရင်းပြုစုဖော်ပြရန်လိုအပ်သည်။ အစိုးရသို့ မဟုတ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အကြံပြုချက်အားအကောင် အထည်မဖော်ဟု ဆုံးဖြတ်ပါက သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ အကြောင်းရင်းကိုမှတ်တမ်း တင်ရန်လိုအပ်သည်။

(၄) လုပ်ငန်းအစီအစဉ်(လိုအပ်ချက် ၁.၅)တွင်သတ်မှတ်ထားသော ရည်ရွယ်ချက်များ၏ အကျိုးသက်ရောက်မှုနှင့် ရေရှည်ရလဒ်များအပါအဝင် ယင်းရည်ရွယ်ချက်များရရှိအောင် ဆောင်ရွက်ခြင်း၏ တိုးတက်မှုအခြေအနေအား အကဲဖြတ်ဆန်းစစ်ချက်။

---

၄။ စံပုံစံကို နိုင်ငံတကာအတွင်းရေးမှူးရုံးထံမှ ရယူနိုင်သည်။

(၅) EITI အစီရင်ခံခြင်း၏ အသေးစိတ်အချက်အလက်နှင့် အတိုင်းအဆတို့ကိုချဲ့ထွင်ရန် သို့မဟုတ် ပါဝင်သက်ဆိုင်သူများနှင့် စေ့စပ်လုပ်ဆောင်ချက် တိုးမြင့်လာစေရန် လုပ်ဆောင်သည့် မည်သည့် လုပ်ဆောင်ချက်များမဆိုအပါအဝင် သဘာဝသယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ EITI အကောင်အထည်ဖော်ခြင်း၏ အကျိုးသက်ရောက်မှုအား ကောင်းအောင်ကြိုးပမ်း ဆောင်ရွက်ချက်များကို ဖြစ်စဉ်အကြောင်းရေးသားဖော်ပြချက်။

ထို့အပြင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် ကျားမရေးရာနှင့် အားလုံးအကျုံးဝင်ပါဝင်ရေးတို့ကိုမည်သို့ထည့်သွင်းစဉ်းစားကြောင်းကိုလည်း မှတ်တမ်းတင်ရန်တိုက်တွန်းပါသည်။

(ခ) ပါဝင်သက်ဆိုင်သူအားလုံးသည် EITI အကောင်အထည်ဖော်ခြင်း၏ အကျိုးသက်ရောက်မှုအား စိစစ်သုံးသပ်ရာတွင် ပါဝင်နိုင်ခြင်းရှိသင့်သည်။ EITI တွင်ပါဝင်ပတ်သက်နေသော အရပ်ဘက်အဖွဲ့အစည်းများများနှင့် လုပ်ငန်းများ၊ ၎င်းတို့သာမကပဲ အထူးသဖြင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အတွင်းတွင် တာဝန်ထမ်းဆောင်နေသူများသည် EITI လုပ်ငန်းစဉ်အပေါ် သဘောထားမှတ်ချက်များ ပေးနိုင်ခြင်း၊ အကျိုးသက်ရောက်မှုနှင့် ရေရှည်ရလဒ်များအား နစ်စဉ်စိစစ်သုံးသပ်ရာတွင် ၎င်းတို့၏ အမြင်များအားထင်ဟပ်ဖော်ပြနိုင်ခြင်း စသည်တို့ရှိသင့်သည်။

# ၄။ EITI အကောင်အထည်ဖော်ခြင်းအား EITI ဘုတ်အဖွဲ့မှ ကြီးကြပ်ခြင်း

ဤအပိုင်းတွင် EITI အကောင်အထည်ဖော်ခြင်းအတွက် EITI မှ ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းတို့တွင် EITI ဘုတ်အဖွဲ့မှအသုံးပြုသောလုပ်ထုံး လုပ်နည်းများနှင့် စံနှုန်း သတ်မှတ်ချက်များကို ဖော်ပြထားသည်။ ၎င်းတွင် EITI ဒေတာ ထုတ်ပြန်ကြေညာခြင်းနှင့် လေ့လာဆန်းစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်အား ကြီးကြပ်ခြင်းအတွက် EITI ဘုတ်အဖွဲ့မှဖော် ဆောင်ထားသော အချိန်ဇယားမူဘောင်များပါဝင်သည်။

## အပိုဒ် ၁ – လိုက်လျောညီထွေပြုပြင်ကာ အကောင်အထည်ဖော်ခြင်း

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ အကောင်အထည်ဖော်ရန်လိုအပ်ချက်များမှ သွေဖီလုပ်ဆောင်ရန်လို အပ်လာသော မျှော်လင့်မထားသည့်အခြေအနေရပ်များနှင့် ကြုံတွေ့လာရပါက ၎င်းအနေဖြင့် လိုက်လျောညီထွေပြုပြင်ပြီး အကောင်အထည်ဖော်ဆောင်ရန်အတွက် EITI ဘုတ်အဖွဲ့၏ အတည်ပြုခွင့်ပြုချက်ကို ဦးစွာတောင်းခံရမည်ဖြစ်သည်။ တောင်းခံချက်ကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ထောက်ခံရမည်ဖြစ်ပြီး လုပ်ငန်းအစီအစဉ်ထဲတွင် ထင်ဟပ်ဖော်ပြရမည်ဖြစ်သည်။ တောင်းခံရာတွင် လိုက်လျောညီထွေပြုပြင်ပြောင်းလဲပြီးအကောင်အထည်ဖော်ရခြင်းအတွက် အကြောင်းရင်းများကို ရှင်းလင်းဖော်ပြသင့်သည်။

EITI ဘုတ်အဖွဲ့သည် မျှော်လင့်မထားသောအခြေအနေရပ်များတွင်သာ လိုက်လျောညီထွေပြုပြင်ဆောင်ရွက်ခြင်းကို ခွင့်ပြုမည်ဖြစ်သည်။ ယင်းတောင်းဆိုချက်များကိုစဉ်းစားရာတွင် EITI သည် နိုင်ငံများအကြား နှိုင်းယှဉ်သာသော ဆက်ဆံခြင်းအတွက်လိုအပ်ချက်နှင့် EITI ဖြစ်စဉ်သည် လုံလုံလောက်လောက် အားလုံးအကျုံးဝင်ပါဝင်ကြောင်း သေချာစေခြင်းနှင့် EITI ထုတ်ပြန်အသိပေးချက်များသည် ဘက်စုံခြုံငုံနားလည်လွယ်ကြောင်း၊ ယုံကြည်ကိုးစားနိုင်ကြောင်းနှင့် အများပြည်သူဆွေးနွေး ပြော

ဆိုခြင်းကိုဖြစ်ပေါ်စေကြောင်း သေချာစေခြင်းစသည်တို့အပါအဝင် EITI အခြေခံစည်းမျဉ်းများအား လိုက်နာကြောင်းသေချာစေခြင်းတို့အပေါ် ဦးစားပေးမည်ဖြစ်သည်။

## အပိုဒ် ၂ – ထုတ်ပြန်အသိပေးခြင်းနှင့် အစီရင်ခံခြင်း နောက်ဆုံးရက်သတ်မှတ်ချက် များ

အကောင်အထည်ဖော်သောနိုင်ငံများသည် အချိန်နှင့်တပြေးညီဖြစ်သော သတင်းအချက်အလက်များအား ထုတ်ပြန်ရန်လိုအပ်သည် (လိုအပ်ချက် ၄.၈)။ အကောင်အထည်ဖော်သောနိုင်ငံများသည် တောင်းခံသောသတင်းအချက်အလက်များကို (စံအားဖြင့် EITI အစီရင်ခံစာမှ တဆင့်) EITI အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ခွင့်လက်ခံရရှိပြီး ၁၈ လအကြာတွင် ထုတ်ပြန်ရန်လိုအပ်သည်။ ထို့နောက် ထုတ်ပြန်ထားသော ဒေတာအချက်အလက်သည် ဒုတိယမှ နောက်ဆုံးပြီးမြောက်ထားသော စာရင်းအင်း ကာလထက် မအိုဟောင်းရပါ။ ဥပမာ – ဒီဇင် ဘာလ ၃၁ ရက်နေ့၊ ၂၀၁၈ ခုနှစ်တွင်ပြီး ဆုံးသောဘဏ္ဍာရေးနှစ်အတွက် ပါဝင်သည့်သတင်းအချက်အလက်များကို ဒီဇင်ဘာလ ၃၁ ရက်နေ့ ၂၀၂၀ ခုနှစ်နောက်ဆုံး ထားပြီးထုတ်ပြန်ရမည်ဖြစ်သည်။

ဒေတာအချက်အလက်သည် လိုအပ်သော နောက်ဆုံးရက်သတ်မှတ်ချက်အမီ မထုတ်ပြန်ပါက နိုင်ငံသည် အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်းခံရမည်။ ထုတ်ပြန်ရန်ကျန်ရှိနေသော ဒေတာအချက်အလက်များကို နောက်ဆုံးရက်သတ်မှတ်ချက်အပြီး အချိန် ၆ လအတွင်း ထုတ်ပြန်ခြင်းကို ကျေနပ်မှုရှိပါက EITI ဘုတ်အဖွဲ့မှ ရပ်စဲထားမှုကို ပြန်လည်ဖြေလျှော့ပေးမည်ဖြစ်သည်။ ကျန်ရှိနေသော ဒေတာအချက်အလက်များကို နောက်ဆုံးရက်သတ်မှတ်ချက်အပြီး အချိန် ၆ လအတွင်း မထုတ်ပြန်ပါက နိုင်ငံသည် လိုအပ်ချက် ၄.၈ နှင့်အညီ EITI ဒေတာအချက်အလက်များကို ထုတ်ပြန်ကြောင်း EITI ဘုတ်အဖွဲ့မှ ကျေနပ်မှုမရှိမခြင်း ရပ်စဲမှု ဆက်လက်အသက်ဝင်နေမည်ဖြစ်သည်။ EITI ဘုတ်အဖွဲ့သည် တစ်နှစ်ထက်ပို၍ ရပ်စဲခြင်းခံရသောနိုင်ငံများအား အဖွဲ့ဝင်စာရင်းမှပယ် ဖျက်မည်ဖြစ်သည်။

## အပိုဒ် ၃ – ကနဦးအကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းနောက်ဆုံးရက်သတ်မှတ်ချက်

EITI ဘုတ်အဖွဲ့သည် အကောင်အထည်ဖော်သောနိုင်ငံများအား ဝင်ခွင့်လက်ခံပါက ၎င်းသည် နှစ်နှစ်ခွဲအချိန်အတွင်းအကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းကိုစတင်ရန်နောက်ဆုံးရက်သတ်မှတ်ချက်အား

ချမှတ်ပေးမည်ဖြစ်သည်။ လေ့လာတွေ့ရှိချက်များအား စဉ်းစားပြီးနောက် ဘုတ်အဖွဲ့သည် နောက်ဆက်တွဲအကဲဖြတ်ဆန်းစစ်အတည်ပြုချက်များအတွက် နောက်ဆုံးရက်သတ်မှတ်ချက်ကို ဖော်ဆောင်ချမှတ်ပေးမည်ဖြစ်သည်(အပိုဒ်၅)။

## အပိုဒ် ၄ – EITI အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်

### (က) EITI လိုအပ်ချက်တစ်ခုချင်းစီ၏ အကဲဖြတ်ဆန်းစစ်ချက်

လေ့လာဆန်းစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်သည် EITI လိုအပ်ချက်တစ်ခုချင်းစီကို နိုင်ငံများ၏ လိုက်နာလုပ်ဆောင်မှုအပေါ် တိုးတက်မှုအခြေအနေများအား အကဲဖြတ်ဆန်းစစ်မည်ဖြစ်သည်။ တစ်သီးပုဂ္ဂလလိုအပ်ချက်များအပေါ် အကဲဖြတ်ဆန်းစစ်ချက်များပြုလုပ်ရန်လိုအပ်သည့် သက်သေအထောက်အထားပုံစံများဆိုင်ရာ အသေးစိတ်လမ်းညွှန်ချက်ကို အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းလမ်းညွှန်တွင် ဖော်ပြထားသည်။ တစ်သီးပုဂ္ဂလ EITI လိုအပ်ချက်တစ်ခုချင်းစီနှင့် အညီလိုက်နာလုပ်ဆောင်မှုနှင့် တိုးတက်မှုအဆင့်တို့ကို အောက်ဖော်ပြပါ အဆင့်သတ်မှတ်ချက်များအနက် တစ်ခုအားအသုံးပြု၍ဖော်ပြရမည်ဖြစ်သည်။

**ထူးခြားပြောင်မြောက်သောတိုးတက်မှု** – နိုင်ငံတစ်နိုင်ငံသည် ထူးခြားပြောင်မြောက်သောတိုးတက်မှုရှိသည်ဟု EITI ဘုတ်အဖွဲ့မှကောက်နုတ်ချက်ချရန်မှာ အကဲဖြတ်ဆန်းစစ်အတည်ပြုချက်သည် မျော်လင့်သည်၊ တိုက်တွန်းသည်နှင့် အကြံပြုသည်ဟူသော ရှုထောင့်အပိုင်းများအပါအဝင် လိုအပ်ချက်၏ရှုထောင့်အပိုင်းအားလုံးတို့ကိုအကောင်အထည်ဖော်ထားပြီးဖြစ်ကြောင်းနှင့်၊ လိုအပ်ချက်၏ပိုမိုကျယ်ပြန့်သော ရည်ရွယ်ချက်ကိုလည်း အစိုးရနှင့် ကုမ္ပဏီစနစ်များမှ စနစ်တကျထုတ်ပြန်အသိပေးခြင်းတို့မှတဆင့် ပြည့်မှီအောင် ဆောင်ရွက်ထားကြောင်း ပြသနိုင်ရန်လိုအပ်သည်။

**ကျေနပ်ဖွယ်ရာတိုးတက်မှု – နိုင်ငံတစ်နိုင်ငံသည် ကျေနပ်ရာတိုးတက်မှုရှိသည်ဟု** EITI ဘုတ်အဖွဲ့မှ ကောက်နုတ်ချက်ချရန်မှာ လေ့လာဆန်းစစ်အတည်ပြုချက်သည် လိုအပ်ချက်၏ ရှုထောင့်အပိုင်းအားလုံးတို့ကိုအကောင်အထည်ဖော်ထားကြောင်းနှင့်၊ လိုအပ်ချက်၏ ပိုမိုကျယ်ပြန့်သော ရည်ရွယ်ချက်ကိုပြည့်မှီအောင် ဆောင်ရွက်ထားကြောင်း ပြသနိုင်ရန်လိုအပ်သည်။

**အဓိပ္ပာယ်ရှိသောတိုးတက်မှု - နိုင်ငံတစ်နိုင်ငံသည် အဓိပ္ပာယ်ရှိသောတိုးတက်မှုရှိသည်ဟု** EITI ဘုတ်အဖွဲ့မှကောက်နုတ်ချက်ချရန်မှာ လေ့လာဆန်းစစ်အတည်ပြုချက်သည် လိုအပ်ချက်၏သိသာထင်ရှားသောရှုထောင့်အပိုင်းများအား အကောင်အထည်ဖော်ထားကြောင်းနှင့် လိုအပ်ချက်၏ ပိုမိုကျယ်ပြန့်သောရည်ရွယ်ချက်ကိုပြည့်မီအောင် ဆောင်ရွက်ထားကြောင်း ပြသနိုင်ရန် လိုအပ်သည်။

**လုံလောက်မှုမရှိသောတိုးတက်မှု** – နိုင်ငံတစ်နိုင်ငံသည်လုံလောက်မှုမရှိသောတိုးတက်မှုရှိသည်ဟု EITI ဘုတ်အဖွဲ့မှကောက်နုတ်ချက်ချရန်မှာ လေ့လာဆန်းစစ်အတည်ပြုချက်သည် လိုအပ်ချက်၏သိသာထင်ရှားသော ရှုထောင့်အပိုင်းများအား အကောင်အထည်မဖော်ထားကြောင်းနှင့် လိုအပ်ချက်၏ပိုမိုကျယ်ပြန့်သော ရည်ရွယ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်ခြင်းမှ ကင်းဝေးနေကြောင်း ပြသနိုင်ရန်လိုအပ်သည်။

**တိုးတက်မှုမရှိ - နိုင်ငံတစ်နိုင်ငံသည် တိုးတက်မှုမရှိဟု** EITI ဘုတ်အဖွဲ့မှကောက်နုတ်ချက် ချရန်မှာ အကဲဖြတ်ဆန်းစစ်အတည်ပြုချက်သည် လိုအပ်ချက်၏ရှုထောင့်အပိုင်းများအားလုံး သို့မဟုတ် အားလုံးနီးပါးတို့အား အကောင်အထည်မဖော်ထားကြောင်းနှင့် လိုအပ်ချက်၏ပိုမိုကျယ်ပြန့်သော ရည်ရွယ်ချက်ကို ပြည့်မီအောင်မဆောင်ရွက်ထားကြောင်း ပြသနိုင်ရန်လိုအပ်သည်။

### (ခ) ခြုံငုံ အကဲဖြတ်ဆန်းစစ်ချက်များ

EITI ဘုတ်အဖွဲ့သည် EITI **စံနှုန်း**အတွင်းရှိ လိုအပ်ချက်များအားလုံးနှင့်အညီ ခြုံငုံလိုက်နာမှုအား အကဲဖြတ်ဆန်းစစ်မည်ဖြစ်သည်။နိုင်ငံတစ်နိုင်ငံ၏ခြုံငုံအကဲဖြတ်ဆန်းစစ်ချက်ကိုသတ်မှတ်ရာတွင် EITIဘုတ်အဖွဲ့သည်အထက်ပါအပိုဒ်၄(ခ)တွင်ဖော်ပြထားသောတစ်သီးပုဂ္ဂလလိုအပ်ချက်များအား အကဲဖြတ်ဆန်းစစ်ခြင်းအတွက်သုံးသည့် တူညီသောတိုင်းတာမှုများကို အသုံးပြုမည်ဖြစ်သည်။ ဘုတ်အဖွဲ့သည် အောက်ပါအစိတ်အပိုင်းများကို ထည့်သွင်း စဉ်းစားမည်ဖြစ်သည်။

❖ တစ်သီးပုဂ္ဂလလိုအပ်ချက်များအား အကဲဖြတ်ဆန်းစစ်ချက်ရလဒ်များနှင့် ယင်းရလာသော ရလဒ်များအတူတကွတို့သည် “ကျေနပ်ဖွယ်ရာတိုးတက်မှု”၊ “အဓိပ္ပာယ်ရှိသောတိုးတက်မှု” “လုံလောက်မှုမရှိသောတိုးတက်မှု” သို့မဟုတ် “တိုးတက်မှုမရှိ” တို့ကို ရှင်းရှင်းလင်းလင်း

ညွှန်ပြပေးမှုရှိမရှိ။

❖ အကဲဖြတ်ဆန်းစစ်အတည်ပြုသူများ၊ အကဲဖြတ်ဆန်းစစ်အတည်ပြုရေးကော်မတီတို့၏ အကြံဉာဏ်များနှင့် အကြံပြုချက်များ

❖ အကောင်အထည်ဖော်မထားသော လိုအပ်ချက်များ၏သဘောသဘာဝနှင့် လိုအပ်ချက်များ ပြည့်မီရန်မည်မျှနီးစပ်နေပြီဖြစ်ကြောင်း

❖ နိုင်ငံတော်၏ သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍ၏ ပမာဏနှင့် ရှုပ်ထွေးမှု

❖ ၎င်းတို့သာဖြစ်သည်ဟုကန့်သတ်မထားသည့် State Fragility နှင့် မကြာသေးမီ သို့မဟုတ် ဆက်လက်ဖြစ်ပေါ်နေသော နိုင်ငံရေးပြောင်းလဲမှုစသည့် လိုအပ်ချက်များပြည့်မီရန်အခြားအခက်အခဲအတားအဆီးများနှင့်၊ ကြုံတွေ့ရသော အခက်အခဲအတားအဆီးများအား ဖြေရှင်းရန် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ အရေးယူဆောင်ရွက်ချက်များကို မည်မျှအတိုင်းအတာအထိ လုပ်ဆောင်ထားသည်

❖ လိုအပ်ချက်များနှင့်အညီဖြစ်အောင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သဘောရိုးဖြောင့်မတ်မှုဖြင့် လုပ်ဆောင်ထားသောကြိုးပမ်းချက်များ

❖ လိုအပ်ချက်များနှင့်အညီမလိုက်နာနိုင်ခြင်းအတွက်အကြောင်းရင်းများနှင့်အကြောင်းပြချက်များ

❖ အနာဂတ်တွင်လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ရန် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သဘောတူညီထားသောမည်သည့်အစီအစဉ်များမဆို

လိုအပ်ချက်များအား အကဲဖြတ်ဆန်းစစ်ချက်အပြင် လေ့လာဆန်းစစ်အတည်ပြုခြင်းသည် အောက်ပါတို့ကို မှတ်တမ်းတင်မည်ဖြစ်သည်။

❖ EITI **လိုအပ်ချက်များထက် ပိုမိုအောင်ကြိုးပမ်းဆောင်ရွက်ချက်များ** – ၎င်း တွင် EITI စံနှုန်း၏ "တိုက်တွန်းသည်" သို့မဟုတ် "အကြံပြုသည်" ဟူသောရှုထောင့်အပိုင်းများ အားဖြေရှင်း

ဆောင်ရွက်ရန်သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုများပါဝင်သည်။ ၎င်းတွင် EITI စံနှုန်းအတိုင်းအဆ၏ပြင်ပတွင်ကျရောက်သော်လည်း သယံဇာတတူးဖော်ထုတ်လုပ်ရေးကဏ္ဍအတွက် အမျိုးသားအဆင့်ဦးစားပေးမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လိုအပ်သောရည်ရွယ်ချက်များအဖြစ် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ ဖော်ထုတ်ထားသော လုပ်ငန်းအစီအစဉ်ရည်ရွယ်ချက်များကိုအောင်မြင်စွာရရှိအောင် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့၏ကြိုးပမ်းအားထုတ် မှုများလည်းပါဝင်သည်။ ယင်းကြိုးပမ်းဆောင်ရွက်ချက်များကို လေ့လာဆန်း စစ်အတည် ပြုခြင်းလုပ်ငန်းစဉ်တွင် မှတ်တမ်းတင်သွားမည်ဖြစ်သော်လည်း EITI စံနှုန်းနှင့် အညီလိုက်နာလုပ်ဆောင်ခြင်းအား အကဲဖြတ်ဆန်းစစ်ရာတွင် ထည့်သွင်းစဉ်းစားသွားမည်မဟုတ်ချေ။ လေ့လာဆန်းစစ်အတည်ပြုရာတွင် EITI စံနှုန်းနှင့်/သို့မဟုတ် လုပ်ငန်းအစီအစဉ်များ၏ “တိုက်တွန်း သည်” သို့မဟုတ် “အကြံပြုသည်” ဟူသည့်ရှုထောင့်အပိုင်းများအား ဘက်စုံခြုံငုံစွာအကောင်အထည်ဖော်ထားကြောင်း သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ ကောက်နှုတ်ချက်ချပါက EITI ဘုတ်အဖွဲ့သည် ယင်းကြိုးပမ်းချက်များအား အကဲဖြတ်ဆန်းစစ်ချက် အမှတ်ပေးကဒ်တွင် အသိအမှတ်ပြုဖော်ပြသွား မည်ဖြစ်သည်။

❖ အကောင်အထည်ဖော်ခြင်းသည် တိုးတက်နေသည် သို့မဟုတ် ဆုတ်ယုတ်နေသည်ကို ဖော်ပြသော၊ နိုင်ငံ၏ ယခင်လေ့လာဆန်းစစ်အတည်ပြုချက်(များ)နှင့် နိုင်းယှဉ်သည့် EITI လိုအပ်ချက်တစ်ခုချင်းစီပြည့်မီရေးအတွက် တိုးတက်မှုလမ်းကြောင်း

လေ့လာဆန်းစစ်အတည်ပြုခြင်းများအတွက် လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့် (Terms of Reference) နှင့်အညီ ယင်းအကဲဖြတ်ဆန်းစစ်ချက်များ၏ရလဒ်ကို သက်သေအထောက်အထားများ၊ ပါဝင်သက်ဆိုင်သူများ၏အမြင်များ၊ မှီငြမ်းစာများနှင့် ကောက်နှုတ်ချက်များ စသည်တို့နှင့်ပါတင်ပြပြီး အကဲဖြတ်ဆန်းစစ်ချက် အမှတ်ပေးကဒ်နှင့် ဖြစ်ကြောင်းအစီရင်ခံစာတို့တွင် မှတ်တမ်းတင်သွားမည်ဖြစ်သည်။

## အပိုဒ် ၅ – အကာအကွယ်များ

ပါဝင်သက်ဆိုင်သူများပူးပေါင်းပါဝင်မှု (လိုအပ်ချက် ၁.၁၊ ၁.၂၊ ၁.၃)နှင့် စပ်လျဉ်းသည့် လိုအပ်ချက်များအနက်တစ်ခုခုအပေါ် လုံလောက်မှုမရှိသော တိုးတက်မှုများ သို့မဟုတ် ပို၍နည်းပါးစွာလုပ်ဆောင်ထားပါက ဘုတ်အဖွဲ့သည် အပိုဒ် ၈ အရ ယင်းနိုင်ငံအား အဖွဲ့ဝင်အဖြစ်မှရပ်စဲမည်ဖြစ်သည်။

ပထမ အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းတွင် နိုင်ငံတစ်နိုင်ငံသည်အကယ်၍ အရပ်ဘက်အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များနှင့်စပ်လျဉ်းသည့်လိုအပ်မှုပစ်ချက်ကြောင့် အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာလိုအပ်ချက် ၁.၃ အပေါ် အနှစ်သာရရှိသောတိုးတက်မှုဖြစ်ပေါ်စေလျှင် နိုင်ငံအားရပ်စဲမည်မဟုတ်ပဲ ဘုတ်အဖွဲ့မှ ဖော်ဆောင်ထားသော အမှန်ပြုပြင်ရေးလုပ်ဆောင်ချက်များ ဖြေရှင်းလုပ်ဆောင်သည့် တိုးတက်မှုကို ပြသရမည်ဖြစ်သည်။ နောက်ဆက်တွဲ အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းတွင် အမှန်ပြုပြင်ရေးလုပ် ဆောင်ချက်များ ဖြေရှင်းလုပ်ဆောင်သည့် တိုးတက်မှုကိုမပြသနိုင်ပါက အပိုဒ် ၈ နှင့်အညီ ရပ်စဲခြင်း ကိုခံရမည်ဖြစ်သည်။

## အပိုဒ် ၆ – အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း၏ ရေရှည်ရလဒ်

အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် လိုအပ်ချက်များအားလုံးတွင် ကျေနပ် ဖွယ်ကောင်းသောတိုးတက်မှုရှိသည်ဟု သက်သေထူနိုင်ပါက EITI အဖွဲ့သည် ယင်းနိုင်ငံ အားကျေနပ်ဖွယ်ကောင်းသောခြုံငုံတိုးတက်မှုရှိသည့်နိုင်ငံအဖြစ် သတ်မှတ်မည်ဖြစ်သည်။

အကောင်အထည်ဖော်ဆောင်လျက်ရှိသော နိုင်ငံများသည် ၎င်းတို့အဆင့်အား ထိန်းသိမ်းရာတွင် EITI အခြေခံစည်းမျဉ်းများနှင့် လိုအပ်ချက်များနှင့် ကိုက်ညီမှုကို ထိန်းသိမ်းထားရမည်ဖြစ်သည်။ လိုအပ်သောစံနှုန်းအောက် EITI ၏အကောင် အထည်ဖော်ဆောင်ခြင်းသည် တစ်ဆက်တည်းတွင် ဆုတ်ယုတ်မှုရှိနေကြောင်း စိုးရိမ်ရမှုများ ရှိပါက EITI ဘုတ်အဖွဲ့သည် ယင်းနိုင်ငံအား အကဲဖြတ်ဆန်းစစ်အတည်ပြုမှု အသစ်ခံယူခိုင်းပိုင်ခွင့်ရှိပါသည်။ ပါဝင်သက်ဆိုင်သူများသည် ယင်းအဆင့် အခြေအနေအား ပြန်လည်စိစစ်သုံးသပ်သင့်ကြောင်း ထင်မြင်ယူဆပါက EITI ဘုတ်အဖွဲ့ထံ ဆန္ဒထုတ်ဖော်တင်သွင်းနိုင်သည်။ ယင်းတောင်းဆိုချက်က EITI ဘုတ်အဖွဲ့အတွင်း ပါဝင်သက်ဆိုင်သူ၏ မဲဆန္ဒရှင် လူထုကိုယ်

စားလှယ် (များ) မှတင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။ EITI ဘုတ်အဖွဲ့သည် အခြေအနေကို လေ့လာသုံး သပ်ပြီးနောက် ကြိုတင်အကဲဖြတ် ဆန်းစစ်အတည်ပြုခြင်းလိုအပ်မှုရှိ မရှိ ၎င်းကိုယ်တိုင် ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။ ယင်းအကဲဖြတ် ဆန်းစစ်မှု၏ လေ့လာတွေ့ရှိချက်များ အပေါ်အခြေခံ၍ EITI ဘုတ်အဖွဲ့သည် နိုင်ငံ၏ အဆင့်အခြေအနေကို သတ်မှတ်မည်ဖြစ်သည်။

ကျေနပ်ဖွယ်ကောင်းသောတိုးတက်မှုမရှိခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များသည် ဘုတ်အဖွဲ့၏ အချုပ်ခြုံငုံအကဲဖြတ်ပေါ်တွင်မူတည်သည်။

(၁) **တိုးတက်မှုမရှိ** – နိုင်ငံသည် စာရင်းမှထုတ်ပယ်ခံရမည်။

(၂) **လုံလောက်မှုမရှိသောတိုးတက်မှု** – နိုင်ငံသည် ယာယီရပ်စဲခံရမည်ဖြစ်ပြီး ဒုတိယလေ့လာ ဆန်းစစ် အတည်ပြုခြင်းမတိုင်ခင်ထိ အမှန်ပြုပြင်ရေးဆောင်ရွက်ချက်များလုပ်ဆောင်ရန် တောင်းဆိုခံရမည်။ ရပ်စဲခံရခြင်းမှပယ်ဖျက်ရန်မှ နိုင်ငံသည် ၎င်း၏ ဒုတိယကြိမ်မြောက် လေ့လာအကဲဖြတ်ဆန်းစစ် အတည်ပြုခြင်းတွင် အနစ်သာရရှိသောတိုးတက်မှုကို အနည်းဆုံးပြသနိုင်ရ မည်ဖြစ်သည်။

(၃) **အနှစ်သာရရှိသောတိုးတက်မှု – နိုင်ငံသည်** EITI နိုင်ငံအဖြစ်သတ်မှတ်ခံရမည်ဖြစ်ပြီး ဒုတိယ အကြိမ်မြောက် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းမတိုင်မီ အမှန်ပြုပြင်ရေးဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် တောင်းဆိုခံရမည်ဖြစ်သည်။

၁။ နိုင်ငံသည် ဒုတိယအကြိမ်မြောက်အကဲဖြတ် ဆန်းစစ်အတည်ပြုခြင်းတွင် အနစ်သာရရှိသော တိုး တက်မှုရှိသော်လည်း တစ်သီးပုဂ္ဂလလိုအပ်ချက်များတွင် တိုးတက်မှုများမရှိပါက နိုင်ငံသည် ယာယီ ရပ်စဲခံရမည်ဖြစ်ပြီး တတိယအကြိမ်မြောက် အကဲဖြတ်ဆန်းစစ် အတည်ပြုခြင်း မတိုင်မီအထိအမှန် ပြုပြင်ရေးဆောင်ရွက်ချက်များလုပ်ဆောင်ရန် တောင်းဆိုခံရမည်ဖြစ်သည်။ နိုင်ငံသည် တတိယ ကြိမ်မြောက်အကဲဖြတ် ဆန်းစစ်အတည်ပြုခြင်းတွင် အနစ်သာရရှိသောခြုံငုံတိုးတက်မှုကို ရရှိသော် လည်း တစ်သီးပုဂ္ဂလလိုအပ်ချက်များတွင် တိုးတက်မှုမရှိပါက ၎င်းနိုင်ငံသည်စာရင်းမှ ထုတ်ပယ်ခံ ရမည်ဖြစ်သည်။ နိုင်ငံသည် တတိယကြိမ်မြောက်အကဲဖြတ်ဆန်းစစ်အ တည်ပြုခြင်းတွင် အနစ်သာ ရရှိသော ခြုံငုံတိုးတက်မှုရရှိသော်လည်း အခြားတစ်သီးပုဂ္ဂလ လိုအပ်ချက်များစွာတို့တွင် မှတ်ယူ၍

ရနိုင်သောတိုးတက်မှု အချို့သာရှိလျှင် (ဥပမာ - ရှေးယခင်တွင်မပြည့်မီသော်လည်း ယခုပြည့်မီလာသည့် လိုအပ်ချက်အချို့ဖြစ်သော်လည်း အားလုံးမဟုတ်) နိုင်ငံကို ဆက်လက်ရပ်စဲထား မည်ဖြစ်သည်။ ဘုတ်အဖွဲ့သည် အမှန်ပြုပြင်ရေးဆောင်ရွက်ချက်အသစ်များကို ချမှတ်ဖော်ဆောင်ပေးမည်ဖြစ်သည်။ စတုတ္ထအကြိမ်မြောက် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းတွင် လိုအပ်ချက်အားလုံးအား ပြည့်မီရန် (ဥပမာ - ကျန်ရှိနေသော အမှန်ပြုပြင်ရေးဆောင်ရွက်ချက်အားလုံးကို ဖြေရှင်း ဆောင်ရွက်ရန်) ပျက်ကွက်ခြင်းသည် စာရင်းမှထုတ် ပယ်ခံရမည်ဖြစ်သည်။

၂။ နိုင်ငံသည် ဒုတိယအကြိမ်မြောက် လေ့လာဆန်းစစ်အတည်ပြုခြင်းတွင် အနစ်သာရရှိသော တိုးတက်မှုရှိပြီး တစ်သီးပုဂ္ဂလလိုအပ်ချက်အတော်များများတို့တွင် တိုးတက်မှုဟု မှတ်ယူ၍ရသော တိုးတက်မှုအချို့ (ဥပမာ - ရှေးယခင်တွင်မပြည့်မီသော်လည်း ယခုပြည့်မီလာသည့် လိုအပ်ချက်အချို့ဖြစ်သော်လည်း အားလုံးမဟုတ်) ရှိလျှင် နိုင်ငံကို EITI နိုင်ငံအဖြစ် သတ်မှတ်မည်ဖြစ်ပြီး အမှန်ပြုပြင်ရေး ဆောင်ရွက်ချက်များကို လုပ်ဆောင်စေမည်ဖြစ်သည်။ နိုင်ငံသည် တတိယအကြိမ်မြောက်လေ့လာဆန်းစစ်အတည်ပြုခြင်းတွင် အနစ်သာရရှိသောခြုံငုံတိုးတက်မှုရှိလျှင် ယာယီရပ်စဲခံရမည်ဖြစ်သည်။ ဘုတ်အဖွဲ့သည် အမှန်ပြုပြင်ရေးလုပ်ဆောင်ချက် အသစ်များကို ချမှတ်ဖော်ဆောင်ပေးမည်ဖြစ်သည်။ စတုတ္ထအကြိမ်မြောက် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းတွင် လိုအပ်ချက်အားလုံးအားပြည့်မီရန် (ဥပမာ - ကျန်ရှိနေ သော အမှန်ပြုပြင်ရေး ဆောင်ရွက်ချက်အားလုံးကို ဖြေရှင်းဆောင်ရွက်ရန်) ပျက်ကွက်ခြင်း သည် စာရင်းမှ ထုတ်ပယ်ခံရမည်ဖြစ်သည်။

၃။ နိုင်ငံသည် ဒုတိယ သို့မဟုတ် ဆက်တိုက်ဖြစ်သောနောက်တစ်ကြိမ် လေ့လာဆန်းစစ်အတည်ပြုခြင်းများတွင် လုံလောက်မှုမရှိသောတိုးတက်မှုသာရှိပါက အပိုဒ်ခွဲ ၁ ပါလုပ်ထုံးကို ကျင့်သုံးမည်ဖြစ်သည်။

အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် လိုက်နာမှုမရှိဟု သက်သေထူပါက EITI ဘုတ်အဖွဲ့သည် နိုင်ငံမှလုပ်ဆောင်ရန် လိုအပ်သောအမှန်ပြုပြင် ရေးလုပ်ဆောင်ချက် များနှင့် နိုင်ငံမှ နောက်တစ်ကြိမ်အကဲဖြတ် ဆန်းစစ်အတည်ပြုခြင်းအတွက် အချိန် ၃ လမှ ၁၈ လ ရှိအချိန်ဇယားတစ်ခုကိုချမှတ်ဖော်ဆောင်ပေးမည်ဖြစ်ပြီး အမှန်ပြုပြင်ရေးလုပ်ဆောင်ချက်များ၏ တိုးတက်မှုများကို

အကဲဖြတ်ဆန်းစစ်မည်ဖြစ်သည်။ အမှန်ပြုပြင်ရေးလုပ်ဆောင်ချက်များ ပြီးမြောက်ရန်အတွက် အချိန်ဇယားကို ချမှတ်ဖော်ဆောင်ရာတွင် EITI ဘုတ်အဖွဲ့သည် အမှန်ပြုပြင်ရေးလုပ်ဆောင်ချက်များ၏သဘောသဘာဝနှင့် ဒေသတွင်းအခြေအနေရပ်များကိုစဉ်းစား သွားမည်ဖြစ်သည်။ ဘုတ်အဖွဲ့သည် ပိုမိုတိုတောင်းသော သို့မဟုတ် ကြာရှည်သောအချိန်ဇယားကို ချမှတ်ဖော်ဆောင်ပိုင်ခွင့်ရှိသည်။

အကောင်အထည်ဖော်သောနိုင်ငံသည် အပိုဒ် ၇ နှင့်အညီ ဤအချိန်ဇယားကို တိုးချဲ့ရန် တောင်းဆိုနိုင်သည်။ နိုင်ငံတစ်နိုင်ငံသည် EITI ဘုတ်အဖွဲ့မှသတ်မှတ်ထားသော အချိန်ထက်စော၍ အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းကို စတင်ရန်လည်း တောင်းဆိုနိုင်သည်။

အကောင်အထည်ဖော်သောနိုင်ငံသည် ကျေနပ်ဖွယ်ကောင်းသောဟူသည့် အဆင့်အောက်လျော့နည်းသည့် ခြုံငုံသောတိုးတက်မှုအဆင့်ကို EITI နိုင်ငံအဖြစ်သတ်မှတ်ခံရသည့်နေ့မှစ၍ အများဆုံး ၇ နှစ် တိုင်အောင် ရရှိထားနိုင်သည်။

## အပိုဒ် ၇ – သက်တမ်းတိုးခြင်း

အကောင်အထည်ဖော်သောနိုင်ငံသည် အထက်တွင်ဖော်ပြထားသောမည်သည့် နောက်ဆုံးရက်သတ်မှတ်ချက်ကိုမျှ အမှီမလုပ်ဆောင်နိုင်ပါက သက်တမ်းတိုးရန်လျှောက်ထားနိုင်သည်။ EITI ဘုတ်အဖွဲ့သည် သက်တမ်းတိုးရန် တောင်းဆိုချက်များကို အကဲဖြတ်ဆန်းစစ်ရာတွင်အောက်ဖော်ပြပါ စစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

(၁) တောင်းဆိုချက်ကို နောက်ဆုံးရက်သတ်မှတ်ချက်မတိုင်မီ ကြိုတင်တောင်းခံရမည်ဖြစ်ပြီး သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ ထောက်ခံရမည်ဖြစ်သည်။

(၂) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် ၎င်းအနေဖြင့်နောက်ဆုံး ရက်သတ်မှတ်ချက်အမီ ပြီးမြောက်ရေးအတွက်ဦးတည်သည့် စဉ်ဆက်မပြတ်တိုးတက်မှုများရှိနေခဲ့ပြီး မျှော်လင့်မထားသော၊ ချွင်းချက်ဖြစ်သော အခြေအနေရပ်များကြောင့်သာ နှောင့်နှေးကြန့်ကြာရကြောင်း ပြသနိုင်ရမည်ဖြစ်သည်။ စဉ်ဆက်မပြတ်တိုးတက်မှုကို အကဲဖြတ်ဆန်းစစ်ရာတွင် EITI ဘုတ်အဖွဲ့သည် အောက်ပါတို့ကို စဉ်းစားသွားမည်ဖြစ်သည်။

(၁) EITI လုပ်ငန်းစဉ်၊ အထူးသဖြင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ လည်ပတ်ခြင်းနှင့်၊ အစိုးရ၏ ရှင်းလင်းသော၊ခိုင်မာသော ကတိကဝတ်ပြုဆောင်ရွက်မှု။

(၂) လိုအပ်ချက် ၄.၈ အရ အချိန်မီအစီရင်ခံခြင်းအတွက် လိုအပ်ချက်များကို ပြည့်မီရေးတွင် အနှစ်သာရရှိသောတိုးတက်မှုနှင့် EITI အစီရင်ခံခြင်းတိုးတက် ကောင်းမွန်ရန်အတွက် အကြံပြုချက်များအားဖြေရှင်းဆောင်ရွက်သည့်အားထုတ် ကြိုးပမ်းမှုများအပါအဝင် EITI အစီရင်ခံခြင်း၏ အခြေအနေနှင့် အရည်အသွေး။

(၃) မျှော်လင့်မထားသော၊ ချွင်းချက်ဖြစ်သော အခြေအနေရပ်(များ)ကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ တောင်းဆိုချက်တွင် ရှင်းလင်းတင်ပြရမည်ဖြစ်သည်။

(၄) အဖွဲ့ဝင်လောင်းဖြစ်သည့်အမြင့်ဆုံးအချိန်ကာလသက်တမ်းကို တိုးမြင့်စေမည့် မည်သည့် သက်တမ်းတိုးခြင်း တစ်စုံတစ်မျိုးကိုမှ ခွင့်ပြုမည်မဟုတ်ပါ။

## အပိုင်း ၈ – ရပ်စဲခြင်း

### (က) EITI အခြေခံစည်းမျဉ်းများနှင့် လိုအပ်ချက်များအား ချိုးဖောက်ခြင်းကြောင့် ရပ်စဲခြင်း

EITI အခြေခံစည်းမျဉ်းများနှင့် လိုအပ်ချက်များ၏ အထင်ကရအစိတ်အပိုင်းများအား အကောင်အထည်ဖော်သည့်နိုင်ငံမှ မလိုက်နာပါက EITI ဘုတ်အဖွဲ့သည် အဆိုပါနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှရပ်စဲသို့မဟုတ် ထုတ်ပယ်မည်ဖြစ်ကြောင်း ရှင်းလင်းထင်ရှားသည်ဖြစ်သည်။ ၎င်းတွင် နိုင်ငံများမှ အချိန်မီ EITI အစီရင်ခံခြင်း နှင့်/သို့မဟုတ် EITI ဘုတ်အဖွဲ့မှချမှတ်ထားသော နောက်ဆုံးရက်သတ်မှတ်ချက်များအမီ EITI လိုအပ်ချက်များကို လိုက်နာမှုပြည့်မီရေးတို့အတွက် လိုအပ်ချက်များကို မပြည့်မီသည့် ဖြစ်စဉ်များ ပါဝင်သည်။ EITI အခြေခံစည်းမျဉ်းများနှင့်လိုအပ်ချက်များနှင့်အညီ လိုက်နာမှုအား အကြပ်အတည်းဖြစ်စေသည်ဟု EITI ဘုတ်အဖွဲ့မှ စိုးရိမ်မှုရှိပါက ၎င်းသည် နိုင်ငံတကာအတွင်းရေးမှူးအား အခြေအနေကြောင်း သတင်းအချက်အလက်များ စုဆောင်းရန်နှင့် EITI ဘုတ်အဖွဲ့အား အစီရင်ခံစာတင်ပြရန် တောင်းဆိုနိုင်သည်။

အကောင်အထည်ဖော်ဆောင်လျက်ရှိသော နိုင်ငံအားရပ်စဲခြင်းသည် ယာယီယန္တရားဖြစ်ပြီး အများဆုံးအဖွဲ့ဝင်လောင်းသက်တမ်းအရသာလျှင်ဖြစ်သည်။ EITIဘုတ်အဖွဲ့သည်အကောင်အထည်ဖော်သောနိုင်ငံအား EITI စံနှုန်းချိုးဖောက်ခြင်းများကို ဖြေရှင်းဆောင်ရွက်ရန် အချိန်အကန့်အသတ်ကို ချမှတ်ဖော်ဆောင်ပေးမည်ဖြစ်သည်။ ရပ်စဲခံရသည့်ကာလအတွင်းတွင် နိုင်ငံသည် "ရပ်စဲ" ဟူသော အဆင့်ရှိနေမည်ဖြစ်သည်။ နောက်ဆုံးရက်သတ်မှတ်ချက်အမီ EITI ဘုတ်အဖွဲ့၏ ကျေနပ်မှုရရှိအောင် ပြဿနာရပ်ကိုဖြေရှင်းနိုင်ပါက နိုင်ငံ၏အဖွဲ့ဝင်ဖြစ်မှုအခြေအနေနှင့် တိုးတက်မှု အခြေအနေကို ပြန်လည်ထည့်သွင်းထုတ်ပြန်မည်ဖြစ်သည်။ နောက်ဆုံးရက်သတ်မှတ်ချက်အမီ EITI ဘုတ်အဖွဲ့၏ကျေနပ်မှုရရှိအောင်ပြဿနာရပ်ကိုမဖြေရှင်းနိုင်ပါက EITI ဘုတ်အဖွဲ့သည် နိုင်ငံအားစာရင်းမှ ထုတ်ပယ်မည်ဖြစ်သည်။

### (ခ) နိုင်ငံရေးမတည်ငြိမ်မှု သို့မဟုတ် ပဋိပက္ခကြောင့် ရပ်စဲခြင်း

နိုင်ငံရေးမတည်ငြိမ်မှု သို့မဟုတ် ပဋိပက္ခသည် နိုင်ငံအား EITI အခြေခံစည်းမျဉ်းများနှင့် လိုအပ်ချက်များ၏ အထင်ကရအစိတ်အပိုင်းများအား လိုက်နာခြင်းကို အထင်အရှား အဟန့်အတားဖြစ်စေသည့်ကိစ္စရပ်များတွင် EITI ဘုတ်အဖွဲ့သည် နိုင်ငံများအား ရပ်စဲရန်ဆုံးဖြတ်နိုင်သည်။ မျှော်လင့်မထားသော၊ ရှင်းချက်ဖြစ်သောနိုင်ငံရေးမတည်ငြိမ်မှု သို့မဟုတ် ပဋိပက္ခကြုံတွေ့နေရသော နိုင်ငံများသည်လည်း ရပ်စဲခံရန် ကိုယ်တိုင်အလိုအလျောက် လျှောက်ထားနိုင်သည်။ ဤအခြေအနေရပ်မျိုးတွင် အစိုးရသည် ကိုယ်တိုင်အလိုအလျောက်ရပ်စဲရန် လျှောက်ထားချက်ကို EITI ဘုတ်အဖွဲ့တွင် တင်သွင်းနိုင်သည်။ အစိုးရ၏လျှောက်ထားလွှာတွင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏အမြင်များအား မှတ်ချက်ပြုထားသင့်သည်။

နိုင်ငံများသည် နိုင်ငံရေးမတည်ငြိမ်မှု သို့မဟုတ် ပဋိပက္ခကြောင့်ရပ်စဲခံရပါက ယင်းနိုင်ငံရပ်စဲခံထားရသောအချိန်ကာလကို အများဆုံးအဖွဲ့ဝင်လောင်းဖြစ်မှုသက်တမ်းတွင် ထည့်သွင်းမရေတွက်ပါ။ EITI ဘုတ်အဖွဲ့သည် အခြေအနေရပ်အား ပုံမှန်စောင့်ကြည့်လေ့လာခြင်းနှင့် စိစစ်သုံးသပ်ခြင်းများ လုပ် ဆောင်သွားမည်ဖြစ်ပြီး နိုင်ငံအား ရပ်စဲသည့်အချိန်ကာလကို တိုးချဲ့ပိုင်ခွင့် သို့မဟုတ် စာရင်းမှထုတ်ပယ်ပိုင်ခွင့်ရှိသည်။

### (ဂ) ရပ်စဲခြင်းအား ပယ်ဖျက်ခြင်း

အစိုးရသည် ရပ်စဲခြင်းအားပယ်ဖျက်ရန်အချိန်မရွေးလျှောက်ထားနိုင်သည်။ လျှောက်ထားလွှာတွင် EITIအကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ဆန်းစစ် အတည်ပြုခြင်းပြန် လည်စတင်ရန်ပါဝင်သက်ဆိုင်သူများမှသဘောတူထားသောအဆင့်များ၊ လိုက်နာမှုပြည့်မီ စေရန်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် စသည်တို့ကို မှတ်တမ်းတင်သင့်သည်။ EITI ဘုတ်အဖွဲ့သည် ရပ်စဲထားရခြင်း၏ အကြောင်းရင်းများကိုဖြေရှင်းဆောင်ရွက်ပြီးကြောင်း ကျေနပ်မှုရှိပါက ရပ်စဲမှုကိုပယ်ဖျက်မည်ဖြစ်သည်။ ရပ်စဲမှုကို ပယ်ဖျက်သည်နှင့်EITIဘုတ်အဖွဲ့သည်အစီရင်ခံခြင်းနှင့်လေ့လာဆန်းစစ်အတည်ပြုခြင်းနောက်ဆုံးရက်သတ်မှတ်ချက်အသစ်များကို သင့်လျော်သလိုချမှတ်ရန် စဉ်းစားမည်ဖြစ်သည်။ ဖြစ်စဉ်၏အဆင့်အားလုံးတွင် EITI ဘုတ်အဖွဲ့သည် ၎င်း၏ စိုးရိမ်မှုများနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်သောနိုင်ငံနှင့် ရှင်းလင်းစွာပြောဆို ဆက်သွယ်အသိပေးကြောင်း သေချာစေရ မည်ဖြစ်သည်။

## အပိုဒ် ၉ – စာရင်းမှထုတ်ပယ်ခြင်း

စာရင်းမှထုတ်ပယ်ခြင်း – EITI အကောင်အထည်ဖော်သော နိုင်ငံဖြစ်ကြောင်းအခြေအနေမှ ရပ်သိမ်းခြင်း – သည်အောက်ပါအခြေအနေရပ်တို့တွင် ဖြစ်ပေါ်မည်ဖြစ်သည်။

(၁)အကောင်အထည်ဖော်သောနိုင်ငံသည်ရပ်စဲခံရပြီးပြဿနာရပ်ကိုသဘောတူညီထားသောနောက်ဆုံးရက်သတ်မှတ်ချက်အမီ EITI ဘုတ်အဖွဲ့၏ကျေနပ်မှုရရှိအောင် ဖြေရှင်းမဆောင်ရွက်ခြင်း။

(၂) နိုင်ငံသည် ဖော်ဆောင်ထားသော အချိန်ဇယားများအတွင်း EITI အကောင်အထည်ဖော်ရာတွင် ကျေနပ်ဖွယ်ကောင်းသောတိုးတက်မှုမရှိကြောင်း EITI ဘုတ်အဖွဲ့မှ ကောက်နုတ်ချက်ချလျှင်။


EITI အခြေခံစည်းမျဉ်းများနှင့် လိုအပ်ချက်များ၏ အထင်ကရအစိတ်အပိုင်းများအား အကောင်အထည်ဖော်သည့်နိုင်ငံမှမလိုက်နာကြောင်းထင်ရှားလျှင် EITI ဘုတ်အဖွဲ့သည် ယင်းနိုင်ငံအားစာရင်းမှထုတ်ပယ်ပိုင်ခွင့်ရှိသည်။ စာရင်းမှထုတ်ပယ်ခံရသောနိုင်ငံသည် EITI အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ခွင့်ကို အချိန်မရွေးပြန်လည်လျှောက်ထားနိုင်သည်။ EITI ဘုတ်အဖွဲ့သည် EITI နိုင်ငံအဖြစ် လျှောက်ထားလွှာများကို အကဲဖြတ်ဆန်းစစ်ရာတွင် သဘောတူညီထားသော လုပ်ထုံးလုပ်နည်းများအား ကျင့်သုံး

သွားမည်ဖြစ်သည်။ ၎င်းသည် ထိရောက်သော အကောင်အထည်ဖော်ခြင်းအပေါ်နှင့် အမှန်ပြုပြင်ရေး ဆောင် ရွက်ချက်များအား အကောင်အထည်ဖော်ခြင်းတို့တွင် အခက်အခဲအတားအဆီးများ အပါအဝင် ယခင် EITI အကောင်အထည်ဖော်ခြင်းအတွေ့အကြုံများကိုလည်းအကဲဖြတ်ဆန်းစစ်သွားမည်ဖြစ်သည်။

## အပိုဒ် ၁၀ – အယူခံဝင်ခြင်းများ

သက်ဆိုင်ရာအကောင်အထည်ဖော်သောနိုင်ငံသည် EITI အား ရပ်စဲသည့်၊ စာရင်းမှထုတ်ပယ်သည့် သို့မဟုတ် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းပြီးနောက် နိုင်ငံအား အနစ်သာရရှိသော သို့မဟုတ် ကျေနပ်ဖွယ်ကောင်းသော တိုးတက်မှုအဖြစ်သတ်မှတ်ခြင်းစသည့် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ပြန်လည်စိစစ်သုံးသပ်ရန် ဆန္ဒပြုတင်သွင်းနိုင်သည်။ ယင်းသို့ဆန္ဒပြုတင်သွင်းချက်များကို တုန့်ပြန်လုပ်ဆောင်ရာတွင် EITI ဘုတ်အဖွဲ့သည် ဖြစ်စဉ်ရပ်၏အချက်အလက်များ၊ EITI ၏သမာသမတ်ကျ ဖြောင့်မတ်မှုအားထိန်းသိမ်းရန်နှင့်နိုင်ငံများအကြားတသမတ်တည်းရှိသောဆက်ဆံရေးစည်းမျဉ်းစသည်တို့ကို စဉ်းစားသွားမည်ဖြစ်သည်။ EITI ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးအတည်ဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံသည် အသင်းအဖွဲ့ဖွဲ့စည်းပုံ အပိုဒ် ၇ အောက်ပါ အသိပေးသည့် အချိန်ကာလများ၏ အရှေ့ကြိုတင်ပြီး EITI ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို နောက်လာမည့် ပုံမှန်အသင်းဝင်အဖွဲ့များ အစည်းအဝေးတွင် အယူခံဝင်နိုင်သည်။

# အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း၏ ရေရှည်ရလဒ်များနှင့် အကျိုးဆက်များ



# ၅။ အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း၏ ခြုံငုံဖော်ပြချက်

ဤအပိုင်းသည် EITI အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းနှင့်သက်ဆိုင်သည်။ အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း၏ရည်ရွယ်ချက်မှာ အပိုင်း ၃ တွင်ပြဌာန်းထားသော EITI လိုအပ်ချက်များနှင့်အညီ လိုက်နာ မှုအား အကဲဖြတ်ဆန်းစစ်ရန်ဖြစ်သည်။

## အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း ရည်ရွယ်ချက်များ

အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းသည် EITI လုပ်ငန်းစဉ်၏မရှိမဖြစ် လိုအပ်သောအင်္ဂါရပ်တစ်ခုဖြစ်သည်။ ၎င်းသည် စွမ်းဆောင်ချက်ကို အကဲဖြတ်ဆန်းစစ်ရန်နှင့် နိုင်ငံတော်အဆင့်တွင် ဆွေးနွေးပြောဆိုမှုနှင့် သင်ယူမှုတို့ကို မြှင့်တင်ရန်လုပ်ဆောင်ပေးသည်။ ၎င်းသည် အကောင်အထည်ဖော်သောနိုင်ငံများအား တူညီသော နိုင်ငံတကာစံနှုန်းကိုလိုက်နာစေခြင်းအားဖြင့် EITI ၏ ဖြောင့်မတ်တည်ကြည်မှုကို အကာအကွယ်ပေးသည်။ ၎င်းသည် ပါဝင်သက်ဆိုင်သူများအားလုံးကို နိုင်ငံတွင်း EITI အကောင်အထည်ဖော်ခြင်းသည် EITI စံနှုန်းပြဌာန်းချက်များနှင့်အညီ ဖြစ်မဖြစ် ဘက်မလိုက်သောအကဲဖြတ်ဆန်းစစ်ချက်ကို ပေးအပ်နိုင်ရန်ရည်ရွယ်သည်။ ထို့အပြင် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းအစီရင်ခံစာသည် အတည်ပြုခြင်းခံရသည့်နိုင်ငံအတွင်း EITI ၏ အကျိုးသက်ရောက်မှု၊ EITI စံနှုန်းမှ တိုက်တွန်းသောလုပ်ဆောင်ချက်များအား အကောင်အထည်ဖော်ခြင်း၊ EITI အကောင်အထည်ဖော်ရာတွင်သင်ယူရရှိ သောသင်ခန်းစာများအပြင် ပါဝင်သက်ဆိုင်သူများမှ ဖော်ပြသော စိုးရိမ်မှုများနှင့် အနာဂါတ် EITI အကောင်အထည်ဖော်ခြင်းအတွက် အကြံပြုချက်များအား ဖော်ထုတ် ရန်ရည်ရွယ်သည်။

## အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း နည်းလမ်း

အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းသည် အပိုင်း ၃ တွင်ချမှတ်ထားသော EITI လိုအပ်ချက်များတိုးတက်မှုကို အကဲဖြတ်ဆန်းစစ်ရန်ဖြစ်သည်။ EITI စံနှုန်းပြဌာန်းချက်တစ်ခုချင်းစီကို အကဲဖြတ်

ဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်ပါဝင်သည့် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း လမ်းညွှန်တွင်နည်းလမ်းများချမှတ်ထားသည်။ အချို့သောကိစ္စရပ်များတွင် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းလမ်းညွှန်သည်အတည်ပြုသူအနေဖြင့်ပြဌာန်းချက်ကိုပြည့်မီအောင်ဆောင်ရွက်ထားကြောင်းသေချာစေရန်အသုံးပြုရမည့် သက်သေအထောက်အထားကို အထူးပြုဖော်ပြသည်။ အချို့သော ကိစ္စရပ်များတွင် နိုင်ငံတစ်နိုင်ငံအနေဖြင့် EITI ပြဌာန်းချက်ကို ဖြေရှင်းဆောင်ရွက်ရန် မတူကွဲပြားသော ချဉ်းကပ်နည်းများရှိပြီး လေ့လာအကဲဖြတ် ဆန်းစစ်အတည်ပြုခြင်းလမ်းညွှန်သည် အတည်ပြုသူမှ စဉ်းစားမည့် သက်သေ အထောက်အထားအမျိုးအစားဥပမာများကို ဖော်ပြပေးသည်။

## အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းလုပ်ထုံးလုပ်နည်း

EITI ၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သဘောသဘာဝနှင့် ဆွေးနွေးပြောဆိုခြင်း၏အရေးပါသည့်အလျောက် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းလုပ်ထုံးလုပ်နည်းသည် ပါဝင်သက်ဆိုင်သူများ တိုင်ပင်ဆွေးနွေးခြင်းကို အထူးအသားပေးဖော်ပြသည်။ လေ့လာဆန်းစစ်အတည်ပြုခြင်းကို အဆင့် ၄ ဆင့်ဖြင့်ဆောင် ရွက်သည်။

**(၁) အကဲဖြတ်ဆန်းစစ်အတည်ပြုရန်ပြင်ဆင်ခြင်း။** အကဲဖြတ်ဆန်းစစ်အတည်ပြုမှုမစတင်မီ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် EITI စံနှုန်းနှင့်ကိုက်ညီလိုက်နာမှုအား မိမိကိုယ်ကိုအကဲဖြတ်ဆန်းစစ်မှုလုပ်ဆောင်ရန်တိုက်တွန်းပါသည်။ အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းလမ်း ညွှန်တွင် “သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းသည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ လုပ်ငန်းအစီအစဉ်နှင့်အညီ ရည်ရွယ်ချက်များနှင့်လုပ်ငန်းစဉ်များအား အကဲဖြတ်ဆန်းစစ်ရန် အထူးအလေးပေးမှုရှိစေလိုပါက ယင်းတို့ကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှတောင်းဆိုလျှင် ချမှတ်ဖော်ပြသင့်သည်”ဟူသော ပြဌာန်းချက်ပါဝင်သည်။ အမျိုးသားအတွင်းရေးမှူးရုံးအနေဖြင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းဝေး မှတ်တမ်းများအပါအဝင် လိုက်နာလုပ်ဆောင်မှုကို ပြသသောမှတ်တမ်းမှတ်ရာများနှင့် အခြားအရင်းအမြစ်များအားစုစည်းပြင်ဆင်ရန် တောင်းဆိုပါသည်။ ပါဝင်သက်ဆိုင်သူများသည် ၎င်းတို့မှ သင့်လျော်သည်ဟု ယူဆသောအခြားမှတ်တမ်းမှတ်ရာများကိုလည်းပြင်ဆင်ရန် ဖိတ်ခေါ်ပါသည်။ အကဲဖြတ်ဆန်းစစ် အတည်ပြုခြင်းအတွက်ပြင်ဆင်ရန် လမ်းညွှန်ချက်မှတ်စုကို ရယူ နိုင်သည်[၅]။

၅။ လမ်းညွှန်ချက်မှတ်စု (၂၃)အား နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးနှင့် eiti.org/guide တွင်ရယူနိုင်ပါသည်။

(၂) EITI **နိုင်ငံတကာအတွင်းရေးမှူးရုံးမှ လုပ်ဆောင်သော ကနဦးဒေတာအချက်အလက်စုဆောင်းခြင်းနှင့် ပါဝင်သက်ဆိုင်သူတိုင်ပင်ဆွေးနွေးခြင်း။** EITI နိုင်ငံတကာအတွင်းရေးမှူးသည် သက်ဆိုင်သော မှတ်တမ်းမှတ်ရာများအားသုံးသပ်စိစစ်ပြီး နိုင်ငံများအားသွားရောက်ကာ ပါဝင်သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးသည်။ ၎င်းတွင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၊ လွတ်လပ်သော စာရင်းတိုက်ဆိုင်စစ်ဆေးသူနှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့တွင် ကိုယ်စားပြုမှုရှိသော်လည်း တိုက်ရိုက်ပါဝင်ပတ်သက်မှု မရှိသူများ အပါအဝင် အခြားအဓိကပါဝင်သက်ဆိုင်သူများနှင့် အစည်းအဝေးတွေ့ဆုံခြင်းများပါဝင်သည်။ ဘုတ်အဖွဲ့သည် ပါဝင်သက်ဆိုင်သူများတိုင်ပင်ဆွေးနွေးခြင်းနှင့် ကနဦး အကဲဖြတ်ဆန်းစစ်ချက်ပြီး မြောက်ရန် နောက်ဆုံး ရက်သတ်မှတ်ချက်များကို ဖြေရှင်းဆောင်ရွက်ပြီး ဒေတာအချက်အလက်စု ဆောင်းခြင်းအတွက် စံပြု ထားသော လုပ်ထုံးလုပ်နည်းများအားထိန်းသိမ်း လုပ်ဆောင်သည်။

ယင်းတိုင်ပင်ဆွေးနွေးချက်များအပေါ်အခြေခံပြီး နိုင်ငံတကာအတွင်းရေးမှူးရုံးသည် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းလမ်းညွှန်နှင့်အညီ လိုအပ်ချက်များတိုးတက်မှုအား ကနဦးအကဲဖြတ်သုံးသပ်ချက်ကိုလုပ်ဆောင်သည့် အစီရင်ခံစာကို ပြင်ဆင်မည်ဖြစ်သည်။ ကနဦး အကဲဖြတ်ဆန်းစစ်ချက်တွင် လိုက်နာမှုအားအချုပ်ခြုံငုံအကဲဖြတ်ချက်မပါဝင်ပါ။

အစီရင်ခံစာကို အတည်ပြုသူထံတင်ပြသည်။ အမျိုးသားအဆင့်ညှိနှိုင်းရေးမှူးသည် မိတ္တူကို လက်ခံရရှိသည်။ အချက်အလက်များအပေါ် သဘောထားမှတ်ချက်များအား လက်ခံကြိုဆိုသော်လည်း အမျိုးသားအဆင့်ညှိနှိုင်းရေးမှူးနှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များအနေဖြင့် အတည်ပြုသူ၏ အစီရင်ခံစာမူကြမ်းကိုလက်ခံမရရှိမချင်း အဓိကသဘောထားမှတ်ချက်များပြုခြင်းမှ ခေတ္တရှောင်ကြဉ်ရန် တိုက်တွန်းပါသည်။

(၃) **လွတ်လပ်သော အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း။** ဘုတ်အဖွဲ့သည် လွတ်လပ်သောအတည်ပြုသူအား ပွင့်လင်းသော၊ ယှဉ်ပြိုင်မှုရှိသော ဖြစ်စဉ်မှတဆင့်ရွေးချယ်ခန့်အပ်ရမည်။ အတည်ပြုသူသည် အတည်ပြုရေးကော်မတီမှတဆင့် ဘုတ်အဖွဲ့ထံသို့အစီရင်ခံရမည်ဖြစ်သည်။

အတည်ပြုသူသည် အတွင်းရေးမှူး၏ ကနဦးအကဲဖြတ်ဆန်းစစ်ချက်အား အကဲဖြတ်ဆန်းစစ် အတည်ပြုလမ်းညွှန်နှင့်အညီ လုပ်ဆောင်ထားမထားဆန်းစစ်မည်ဖြစ်သည်။ ၎င်းတွင် -

လိုအပ်ချက် တစ်ခုချင်းစီအတွက် ဆီလျော်သောမှတ်တမ်းမှတ်ရာများအား စားပွဲတင်အသေးစိတ်သုံးသပ်စိစစ်ချက်နှင့် လိုအပ်ချက်တစ်ခုချင်းစီအတွက် အတွင်းရေးမှူး၏ကနဦးအကဲဖြတ်သုံးသပ်ချက်၊ အားနည်းချက်များ စစ်ဆေးရန်အတွက် အနွံ့ရာယ်ကျရောက်နိုင်မှု အခြေပြုချဉ်းကပ်နည်းနှင့် ပါဝင်သက်ဆိုင်သူ များနှင့် ထပ်မံတိုင်ပင် ဆွေးနွေးခြင်းများပါဝင်သည်။ ဘုတ်အဖွဲ့မှ အတည်ပြုသူသည် တိကျသော လိုအပ်ချက်များ အပေါ် အားနည်းချက်များစစ်ဆေးရန် တောင်းဆိုမည်ဖြစ်သည်။

အတည်ပြုသူသည် အတွင်းရေးမှူး၏ ကနဦးအကဲဖြတ်ဆန်း စစ်ချက်အပေါ် သဘောထားမှတ်ချက် များပေးသွားမည်ဖြစ်ပြီး အတည်ပြုအစီရင်ခံစာမူကြမ်းကို ပြင်ဆင်မည်ဖြစ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကိုလည်းအတည်ပြုအစီရင်ခံစာမူကြမ်းအပေါ်သဘောထားမှတ်ချက်ပေးရန်ဖိတ်ခေါ်သွားမည်ဖြစ်သည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ သဘောထားမှတ်ချက်များကို ထည့်သွင်းစဉ်းစားပြီး အတည်ပြုသူမှ နောက်ဆုံးအတည်ပြုအစီရင်ခံစာကို ရေးသားပြင်ဆင်မည်ဖြစ်သည်။ အတည်ပြုသူသည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ထံသို့ ၎င်းတို့၏သဘောထားမှတ်ချက်များကို မည်သို့ထည့်သွင်းစဉ်းစားထားကြောင်း ရှင်းလင်းချက်ရေးသားပေးပို့သည်။

နောက်ဆုံးအတည်ပြုအစီရင်ခံစာတွင် ပြဋ္ဌာန်းချက်တစ်ခုချင်းစီအား လိုက်နာဆောင်ရွက်ခြင်းကိုအတည်ပြုသူ၏အကဲဖြတ်ဆန်းစစ်ချက်ပါဝင်သော်လည်းလိုက်နာမှု၏အလုံးစုံခြုံငုံအကဲဖြတ်ဆန်းစစ်ချက်အားလုံးမပါဝင်ပါ။ အတည်ပြုသူအား ၎င်း၏တွေ့ရှိချက်များကိုတင်ပြရန် အတည်ပြုရေးကော်မတီသို့ဖိတ်ခေါ်မည်ဖြစ်သည်။

**(၄) ဘုတ်အဖွဲ့ စိစစ်သုံးသပ်ခြင်း။** အတည်ပြုရေးကော်မတီသည် နောက်ဆုံးလေ့လာဆန်းစစ်အတည်ပြုအစီရင်ခံစာနှင့် အထောက်အထားစာရွက်စာတမ်းများ (သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ သဘောထားမှတ်ချက်များအပါအဝင်) ကို စိစစ်သုံးသပ်သွားမည်ဖြစ်သည်။ ထို့နောက် အတည်ပြုရေးကော်မတီသည် နိုင်ငံတစ်ခု၏ EITI လိုအပ်ချက်များအားလိုက်နာမှုအပေါ် အကြံပြုချက်နှင့် စီလျော်ပါက လိုအပ်သောအမှန်ပြုပြင်ရေးလုပ်ဆောင်ချက်များကို EITI ဘုတ်အဖွဲ့ထံသို့ ပေးသွားမည်ဖြစ်သည်။

EITI ဘုတ်အဖွဲ့သည် လိုအပ်ချက်များကိုပြည့်မှီ သို့မဟုတ် မပြည့်မှီကြောင်း၊ EITI အကောင်အထည်ဖော်ခြင်းကို ကြီးကြပ်ရန်အတွက် EITI ဘုတ်အဖွဲ့၏ လုပ်ထုံးလုပ်နည်းအပိုဒ် ၆ နှင့် အညီ

နိုင်ငံတစ်နိုင်ငံ၏အလုံးစုံခြုံငုံလိုက်နာဆောင်ရွက်မှု စသည်တို့အပေါ် နောက်ဆုံးသတ်မှတ်ချက်ပြုသွားမည်ဖြစ်သည်။

ကနဦးအကဲဖြတ်ဆန်းစစ်ချက်၊ အတည်ပြုအစီရင်ခံစာနှင့် သက်ဆိုင်ရာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ သဘောထားမှတ်ချက်များကို ဘုတ်အဖွဲ့မှ ဆုံးဖြတ်ချက်မချမှတ်မီအထိ လျှို့ဝှက်ထိန်းသိမ်းထားရမည့် အရာများအဖြစ် မှတ်ယူထားရမည်ဖြစ်သည်။

# ၆။ လုပ်ထုံးလုပ်နည်းနှင့်ကျင့်ဝတ်အရလုပ်ထုံး – အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှု

## ၁။ မိတ်ဆက်

အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှုသည် "အစိုးရဝင်ငွေများနှင့် အသုံးစရိတ်များအား အချိန်နှင့်အမျှ အများပြည်သူများမှသိရှိနားလည်လာမှုသည် အများပြည်သူအချေအတင် ဆွေးနွေးပြောဆိုမှုကို အထောက် အကူပြုနိုင်ပြီး ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုအတွက် ဆီလျော်သောနှင့် ယုတ္တိကျသော ရွေးချယ်မှုများကို သိရှိစေသည်" ဟုပြဋ္ဌာန်းထားသည့် အခြေခံစည်းမျဉ်း ၄ အပါအဝင် EITI ၏ ရည်ရွယ်ချက်များပြည့်မီစေရန် အခြေခံကျသော အရာဖြစ်သည်။ EITI လုပ်ငန်းစဉ်တွင် အရပ်ဘက် အဖွဲ့အစည်းများ၏ တက်ကြွသောပါဝင်မှုသည် EITI မှဖော်ဆောင်ထားသည့် ပွင့်လင်းမြင်သာမှုမှသည် ပိုမိုအားကောင်းသည့် တာဝန်ယူတာဝန်ခံမှုဆီသို့ ဦးတည်စေရန် အဓိကသောချက်ဖြစ်သည်။ EITI စံနှုန်းအား လက်ခံကျင့်သုံးခြင်းအတွက် အဓိက စိတ်အားထက်သန်မှုမှာ ပိုမိုဆီလျော်သော၊ ယုံကြည်ကိုးစားနိုင်သောနှင့် အသုံးပြုနိုင်သော သတင်းအချက်အလက်နှင့်၊ ယင်းသတင်းအချက်အလက်ကို အများပြည်သူစာရင်း အင်းစီမံခန့်ခွဲမှုနှင့် ဝင်ငွေစီမံခန့်ခွဲမှုဆိုင်ရာ သို့မဟုတ် သယံဇာတတူးဖော်ထုတ်လုပ်ရေး ကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်မှုအား ပိုမိုကျယ်ပြန့်စွာပြုပြင်ပြောင်းလဲရေးနှင့် ပိုမိုကောင်းမွန်စွာ ချိတ်ဆက်ရန်ဖြစ်သည်။ EITI မှဖော်ထုတ်ထားသော သတင်းအချက်အလက်အား အသုံးပြုရန်အတွက် နိုင်ငံသားများမှတက်ကြွစွာ လုပ်ဆောင်နိုင်စွမ်းသည် EITI အကောင်အထည် ဖော်ခြင်းနှင့် EITI အတွင်း အရပ်ဘက်အဖွဲ့အစည်း များပါဝင်မှုတို့၏ အရေးပါသော အစိတ် အပိုင်း ဖြစ်သည်။

EITI လုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှုကို နည်းလမ်းတကျအားဖြင့် EITI အကောင်အထည်ဖော်ခြင်း၏အဆင့်နစ်ဆင့် – အဖွဲ့ဝင်လောင်းအဖြစ်အကဲဖြတ်ဆန်းစစ်ခြင်းနှင့်အတည်

ပြုခြင်းလုပ်ငန်းစဉ်အတွင်း – တို့တွင် အကဲဖြတ်ဆန်းစစ်သည်။ EITI အကောင်အထည်ဖော်သော နိုင်ငံတစ်ခုခုအတွင်း အခြေအနေရပ်များအကြောင်း ဘုတ်အဖွဲ့ထံတင်ပြ လာသည့်စိုးရိမ်မှု တစ်ခုခုအား တုန့်ပြန်ဆောင်ရွက်ရာတွင် အထူးအကြောင်းအရာအလိုက် အရပ်ဘက်လူထုပါဝင်မှုအား အကဲဖြတ်ဆန်းစစ်ချက်ကိုလုပ်ဆောင်နိုင်သည်။ ယင်းလုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်သည် အရပ်ဘက်အဖွဲ့အစည်းများပါဝင်မှု (လိုအပ်ချက် ၁.၃) ပါဝင်သော ပြဌာန်းချက်များပြည့်မီမှုရှိ မရှိ အကဲဖြတ်ဆန်းစစ်ရာတွင် EITI ဘုတ်အဖွဲ့ (ကော်မတီများ အပါအဝင်) နှင့် အတည်ပြုသူများမှ ထည့်သွင်းစဉ်းစားသင့်သည့်မေးခွန်းများအပြင် ယင်းမေးခွန်းများအားဖြေဆိုရာတွင်အသုံးပြုသည့် သက်သေအထောက်အထားအမျိုးအစားများအားချမှတ်ပေးသည်။ EITI လုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများပါဝင်မှုနှင့် စပ်လျဉ်းသည့် ပြဌာန်းချက်များသည် EITI အကောင်အထည်ဖော်ခြင်း၏ အဆင့်တိုင်းတွင် ကျိုးကြောင်းဆီလျော်မှုရှိသော်လည်း ပြဌာန်းချက်များကို အကဲဖြတ်သုံးသပ်ရန် EITI ဘုတ်အဖွဲ့မှ အသုံးပြုသည့် သက်သေအထောက်အထားများသည် လိုအပ်ချက်အရ၊ နိုင်ငံ၏အခြေအနေရပ်များ၊ အကောင်အထည်ဖော်သည့်အဆင့်နှင့် သတင်းအချက်အလက် ရယူနိုင်မှုတို့အပေါ်မူတည်ပြီး ကွဲပြားမည်ဖြစ်သည်။ အောက်ပါ အပိုဒ် ၂.၁ မှ ၂.၅ အထိတို့တွင် ဖော်ပြထားသော မေးခွန်းများနှင့် အကြံပြုထားသော သက်သေအထောက်အထားအမျိုးအစားများသည် ပြဌာန်းချက်များမဖြောက်ပဲ တင်းကြပ်စွာပြုလုပ်ရမည်ဟူ၍ ပြဌာန်းထားသောစာရင်းလည်း မဟုတ်ကြောင်း သတိပြုရမည်။ သို့သော်လည်း ၎င်းအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းများနှင့်သက်ဆိုင်သော ပြဌာန်းချက်များအတွက် အကဲဖြတ်ဆန်းစစ်ချက်မူဘောင်ကို ဖော်ပြပေးသည်။

## ၂။ အရပ်ဘက်အဖွဲ့အစည်းများဆိုင်ရာပြဌာန်းချက်များအား EITI ၏အဓိပ္ပါယ်ပြန်ဆို ချက်

ဤလုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်အတွက်မူ အရပ်ဘက်အဖွဲ့အစည်းမှကိုယ်စားလှယ်များကို ရည်ညွှန်းချက်များတွင် EITI လုပ်ငန်းစဉ်တွင် အထင်ကရ ပါဝင်ပတ်သက်နေသော အရပ်ဘက်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များအပြင် ၎င်းတို့ချည်းသာဖြစ်သည်ဟု ကန့်သတ်မထားသော်လည်း အပါအဝင်ဖြစ်သည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များပါဝင်သည်။ EITI လုပ်ငန်းစဉ်အားရည်ညွှန်းချက်များတွင် EITI အဖြစ်စာရင်း တင်သွင်းရန်ပြင်ဆင်ချက်နှင့်စပ်လျဉ်းသည့် လုပ်ဆောင်ချက်များ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးများ၊ အရပ်ဘက်အဖွဲ့အစည်း မဲဆန္ဒရှင်လူထုများ EITI ဆိုင်ရာအစည်း

အဝေး ခွဲများအပြင် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များနှင့် အပြန်အလှန် ဆက်သွယ် ဆက်ဆံခြင်း၊ EITI အစီရင်ခံစာများထုတ်ပြန်ခြင်း၊ အထောက်အကူပြုပစ္စည်းစာရွက်စာတမ်းများ ထုတ်လုပ်ခြင်း သို့မဟုတ် EITI အစီရင်ခံစာများအပေါ် ခွဲခြမ်းစိတ် ဖြာသုံးသပ်မှုများဆောင်ရွက်ခြင်း၊ EITI လုပ်ဆောင်ချက်များနှင့်စပ်လျဉ်းသည့် အမြင်များအားထုတ်ဖော်ခြင်းနှင့် သဘာဝ သယံဇာအရင်းအမြစ် စီမံအုပ်ချုပ်မှုနှင့်စပ်လျဉ်းသည့် အမြင်များအား ထုတ်ဖော်ခြင်း – စသည် တို့ပါဝင်သည်။

အရပ်ဘက်အဖွဲ့အစည်းများပြဌာန်းချက်များအား အကဲဖြတ်ဆန်းစစ်ရာတွင် ဘုတ်အဖွဲ့နှင့် အတည်ပြုသူများ သည် ဖော်ပြပါစစ်ဆေးချက်များကိုပြုလုပ်သွားမည်ဖြစ်သည်။

**၂.၁ ထုတ်ဖော်ပြောဆိုခြင်း – အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များသည် အတားအဆီး၊ ဖိအားပေးမှု သို့မဟုတ် လက်တုံ့ပြန်ခံရမှုများမရှိပဲ EITI လုပ်ငန်းစဉ် နှင့်စပ်လျဉ်းသည့် အများပြည်သူအရေး အတင်ဆွေးနွေးပြောဆိုမှုတွင် စေ့စပ်လုပ်ဆောင်နိုင်ပြီး EITI လုပ်ငန်းစဉ်အကြောင်း ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုနိုင်သည်။**

EITI ဘုတ်အဖွဲ့နှင့် အတည်ပြုသူများသည် အောက်ပါအတိုင်းအတာများကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။

- ❖ အရပ်ဘက်အဖွဲ့အစည်းများကိုယ်စားလှယ်များသည် EITI လုပ်ငန်းစဉ်များအကြောင်း (ဥပမာ – သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေး) ကို လူထုကြားတွင် လွတ်လပ်စွာပြောဆိုနိုင် သည်။၊ (EITI အစီရင်ခံစာများထုတ်ပြန်ကြေညာခြင်းအပါအဝင်) EITI အခမ်းအနားများ၊ အများပြည်သူအခမ်းအနားများနှင့် သတင်းမီဒီယာများတွင် လွပ်လပ်စွာပြောဆိုနိုင်သည်

- ❖ မတူကွဲပြားသောပါဝင်သက်ဆိုင်သူများ၏အမြင်များ သို့မဟုတ် လွတ်လပ်သောတတိယပါတီများမှ ပေးသည့် ခိုင်လုံသော သက်သေအထောက်အထားများ အပါအဝင် လက်တွေ့အလေ့အထများအရ အရပ်ဘက်အဖွဲ့အစည်းများကိုယ်စားလှယ်များသည် လက်တုံ့ပြန်ခံရနိုင်မှုကို ကြောက်ရွံ့ခြင်းကြောင့် EITI လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ မိမိတို့ကိုယ်ကို တည်းဖြတ်ဖြတ်တောက်ခြင်း သို့မဟုတ် မိမိတို့ကိုယ်တိုင်တားမြစ်ခြင်းများ ရှိကြောင်းနှင့်၊ ယင်းသို့သော အခက်အခဲ အဟန့်

အတားများသည် EITI လုပ်ငန်းစဉ်အကြောင်းသတင်း အချက်အလက်နှင့် အများပြည်သူ သဘောထားမှတ်ချက်များအား အရပ်ဘက်လူထုကိုယ်စားလှယ်များမှ ဖြန့်ဝေခြင်းအပေါ် အကျိုးသက်ရောက် မှုရှိမရှိ စသည်တို့ကို ဖော်ပြနေသည်။

**၂.၂ လုပ်ငန်းဆောင်ရွက်ခြင်း - အရပ်ဘက်အဖွဲ့အစည်းများကိုယ်စားလှယ်များသည် EITI လုပ်ငန်းစဉ်နှင့်စပ်လျဉ်းပြီး လွတ်လပ်စွာလုပ်ငန်းဆောင်ရွက်နိုင်သည်။**

EITI ဘုတ်အဖွဲ့နှင့် အတည်ပြုသူများအနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း သို့မဟုတ် စီမံအုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများသည် EITI လုပ်ငန်းစဉ်အတွင်း အရပ်ဘက်လူထုကိုယ်စားလှယ်များ ပါဝင်နိုင်ခြင်းအပေါ် မည်မျှအတိုင်းအတာအထိ သက်ရောက်မှုရှိကြောင်းကို စဉ်းစားသွားမည်ဖြစ်သည်။ ယင်းတို့တွင် ဥပမာအားဖြင့် အောက်ပါတို့ပါဝင်သည်။

- ❖ ဥပဒေ၊ စည်းမျဉ်း စည်းကမ်း သို့မဟုတ် စီမံအုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများသည် EITI လုပ်ငန်းစဉ်အတွင်း အရပ်ဘက် လူထုကိုယ်စားလှယ်များပါဝင်နိုင်ခြင်းအပေါ် မည်မျှအတိုင်းအတာအထိ သက်ရောက်မှုရှိကြောင်း။ ၎င်းတွင် အရပ်ဘက်အဖွဲ့အစည်းများ EITI လုပ်ငန်းစဉ်တွင်ပါဝင်နိုင်ခြင်းကို ဆိုးရွားစွာသက်ရောက်မှုရှိသော အရပ်ဘက်အဖွဲ့အစည်းများမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ဥပဒေ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ EITI နှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ရန်ပုံငွေလက်ခံရရှိခြင်းကို ဟန့်တားနေသော ဥပဒေ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များအရပ် ဘက်အဖွဲ့အစည်းများ EITI လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် အစည်းအဝေးများကျင်းပခြင်းကို အဟန့်အတားဖြစ်စေသည့် ဥပဒေ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာများ၊ သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ EITI လုပ်ငန်းစဉ်အပေါ် အများပြည်သူ မှတ်ချက်ပြုနိုင်ခြင်းများကို ဟန့်တားထားသော ဥပဒေများ၊ အုပ်ချုပ်ရေးဆိုင်ရာ အစီအမံများ စသည် တို့ပါဝင်နိုင်သည်။
- ❖ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များသည် EITI လုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် အခြေခံအခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာလှုပ်ရှားခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခံထားရခြင်းကဲ့သို့သော အထောက်အထားများလည်းရှိသည်။

**၂.၃ အသင်းအဖွဲ့ဖွဲ့စည်းခြင်း – အရပ်ဘက်အဖွဲ့အစည်းများကိုယ်စားလှယ်များသည် EITI လုပ်ငန်းစဉ် နှင့် စပ်လျဉ်းပြီး ဆက်သွယ်ဆက်ဆံ၊ ပူးပေါင်းလုပ်ဆောင်နိုင်သည်။**

EITI ဘုတ်အဖွဲ့နှင့် အတည်ပြုသူများသည်သည် အောက်ပါအတိုင်းအတာများကို စဉ်းစားမည်ဖြစ်သည်။

❖ အရပ်ဘက်အဖွဲ့အစည်းမှ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များသည် သုံးပွင့်ဆိုင်ညွန့်ပေါင်း အဖွဲ့တွင်မပါဝင်သော အခြားအရပ်ဘက် အဖွဲ့အစည်းများ၏ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဆွေးနွေး ချက်များအပေါ် အကြံပြုတင်သွင်း ချက်များရယူရန်နှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ စဉ်းစားချက်များ၏ ရေရှည်ရလဒ်များအား ဆက်သွယ်အသိပေးရန်အပါအဝင် ၎င်းတို့နှင့် စေ့စပ်လုပ်ဆောင်နိုင်ပြီး ယင်းသို့လုပ်ဆောင်ခြင်းမှ ကန့်သတ်မခံရခြင်း။

❖ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များအကြား တရားဝင်နှင့် အလွတ်သဘောဆက်သွယ်ပြောဆိုသည့်လမ်းကြောင်းများနှင့် ပိုမိုကျယ်ပြန့်သော အရပ်ဘက်အဖွဲ့အစည်းမှ မဲဆန္ဒရှင်တို့ကို ကန့်သတ်မထားခြင်း။

❖ အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များကို သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားပြုမှုနှင့် EITI လုပ်ငန်းစဉ်အကြောင်းဆွေးနွေးချက်များနှင့် စပ်လျဉ်းသည့် အရာများအပါအဝင် ပိုမိုကျယ်ပြန့်သော အရပ်ဘက်အဖွဲ့အစည်းများထံသို့ လူထုအခြေပြန့်ကျက် ရောက်ရှိရေးပူးပေါင်းပါဝင်မှုမှ ကန့်သတ်မထားခြင်း။

**၂.၄ ပူးပေါင်းပါဝင်မှု – အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များသည် EITI လုပ်ငန်းစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့တွင် အပြည့်အဝ၊ တက်ကြွစွာနှင့် ထိရောက်စွာ ပါဝင်လုပ်ဆောင်နိုင်သည်။**

EITIဘုတ်အဖွဲ့နှင့် အတည်ပြုသူများသည် အောက်ပါအတိုင်းအတာများကို စဉ်းစားမည်ဖြစ်သည်။

❖ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များသည် EITI လုပ်ငန်းစဉ်သို့ အကြံပြုတင်သွင်းချက်များ အပြည့်အဝပေးနိုင်၊ အကျိုးပြုနိုင်သည်။ ယင်းတွင် ဥပမာအားဖြင့် လုပ်ငန်းအစီအစဉ် ရည်ရွယ်ချက်များနှင့် လုပ်ဆောင်ချက်များ၊ EITI အစီရင်ခံခြင်း လုပ်ငန်းစဉ်၏နယ်ပယ် အတိုင်းအဆ၊ EITI အစီရင်ခံစာများအားအတည်ပြုခြင်း၊ နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာများမှတဆင့် EITI လုပ်ငန်းစဉ်အား မိမိကိုယ်ကိုနှစ်စဉ် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း စသည့် ပြဿနာရပ်များအပေါ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အဓိကသုံးသပ်စဉ်းစားချက်များနှင့် စပ်လျဉ်းသည့် အကြံပြုတင်သွင်းချက်နှင့် စည်းရုံးညှိနှိုင်းလှုံ့ဆော်ရေး သက်သေအထောက်အထားများ စသည်တို့ပါဝင်နိုင်သည်။ ၎င်းတွင်အရပ်ဘက်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များသည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးများ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့လုပ်ငန်းအဖွဲ့များနှင့် အခြား EITI အခမ်းအနားများတွင်ပုံမှန်ပါဝင်ကြောင်း၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးမှတ်တမ်းများတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အမြင်များကို ထည့်သွင်းစဉ်းစားကာ မှတ်တမ်းတင်ထားကြောင်း စသည့်သက်သေအထောက် အထားများလည်းပါဝင်နိုင်သည်။

❖ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များအနေဖြင့် EITI အတွင်းပါဝင်ရန်လုံလောက် သောစွမ်းဆောင်ရည်ရှိသည်ဟုမှတ်ယူသည်။ ၎င်းတွင် အရပ်ဘက်အဖွဲ့အစည်းအား သက်ရောက်မှုရှိသည့် နည်းပညာ၊ ဘဏ္ဍာရေးနှင့်အခြားစွမ်းဆောင်ရည် အတားအဆီးများကိုစဉ်းစားထားပြီး စွမ်းဆောင်ရည်မြှင့်တင်ခြင်း သို့မဟုတ် အရင်းအမြစ်များ လက်လှမ်းမှီရယူနိုင်မှုပေးအပ်ခြင်း အပါအဝင် ယင်းအတားအဆီးများအား ဖြေရှင်းဆောင်ရွက်ရန် အစီအစဉ်များအပေါ်သဘောတူညီထားမှုနှင့်/ သို့မဟုတ် သက်ဝင်လုပ်ဆောင်မှုများပါဝင်သင့်သည်။

**၂.၅ အများပြည်သူလူထုဖြင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းကို လက်လှမ်းမှီခြင်း - အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များသည် ပွင့်လင်းမြင်သာမှုနှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြဿနာရပ် များကိုလွတ်လပ်စွာပြောဆိုနိုင်ပြီး EITI သည် ပြည်သူလူထုအတွင်း အပြန်အလှန် ဆွေးနွေးခြင်းအားအထောက်အကူပြုကြောင်းသေချာစေခြင်း။**

EITI ဘုတ်အဖွဲ့နှင့် အတည်ပြုသူများသည် အောက်ပါအတိုင်းအတာများကို စဉ်းစားမည် ဖြစ်သည်။

- ❖ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များသည် EITI လုပ်ငန်းစဉ်အား ပြည်သူလူထုအတွင်း အပြန်အလှန်ဆွေးနွေးခြင်းကို၊ ဥပမာ – အများပြည်သူအား EITI လုပ်ငန်းစဉ်နှင့် ရေရှည်ရလဒ်များ အကြောင်းအသိပေးရန် အရပ်ဘက်အဖွဲ့အစည်းမှကျင်းပသော သို့မဟုတ် အရပ်ဖက် အဖွဲ့အစည်း များပါဝင်သော အများပြည်သူအခမ်းအနားအစီစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများ မှတဆင့် မြှင့်တင်ရန်အသုံးပြုနိုင်သည်။

- ❖ အရပ်ဘက်အဖွဲ့အစည်းများကိုယ်စားလှယ်များသည် သဘာဝအရင်းအမြစ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ် ဆောင်ချက်များနှင့် အချေအတင်ဆွေးနွေးပြောဆိုခြင်းများ၊ ဥပမာ – သဘာဝအရင်းအမြစ် ဆိုင် ရာပြဿနာရပ်များအား လေ့လာဆန်းစစ်ချက်များနှင့် စည်းရုံးညှိနှိုင်းလှုံ့ဆော်ရေးများလုပ် ဆောင် ခြင်း၊ EITI ဒေတာအချက်အလက်အသုံးပြုခြင်း၊ မီဒီယာအသင်းလုပ်ငန်းများနှင့် ပူးပေါင်း ပါဝင်မှု၊ EITI အစီရင်ခံစာများ၏တွေ့ရှိချက်များကို ဆက်သွယ်အသိပေးထုတ်ပြန်ရန် နည်းကိရိယာ များဖော်ဆောင်ခြင်း စသည်တို့အပါအဝင် – တို့တွင်စေ့စပ်လုပ်ဆောင်နိုင်သည်။

**၂.၆ အထက်ပါ သက်သေအထောက်အထားများ စုဆောင်းရာတွင်** EITI လုပ်ငန်းစဉ်၌ စေ့စပ်လုပ် ဆောင်နေသော သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများမှရရှိနိုင်သော မှတ်တမ်းမှတ် ရာများအပြင်၊ သက်ဆိုင်ရာပါဝင်သက်ဆိုင်သူများနှင့် အပါအဝင်ဖြစ်သော်လည်း ၎င်း တို့ချည်းသာဖြစ်ရ မည်ဟုကန့်သတ်မထားသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များနှင့် တိုက်ရိုက်တိုင်ပင်ဆွေးနွေးခြင်း မှ ရေရှည်ရလဒ်များကို ထည့်သွင်းစဉ်းစားသင့်သည်။ ဆက်စပ်ရည်ရွယ်ချက်များအတွက်မူ EITI ဘုတ် အဖွဲ့သည် ဥပမာ – ညွှန်းကိန်းများ သို့မဟုတ် အထက်ပါ ၂.၁ မှ ၂.၅ အထိတို့တွင် ရည်ညွှန်းဖြေရှင်း သောပြဿနာရပ်များနှင့် သက်ဆိုင်သည့် အခြားအကဲဖြတ်ဆန်းစစ်ချက် အမျိုးအစားများ စသည်တို့အား မှီငြမ်းခြင်းအားဖြင့် ပိုမိုကျယ်ပြန့်သည့် EITI လည်ပတ်သော ပတ်ဝန်းကျင်ကို စိစစ်သုံးသပ်မည် ဖြစ်သည်။

## ၃။ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များအပေါ် အမျိုးအစားအလိုက် အထူးပြုဖော် ဆောင်ထားသော Ad-hoc ကန့်သတ်ချက်များ

**၃.၁** EITI အကောင်အထည်ဖော်လျက်ရှိသောနိုင်ငံများအတွင်း အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် များအပေါ် အလားအလာရှိသော သို့မဟုတ် အမှန်တကယ်ဖြစ်သော Ad hoc စွပ်စွဲချက်များ သို့မဟုတ်

တိုင်ကြားချက်များကို အကျိုးသက်ရောက်ခံရသော ပါဝင်ပတ်သက်သူမှ ယင်းပြဿနာ ရပ်များအား ပြည်တွင်းတွင်တိုက်ရိုက်တင်ပြခြင်းနှင့်စပ်လျဉ်း၍ ရှိနိုင်သော ဘေးကင်းလုံခြုံမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများ ရှိသည့်အလျောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သိလျှင်သိရှိခြင်းဆွေးနွေးသင့်ပြီး ဖြေရှင်းဆောင်ရွက် သင့်သည်။

၃.၂ EITI **ဘုတ်အဖွဲ့အား အမှုကိစ္စရပ်တစ်ခုခုအားစုံစမ်းစစ်ဆေးရန်နှင့်** EITI အခြေခံစည်းမျဉ်းများ နှင့်ပြဋ္ဌာန်းချက်များအား ချိုးဖောက်ခြင်းကိုဖြေရှင်းဆောင်ရွက်ရန် ၎င်း၏အလျင်အမြန်တုံ့ပြန်ဆောင်ရွက် ရေးကော်မတီမှတဆင့် သင့်လျော်သလို ခေါ်ယူနိုင်သည်။ EITI ဘုတ်အဖွဲ့သည် ယင်းတောင်းဆိုချက် များကို အမှု၏အချက်အလက်များ၊ EITI အခြေခံစည်းမျဉ်းများအပြင် နိုင်ငံများအကြား သမာသမတ်ကျ သောဆက်ဆံရေး အခြေခံစည်းမျဉ်းများအား လိုက်နာရန် လိုအပ်ချက်တို့အပေါ် အခြေခံ၍စဉ်းစား သွားမည်ဖြစ်သည်။ အပိုင်း ၄၊ အပိုဒ် ၈(က) နှင့်အညီ "EITI အခြေခံစည်းမျဉ်းများနှင့် လိုအပ်ချက်များနှင့် အညီ လိုက်နာမှုအား အကြပ်အတည်းဖြစ်စေသည်ဟု EITI ဘုတ်အဖွဲ့မှ စိုးရိမ်မှုရှိပါက ၎င်းသည် နိုင်ငံ တကာအတွင်းရေးမှူးအား အခြေအနေကြောင်း သတင်းအချက်အလက်များ စုဆောင်းရန်နှင့် EITI ဘုတ်အဖွဲ့အား အစီရင်ခံစာတင်ပြရန် တောင်းဆိုနိုင်သည်။" အရပ်ဘက် အဖွဲ့အစည်းများပါဝင်နိုင်မှုနှင့် သက်ဆိုင်သောစိုးရိမ်မှုများ တင်ပြလာပါက EITI ဘုတ်အဖွဲ့သည် EITI လုပ်ငန်းစဉ်နှင့်တိုက်ရိုက်ဆက် နွယ်မှုရှိမရှိကို သက်သေထူရန် (၁) အမှု၏အချက်အလက်များ အားမှတ်တမ်းတင်ခြင်း၊ (၂) ပါဝင်သက် ဆိုင်သူများ၏အမြင်များအား စုဆောင်းခြင်းနှင့် (၃) အထက်ပါအပိုင်း ၂ တွင် ချမှတ်ထားသည့် စစ်ဆေး ချက်ကို ကျင့်သုံးခြင်း စသည်တို့အားဖြင့် အပါအဝင်သင့်လျော်သလို ကြိုးပမ်းသွား မည်ဖြစ်သည်။

၃.၃ **တင်ပြလာသောစိုးရိမ်မှုများနှင့်** EITI လုပ်ငန်းစဉ်အကြားတိုက်ရိုက်ဆက်နွယ်မှုရှိကြောင်း မည်မျှ အတိုင်းအတာအထိ သက်သေထူနိုင်မှုအပါအဝင် အမှု၏အခြေအနေရပ်များအပေါ်တွင် မူတည်ပြီး ဘုတ်အဖွဲ့သည် သင့်လျော်သောတုံ့ပြန်ဆောင်ရွက်မှုကို စဉ်းစားသွားမည်ဖြစ်သည်။ ၎င်းတွင် ဥပမာအား ဖြင့် – သက်ဆိုင်ရာအစိုးရအား ဥက္ကဋ္ဌ သို့မဟုတ် EITI ဘုတ်အဖွဲ့မှစာပေးပို့ခြင်း၊ ယင်းနိုင်ငံသို့ EITI ဘုတ် အဖွဲ့ သို့မဟုတ် နိုင်ငံတကာအတွင်းရေးမှူးမှ တာဝန်အဖြစ် သွားရောက်ဆွေးနွေးခြင်း၊ လွတ်လပ်သော အကဲဖြတ်ဆန်းစစ်ရေးများ ခန့်အပ်ဆောင်ရွက်စေခြင်း၊ ဘုတ်အဖွဲ့မှကြေညာချက်များ၊ အကောင် အထည်ဖော်ခြင်းအား စောင့်ကြည့်လေ့လာခြင်းအပါအဝင် ပြန်လည်ကုစားအရေးယူဆောင်ရွက်ပေး

ချက်များအပေါ် သဘောတူညီစေခြင်း၊ သို့မဟုတ် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာရန် ယင်းနိုင်ငံ၏အားအတည်ပြုစေခြင်းတို့ ပါဝင်နိုင်သည်။ အပိုင်း ၄၊ အပိုဒ် ၈(က)အရ “ EITI အခြေခံစည်းမျဉ်းများနှင့် လိုအပ်ချက်များ၏ အထင်ကရ အစိတ်အပိုင်းများအား အကောင်အထည်ဖော်သည့် နိုင်ငံမှ မလိုက်နာကြောင်း အတိအလင်းထင်ရှားပါက EITI ဘုတ်အဖွဲ့သည်အဆိုပါနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှရပ်စဲ သို့မဟုတ် ထုတ်ပယ်မည်ဖြစ်သည်”။ စိုးရိမ်မှုများသည် ပြဋ္ဌာန်းချက်တစ်ခုခုအား မချိုးဖောက် သို့မဟုတ် EITI လုပ်ငန်းစဉ်နှင့် လုံလောက်စွာ ဆက်နွယ်မှုမရှိကြောင်း ဘုတ်အဖွဲ့မှ ကောက်နုတ်ချက် ချပါက ၎င်းသည် EITI အခြေခံစည်းမျဉ်းများအား လိုက်နာရန်လိုအပ်ချက်နှင့် နိုင်ငံများအကြား သမာသမတ်ကျသော ဆက်ဆံရေးရှိကြောင်း သေချာစေရန်တို့ ကိုဦးစားပေးပြီး တစ်စုံတစ်ရာ အရေးယူမယူ ၎င်း၏ သမ္မာသတိဖြင့် ဆုံးဖြတ်လုပ်ဆောင်သွားမည်ဖြစ်သည်။

# ၇။ EITI အား ပံ့ပိုးသောကုမ္ပဏီများအတွက် မျှော်မှန်းချက်

EITI အား ပံ့ပိုးပေးသောကုမ္ပဏီများအားလုံးတို့သည် အောက်ပါတို့ကိုလုပ်ဆောင်ရန် မျှော်လင့်သည်။

❖ EITI အခြေခံစည်းမျဉ်းများအတွက် ပံ့ပိုးမှုကို သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ တလျှောက် ပွင့်လင်းမြင်သာမှုမြှင့်တင်ခြင်းအားဖြင့် အများပြည်သူသိအောင် ကြေညာသည်၊ ပြည်သူလူထုအတွင်းအပြန်အလှန် ဆွေးနွေးခြင်းအားထောက်ပံ့ကူညီပြီး ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှု အတွက်အခွင့်အလမ်းများပံ့ပိုးပေးသည်။

❖ ပံ့ပိုးပေးသောကုမ္ပဏီများသည် ထိန်းကျောင်းသောစည်းမျဉ်းအဖြစ် အခွန်များနှင့်ပေးချေမှုများကို အများပြည်သူသိအောင်ထုတ်ပြန်အသိပေးရန်မျှော်လင့်သည်။ ကုမ္ပဏီများမှယင်းသို့ မလုပ်ဆောင်ရန်ရွေးချယ်ပါကအဘယ်ကြောင့်ဖြစ်သည်ကိုဖော်ပြသင့်သည်။

❖ EITI အကောင်အထည်ဖော်သော နိုင်ငံများအားလုံးထံသို့ပေးသော အခွန်များနှင့် ပေးချေမှုများကို ဘက်စုံခြုံငုံအောင်ထုတ်ပြန်အသိပေးကြောင်းသေချာစေသည်။

❖ EITI အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု လိုအပ်ချက်များနှင့်အညီ အကျိုးအမြတ်ရရှိသူများကို အများပြည်သူသိအောင် ထုတ်ပြန်အသိပေးပြီး အကျိုးတူဖက်စပ်ပူးပေါင်းလုပ်ငန်းများနှင့် စာချုပ်ချုပ်ဆိုသူများအပါအဝင် တိုက်ရိုက်စီးပွားရေးမိတ်ဖက်များ၏ အကျိုးအမြတ်ပိုင်ဆိုင်သူများအား ဖော်ထုတ်ရန် အဆင့်ဆင့်လုပ်ဆောင်သည်။ စာရင်းတွင်ဖော်ပြခံရ သောကုမ္ပဏီများသည် အကျုံးဝင်သော လိုက်နာရန်စည်းကမ်းများနှင့် စာရင်းသွင်းခံလိုအပ် ချက်များအရလို အပ်သည့်အရာများကို လုပ်ဆောင်မည်။

❖ မိတ်ဖက်များနှင့် ရောင်းချသူများနှင့်စပ်လျဉ်းပြီး တာဝန်ခံစိစစ်ခြင်းအပါအဝင် အပြိုင်အဆိုင်ရှိသော ဝယ်ယူရေးလုပ်ငန်းစဉ်များကို စေ့စပ်လုပ်ဆောင်သည်။

❖ ရေနံ၊ဓါတ်ငွေ့နှင့် တွင်းထွက်သတ္တုများ စမ်းသပ်တိုင်းတာခြင်း၊ ရှာဖွေထုတ်လုပ်ခြင်းတို့အား ထိန်းကျောင်းမှုဆိုင်ရာချုပ်ဆိုသော အနာဂါတ်လိုင်စင်များနှင့် စာချုပ်စာတမ်းများအား EITI စံနှုန်းမှအကြံပြုချက်များနှင့်အညီ ထုတ်ပြန်အသိပေးရန် နိုင်ငံများ၏ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းကို အထောက်အကူပြုသည်။ ကုမ္ပဏီများသည် EITI အခြေခံစည်းမျဉ်းများနှင့် အညီ စာချုပ်စာတမ်းများနှင့် ဥပဒေများအားလေး စားလိုက်နာသည့်အပိုင်းတွင် ပိုမိုပွင့်လင်းမြင်သာမှု ရရှိရေးကိုလုပ်ဆောင်ရန် နားလည်သိရှိသည်။

❖ ကုမ္ပဏီများသည် အစိုးရများနှင့်အတူ သဘာဝသယံဇာတအရင်းအမြစ်များအား လူမှုပတ်ဝန်းကျင်နှင့် လူထုအသိုင်းအဝိုင်းများအားအကျိုးဖြစ်ထွန်းမှု လက်ဝယ်ရရှိအောင်ဆောင်ရွက်ပေးသည်။

❖ ကုမ္ပဏီလုပ်ငန်းစဉ်များသည် မြင့်မားသောတာဝန်ယူမှုတာဝန်ခံမှု စံနှုန်းများအတွက်လိုအပ်သည့် ဒေတာအချက်အလက်များဆောင်ကျဉ်းပေးနိုင်ရန်အတွက် သင့်လျော်မှုရှိကြောင်းသေချာစေသည်။

# ၈။ ပွင့်လင်းသောဒေတာ မူဝါဒ (Open Data Policy)

## နိဒါန်း

(၁) ဤမူဝါဒတွင် အမျိုးသားအဆင့် EITI အကောင်အထည်ဖော်ခြင်း၏ သဘောတူညီထားသော အတိုင်းအဆအတွင်း EITI အကောင်အထည်ဖော်ရာ၌ ပွင့်လင်းသော ဒေတာအပေါ် အကြံပြုချက်များပါဝင်သည်။ ၎င်းသည် လိုအပ်ချက် ၇ အရ ပွင့်လင်းသော ဒေတာအချက်အလက်နှင့်စပ်လျဉ်းသည့်လိုအပ်ချက်များကို ဖြည့်စွက်ပေးသည်။ အမျိုးသားအဆင့် အကောင်အထည်ဖော်ခြင်းနှင့် ပေါ်ပေါက်လာသော နိုင်ငံတကာ အကောင်းဆုံးအလေ့အထများ[၆]တို့မှ ထွက်ပေါ်လာသည့်သင်ခန်းစာများအပေါ်အခြေခံပြီး စနစ်တကျထုတ်ပြန် အသိပေးခြင်း[၇]ကို အားပေး တိုက် တွန်းထားသည်။

(၂) EITI အခြေခံစည်းမျဉ်းများတွင် "အချိန်နှင့်အမျှ အစိုးရဝင်ငွေများနှင့်အသုံးစရိတ်များ အားအများပြည်သူမှသိရှိနားလည်ခြင်းသည် အများပြည်သူ အချေအတင်ဆွေးနွေးပြောဆိုခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် သင့်လျော်သောနှင့် ယုတ္တိကျသော ရွေးချယ်မှုများအကြောင်းသိရှိအောင် အထောက်အကူပြု(နိုင်)"ကြောင်း (EITI အခြေခံစည်းမျဉ်း ၄)ဆိုသည်။ ထို့ကြောင့် EITI စံနှုန်းအရ EITI ထုတ်ပြန်အသိပေးချက်များသည် "ဘက်စုံခြုံငုံရန်၊ တက်ကြွစွာမြှင့်တင်မှုရှိရန်၊ အများပြည်သူမှရယူ လက်လှမ်းမီနိုင်ရန်နှင့် ပြည်သူလူထုအတွင်း အပြန်အလှန်ဆွေးနွေးခြင်းကို အကျိုးပြုရန်" လိုအပ်သည်ဖြစ်သည်(EITI လိုအပ်ချက် ၇.၁)။ ယင်းရည် ရွယ်ချက်များရရှိပြည့်မီရန်မှာ EITI ဒေတာ အချက်အလက်များအား ရယူလက်လှမ်းမီနိုင်မှု၊ ယုံကြည်ကိုးစားနိုင်မှု၊ ဆီလျော်မှု၊ အချိန်နှင့် တပြေးညီဖြစ်မှုနှင့် နှိုင်းယှဉ်နိုင်မှုတို့ကို တိုးတက်ကောင်း မွန်အောင်လုပ်ဆောင်ရန် အဓိကကျပါသည်။

---

၆။ ပွင့်လင်းသောအစိုးရမိတ်ဖက်ဆောင်ရွက်ခြင်းအပါအဝင်၊ G8 Open Data Charter and Technical Annex, Open Data Charter (http://opendatacharter.net/)၊ ပွင့်လင်းသော အဓိပ္ပါယ်ဖွင့်ဆိုချက် (http://opendefinition.org/) နှင့် ဒေတာအချက်အလက် စံနှုန်းများ ဖွံ့ဖြိုးရေးအတွက် World Wide Web Consortium (W3C) ( https://www.w3.org/Consortium )

၇။ https://eiti.org/BD/20188 ကိုကြည့်ပါ။

(၃) EITI အခြေခံစည်းမျဉ်းများအား ရရှိပြည့်မီအောင်အထောက်အကူပြုရန် EITI ဘုတ်အဖွဲ့သည် EITI ဒေတာအချက်အလက်ကိုအစိုးရနှင့် ကုမ္ပဏီစနစ်များမှတဆင့် စနစ်တကျထုတ်ပြန် အသိပေးခြင်းသည် ပုံမှန်မျှော်လင့်ချက်[၈] ဖြစ်ကြောင်းသဘောတူညီပြီးဖြစ်သည်။ EITI အနေဖြင့် အစီရင်ခံသော အသင်းအဖွဲ့/ဌာနများမှ အမျိုးသားအဆင့်တွင် ပွင့်လင်းသောစံများဖြင့် သဘောတူညီထားသော EITI အကောင်အထည်ဖော်ရေး အတိုင်းအဆအတွင်း အချိန်မှန်ထုတ်ပြန် အသိပေးရန်တိုက်တွန်းသည်[၉]။

(၄) အကောင်အထည်ဖော်သော နိုင်ငံတစ်ခုချင်းစီတွင် အခြေအနေရပ်များကွာခြားနိုင်ကြောင်း၊ နိုင်ငံများအားလုံးသည် ပွင့်လင်းသောဒေတာသို့တူညီသော အရှိန်အဟုန်ဖြင့် ပြုပြင်မပြောင်းလဲနိုင်ကြောင်းနှင့် ရေတိုသာမကရေရှည်တို့တွင် ဘဏ္ဍာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကိုထည့်သွင်း စဉ်းစားရန်လိုအပ်ကြောင်း တို့ကို EITI အနေဖြင့်သိရှိသည်။ အများပြည်သူမူဝါဒ ပြဿနာရပ်များအားဖြေရှင်းဆောင်ရွက်ရန် အများပြည်သူမှတောင်းဆိုချက်နှင့် ဒေတာအချက်အလက်အားအသုံးပြုမှုတို့ကို စဉ်းစားသင့်သည်။[၁၀] မတူညီသော ကျား/မ ရေးရာများနှင့် နိုင်ငံသား အုပ်စုခွဲများ၏ ရယူလက်လှမ်းမှီနိုင်ရေး အခက်အခဲစိန်ခေါ်မှုများနှင့် သတင်းအချက်လက် လိုအပ်ချက်များကို လည်း ထည့်သွင်းစဉ်းစားသင့်သည်။

## ပွင့်လင်းသောဒေတာ ရည်ရွယ်ချက်များ

(၅) EITI အကောင်အထည်ဖော်ခြင်းမှ ပွင့်လင်းသောဒေတာအချက်အလက်များသည် အစိုးရနှင့် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ချက်များအကြောင်း ပွင့်လင်းမြင်သာမှုနှင့်၊ နိုင်ငံတော်၏ အရင်းအမြစ်များအား မည်သို့စီမံအုပ်ချုပ်သည့်အပေါ် အသိအမြင်နိုးကြားမှုများကို တိုးတက်စေနိုင်သည်။ သယံဇာတတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများအား မည်သူပိုင်ဆိုင်သည်၊ မည်သူကလိုင်စင်များနှင့် ခွင့်ပြုမိန့်များရရှိထားသည်၊ သက်ဆိုင်သော ဘဏ္ဍာရေးရာသတ်မှတ်ချက်များမှ အဘယ်ဖြစ်သည်နှင့်

---

၈။ Ibid

၉။ လိုအပ်ချက် ၄ ကိုကြည့်ပါ

၁၀။ "ရည်ရွယ်ချက်ဖြင့်ထုတ်ပြန်"ရန်မှာအဓိကသော့ချက်ဖြစ်သည်။ ဒေတာအချက်အလက်ထုတ်ပြန်ခြင်းကို တိကျသော မူဝါဒပြဿနာရပ်များ ဖြေရှင်းရန် ရည်သန်သင့်ကြောင်းဆိုလိုသည်။

သယံဇာတတူးဖော်ထုတ်လုပ်ရေးမှ ဝင်ငွေများကိုမည်သို့ ပေးဆောင်ရသည်နှင့်အသုံးပြုသည်တို့ အပေါ် မီးမောင်းထိုးပြနိုင်သည်။ ယင်းသို့ထုတ်ပြန်အသိပေးချက်များသည်ယင်းငွေများအား အထိ ရောက်ဆုံးအသုံးပြုရေးအတွက် ခိုင်မာသောအကျိုးဖြစ်ထွန်းစေသည်။

(၆) ပွင့်လင်းသောဒေတာအချက်အလက်သည် အချိန်နှင့်တပြေးညီဖြစ်ပြီး အရည်အသွေးပြည့်မှီပါက ပါဝင်သက်ဆိုင်သူများ၏ လိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင် ကာ ထိရောက်မှုရှိပြီး အသုံးဝင်သည်။ EITI အကောင်အထည်ဖော်ခြင်းသည် တာဝန်ယူမှု တာဝန်ခံမှုနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်ရေးကိုမြှင့်တင်ပေးပြီး၊ ပြည်သူလူထုအတွင်းအပြန်အလှန် ဆွေးနွေး ခြင်းနှင့် နိုင်ငံသားပူးပေါင်းပါဝင်မှုကို တိုးမြှင့်အားကောင်းစေကာ၊ တိုးတက်ကောင်းမွန်သောအစိုးရ တာဝန်ယူမှုတာဝန်ခံမှုမှတဆင့် အကျင့်ပျက်ချစားမှုကိုကူညီတိုက်ဖျက်ပေးပြီး၊ အစိုးရဝန်ဆောင်မှု များအား လက်ဝယ်ဆောင်ကျဉ်းပေးမှုကို တိုးတက်ကောင်းမွန်စေသင့်သည်။ ဘက်စုံခြုံငုံသော ဒေတာအချက်အလက်အား ရယူလက်လှမ်းမှီနိုင်စေခြင်းသည် တစ်သီးပုဂ္ဂလများ၊ သတင်းမီဒီယာ များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများအား ၎င်းတို့ရရှိသော ဝန်ဆောင်မှုများ နှင့် ၎င်းတို့မျှော်မှန်းသင့်သောစံနှုန်းများအကြောင်း ပိုမိုကျိုးကြောင်းသိရှိသော ရွေးချယ်မှုများချမှတ် ခြင်းကို အားကောင်းစေနိုင်သည်။ ပွင့်လင်းသော ဒေတာအချက်အလက်သည် မူဝါဒဖော်ဆောင် ရေးနှင့် ကဏ္ဍစီမံခန့်ခွဲရေး တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရာတွင် အစိုးရအတွက် အဖိုးတန် သော ကိရိယာ တစ်ခုလည်း ဖြစ်နိုင်သည်။

(၇) ပွင့်လင်းသောဒေတာ အချက်အလက်အား လွတ်လပ်စွာရယူလက်လှမ်းမှီမှုနှင့် နောက်ဆက်တွဲ ပြန်လည်အသုံးပြုမှုတို့သည် လူထုနှင့်စီးပွားရေးအတွက် အဓိကကျပါသည်။ ၎င်းသည် EITI အကောင် အထည်ဖော်သောနိုင်ငံများရှိ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များအတွက် အဖိုးမဖြတ်နိုင်သော သတင်း အချက်အလက်အရင်းအမြစ်ဖြစ်နိုင်သည်။

(၈) ပေါ်ပေါက်လာသော ဒေတာအချက်အလက်စံနှုန်းများသည် ဒေတာအချက်အလက်များအား အပြန် အလှန်အသုံးပြုနိုင်အောင် လုပ်ဆောင်ရေးကို အထောက်အကူပြုနိုင်သည်။ ဒေတာအချက်အ လက်

စံနှုန်းများအား လက်ခံကျင့်သုံးခြင်း[၁၁]သည်လည်း ဒေတာအချက်အလက်ထုတ်ပြန်ခြင်း၏ ရေရှည်တည်တံ့မှုကိုအထောက်အကူပြုကာ၊ အစိုးရများလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများတို့ကိုရှိပြီးသား ကိရိယာများနှင့် အရင်းအမြစ်များမှ တဆင့်ဒေတာအချက်အလက်များ ပြင်ဆင်ရန်နှင့်ထုတ်ပြန်ရန် စွမ်းဆောင်ရည်ကို အထောက်အပံ့ပေးပြီး၊ စံနှုန်းများအား သေချာစွာစဉ်းစားရေးဆွဲထားသည့် ဒေတာအသုံးပြုခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ၎င်းတို့အား အသုံးပြုသူလူမှု အသိုင်းအဝိုင်းဖြစ်ပေါ်စေ မှု တို့ကိုအထောက်အပံ့ပေးနိုင်သည်။

## EITI အကောင်အထည်ဖော်ခြင်းတွင် ပွင့်လင်းသောဒေတာ

(၉) EITI အကောင်အထည်ဖော်သောနိုင်ငံများအနေဖြင့် အောက်ပါတို့ကိုလုပ်ဆောင်ရန် တိုက်တွန်းသည်။

(က) အချိန်နှင့်တပြေးညီဖြစ်သော၊ အရည်အသွေးပြည့်မီသော ဒေတာအချက်အလက်ဖြစ်ကြောင်း၊ ဒေတာမျှဝေရရှိရေး ရယူလက်လှမ်းမှီနိုင်မှုနှင့် အကုန်အကျထိရောက်အကျိုးရှိမှုတို့ကို သေချာစေရန်အား EITI အစီရင်ခံခြင်းတွင်ပါဝင်ပတ်သက်နေသည့် အစီရင်ခံသည့် အသင်းအဖွဲ့ /ဌာနများအတွင်း ပွင့်လင်းသော ဒေတာမူဝါဒများနှင့်မဟာဗျူဟာများ မြှုပ်နှံခြင်းအားဖြင့် ပွင့်လင်းသော ဒေတာအချက်ကို စနစ်တကျထုတ်ပြန်သည်။

(ခ)ဦးစားပေးဒေတာအချက်အလက်အတွဲများနှင့် ဒေတာများအားဖြန့်ဖြူးရန်အသုံးပြုသင့် သောပုံစံတို့ကို ရှာဖွေဖော်ထုတ်ရန် အသုံးပြုသူများ[၁၂] နှင့် အတူလုပ်ဆောင်သည်။

(ဂ) မတူညီသောအသုံးပြုသူများ၏လိုအပ်ချက်ကိုစဉ်းစားပြီး ကျားမရေးရာ၊ တိုင်းရင်းသား သို့မဟုတ် ပထဝီအနေအထားကိုယ်စားပြုမှုအခက်အခဲစိန်ခေါ်မှုများကို ရယူဆန်းစစ်လုပ် ဆောင်သည်။

---

၁၁။ ဥပမာများတွင် - အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအတွက်၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဒေတာအချက်အ လက်စံနှုန်းများသည် ပွင့်လင်းသော ဒေတာအချက်အလက်စံနှုန်းများအဖြစ်အသစ်ထွက်ပေါ်လာနေသည် (http://standard.openownership.org)၊စာချုပ်စာတမ်းများအတွက် ပွင့်လင်းသောစာချုပ်ချုပ်ဆိုခြင်းဒေတာစံနှုန်း ကိုလည်းလက်ခံကျင့်သုံးနေသည်ဖြစ်သည် (http://standard.open-contracting.org)

၁၂။ အသုံးပြုသူများသည် ဒေတာအချက်အလက်များကို အခြားအေဂျင်စီများမှ ၎င်းတို့ကိုယ်ပိုင်ဝန်ဆောင်မှုပေးအပ်ခြင်းအတွက် အသုံးပြုသောနိုင်ငံသားများ၊ သတင်းမီဒီယာများ၊ ပညာရှင်များနှင့် အခြားအစိုးရ အေဂျင်စီများကို ရည်ညွှန်းသည်။

(ဃ) အသုံးပြုသူများအနေဖြင့် ၎င်းတို့၏အားသာချက်များ၊ အားနည်းချက်များ၊ ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာကန့်သတ်ချက်များနှင့် လုံခြုံရေးလိုအပ်ချက်များအပြင် ဒေတာအချက်အလက်အားမည်သို့ လက်ခံနားလည်လုပ်ဆောင်ရမည်တို့ကိုနားလည်သိရှိရန် လုံလောက်သောသတင်းအချက်အလက်များရရှိရန် ဒေတာအချက်အလက်ကို အနစိတ်သော၊ စက်ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သော ပုံစံများဖြင့် အပြည့်အစုံဖော်ပြထားကြောင်းသေချာစေသည်။

(င) ပွင့်လင်းသောဒေတာ အချက်အလက်အရည်အသွေး၏ အမြင့်ဆုံးစံနှုန်းရှိကြောင်း သေချာစေရန် ဒေတာအချက်အလက်ကို စောနိုင်သမျှစောစီးစွာထုတ်ပြန်ပြီး၊ အသုံးပြုသူများအားသဘောထား မှတ်ချက်များပေးခွင့်ပြုကာ၊ ပြန်လည်ဖြည့်စွက် ပြင်ဆင်ချက်များကိုစဉ် ဆက်မပြတ်လုပ်ဆောင်သည်။

(စ) ဒေတာအချက်အလက်များကို အသုံးပြုသူများမှ လွတ်လပ်စွာရယူနိုင်ရန်နှင့်လွယ်ကူစွာ ပြန်လည်အသုံးပြုနိုင်ရန်[၁၄] ပွင့်လင်းသောလိုင်စင် အထူးသဖြင့် CC 4.0[၁၃] အောက် မှ ထုတ်ပြန်သည်။

(ဆ) ပွင့်လင်းသောဒေတာအချက်အလက်၏ အလားအလာကို လူမှုရေးရာအားလုံးအကျိုးဝင်နိုင်သည့် ပုံစံဖြင့် အမြင့်ဆုံးဖြစ်ပေါ်စေရန် အခြားသောနိုင်ငံများနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကိုမျှဝေသည်။

(ဇ) ပွင့်လင်းသောဒေတာ အချက်အလက်အသိပညာရှိမှုတိုးမြှင့်ရန်နှင့်၊ ပွင့်လင်းသောဒေတာ အချက်အလက်မြှင့်တင်ရေးနယ်ပယ်တွင် လုပ်ဆောင်နေသော Application ဖန်တီးသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ စသည့်လူထုများအား ပွင့်လင်းသောဒေတာ၏ တန်ဖိုးကိုသိရှိအောင်တိုက်တွန်း သည်။

(ဈ) EITI ဘုတ်အဖွဲ့မှအတည်ပြုထားသော ဒေတာစံနှုန်းများနှင့် EITI နိုင်ငံတကာအတွင်းရေးမှူးရုံးမှပေးအပ်ထားသော အခြားလမ်းညွှန်ချက်များအား လက်ခံကျင့်သုံးခြင်းအပါအဝင် ဒေတာသည် အမျိုးသားနှင့် နိုင်ငံတကာစံနှုန်းများနှင့်[၁၅]အပြန်အလှန်အသုံးပြုနိုင်ကြောင်း သေချာစေသည်။

---

၁၃။ https://creativecommons.org/licenses/by/4.0/ နှင့် https://creativecommons.org/licenses/by/4.0/legalcode ကိုကြည့်ပါ။

၁၄။ ပွင့်လင်းသောဗဟုသုတ နိုင်ငံတကာအဖွဲ့ ပေးသော လိုင်စင်ချထားပေးရန်အတွက် အကြံပြုချက်များ https:/research.okfn.org/avoiding-data-use-silos/#the-licensing-process ကိုကြည့်ပါ။

၁၅။ ဥပမာ၊ ပွင့်လင်းသောဒေတာအချက်အလက်စံနှုန်းများလမ်းညွှန် https://datastandarrds.directory/ ကိုကြည့် ပါ။

(ည) ဖြစ်နိုင်ပါက စီးပွားရေးနှင့် အစိုးရအသင်းအဖွဲ့ /ဌာနများအတွက် တမူထူးခြားသော၊ တသမတ်တည်းဖြစ်သောနှင့် အများပြည်သူဖြစ်သော ရှာဖွေဖော်ထုတ်သူများအား အသုံးပြုခြင်းအားဖြင့် ဒေတာအချက်အလက်များအား အခြားဒေတာအတွဲများဖြင့် စပ်ယှက်ရည်ညွှန်းခြင်းကို လုပ်ဆောင်နိုင်ရန်ပံ့ပိုးပေးသည်။

(ဋ) ပွင့်လင်းသောဒေတာအချက်အလက်အား လက်ဝယ်ဖြန့်ဖြူးရန်နှင့် အသုံးပြုရန်နည်းပညာပိုင်းဆိုင်ရာ အခြေခံပုံသဏ္ဍာန်ကိုထည့်သွင်းစဉ်းစားသည်။ [၁၆]

(ဌ) အစီရင်ခံသောအသင်းအဖွဲ့/ဌာနများသည် ဒေတာအချက်အလက် စီမံမှုရှိကြောင်း၊ ဒေတာအချက်အလက်ကိုထိန်းသိမ်းထားကြောင်းနှင့် လုံခြုံရေးစံနှုန်းများထားရှိကြောင်း သေချာစေရန်အတွက် ပွင့်လင်းသော ဒေတာအချက်အလက်မူဝါဒများ၏ စီမံအုပ်ချုပ်မှုနှင့် ရေရှည်တည်တံ့မှုကို စဉ်းစားသည်။

## ပွင့်လင်းသောဒေတာအချက်အလက်လူမှုအသိုင်းအဝိုင်းနှင့်ပူးပေါင်းပါဝင်မှု

(၁၀) အစိုးရပွင့်လင်း သောဒေတာအချက်အလက်များ ဖွဲ့စည်းရန်နှင့် ပုံဖော်ရန်အကောင်းဆုံးအလေ့အထများကိုသင်ယူရန် EITI အဖွဲ့များအနေဖြင့် ပွင့်လင်းသောဒေတာပဋိညာဉ်[၁၇]နှင့် အခြား စီလျော်သော ဆောင်ရွက်ချက်များ[၁၈]ကို ထောက်ခံလုပ်ဆောင်ရန်တိုက်တွန်းသည်။

(၁၁) EITI နိုင်ငံများမှသင်ယူရရှိသောသင်ခန်းစာများအားလွှဲပြောင်းရန်နှင့် နိုင်ငံတကာမှအ တွေ့အကြုံကိုလိုက်လံဆောင်ရွက်ရန် EITI နိုင်ငံတကာအတွင်ရေးမှူးအနေဖြင့် အထောက်အကူပြုနိုင်သည်

---

၁၆။ နည်းပညာဆိုင်ရာအခြေခံပုံသဏ္ဍာန်သည် ဒေတာအချက်အလက်များအား စုဆောင်းရန်၊ သန့်စင်ရန်၊နှင့် အခြားဒေတာအတွဲများနှင့် ချိတ်ဆက်ရန်နှင့် ထုတ်ပြန်ရန်လိုအပ်သော သတင်းအချက်အလက်နှင့်နည်းပညာနှင့် စွမ်းရည်များနှင့် ဆက်စပ်နေသည်။ ဒေတာအချက်အလက်ဂေဟစနစ်များကို လမ်းပြမြေပုံရေးဆွဲခြင်းသည် နည်းပညာဆိုင်ရာအခြေခံပုံသဏ္ဍာန်နှင့်၊ ဒေတာအချက်အလက်များစုဆောင်းခြင်း၊ ရွေးချယ်တင်ဆက်ခြင်းနှင့်ထုတ်ပြန်ခြင်းနှင့်သက်ဆိုင်သူများကို ရေးဆွဲချမှတ်ရန်နည်းလမ်းတစ်ရပ်ဖြစ်နိုင်သည်။ ပွင့်လင်းသောဒေတာအင်စတီကျု၏ လမ်းညွှန် https://theodi.org/project/mapping-data-ecosystems/ နှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် DFID ၏အခြေခံစည်းမျဉ်းများ https://digitalprinciples.org/principle/understand-the-exisitng-ecosystem/ တို့ကိုဥပမာအဖြစ်ကြည့်ပါ။

၁၇။ ပွင့်လင်းသောဒေတာပဋိညာဉ် ttps://opendatacharter.net.endorse-the-charter/ ကိုကြည့်ပါ။

၁၈။ "ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုအတွက်အခြေခံစည်းမျဉ်းများ" စသည် ပွင့်လင်းသောဒေတာပဋိညာဉ် https://digitalprinciples.org ကိုကြည့်ပါ။

ဟုယူဆပါက ပွင့်လင်းသော ဒေတာအချက်အလက်အား အလေးပေးလုပ်ဆောင်နေသည့် လုပ်ငန်းအဖွဲ့များနှင့် စေ့စပ်လုပ်ဆောင်သင့်သည်။[၃၉]

၃၉။ ဥပမာ ပွင့်လင်းသောဒေတာပဋိညာဉ်၏ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့သည် ပွင့်လင်းသောဒေတာအကောင်အထည်ဖော်ခြင်းတွင် အစိုးရများအားပံ့ပိုးရန်ကိရိယာများနှင့်အရင်းအမြစ်များဖော်ဆောင်ပေးပြီး၊ နိုင်ငံများနှင့်အဖွဲ့အစည်းများအကြား အချင်းချင်းသင်ယူရေးကိုမြှင့်တင်ပြီး လက်ခံလုပ်ဆောင်ပေးသည်။ နောက်ခံအ ကြောင်းအရာများကိုပိုမိုသိရှိရန် https://opendatacharter.net/who-we-are ကိုကြည့်ပါ။

# အခန်း (၂)

## စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု

EITI သည် ပိုမိုကျယ်ပြန့်သော အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းနှင့် ပြုပြင်ပြောင်းလဲရေးအတွက် နေရာတစ်ခုကိုပံ့ပိုးပေးသည့် နိုင်ငံတကာစံနှုန်းအဖြစ် ပြောင်းလဲထွန်းကား လာပြီဖြစ်သည်။ EITI စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုကိုယ်၌သည်လည်း ပြောင်းလဲဖွံ့ဖြိုးလာပြီဖြစ်သည်။ EITI ကို နော်ဝေနိုင်ငံ ဥပဒေအောက်တွင် အကျိုးအမြတ်အတွက်မဟုတ်သော အဖွဲ့ဝင်အသင်းများမှ ထိန်း ကျောင်း သည်။ ၎င်းသည် EITI အတွက် ထိန်းကျောင်းသောမူ ဘောင်ကိုပံ့ပိုးပေးသည့် EITI ၏ဖွဲ့စည်းပုံပြဋ္ဌာန်းချက်များပင်ဖြစ်သည်။

EITI သည် EITI ရည်ရွယ်ချက်များပိုမိုရောက်ရှိရန်အတွက် EITI ပါဝင်သက်ဆိုင်သူများအတွက် နိုင်ငံတကာဖိုရမ်ကိုကျင်းပရန် နိုင်ငံတကာညီလာခံကို သုံးနှစ်လျှင်တစ်ကြိမ်အနည်းဆုံး ကျင်းပသည်။ ယင်းညီလာခံများအပြင် ပိုမိုသေးငယ်သော အဖွဲ့ဝင်အစည်းအဝေးများကို မဲဆန္ဒနယ် လူထုအုပ်စုများ - (အကောင်အထည်ဖော်သောနှင့် ပံ့ပိုးသော) နိုင်ငံများ၊ (ဘဏ္ဍာရေးဆိုင်ရာ အသင်းအဖွဲ့များအပါအဝင်) ကုမ္ပဏီများ၊ အရပ်ဘက်အဖွဲ့အစည်းများ - ဖြင့်လည်းကျင်းပသည်။ မဲဆန္ဒနယ်သုံးခု၏မဲများကိုလည်းအညီအမျှချိန်ညှိသည်။ အဖွဲ့ဝင်များအစည်းအဝေး၏အဓိကလုပ်ငန်းမှာ EITI ဘုတ် အားရွေးချယ်ခန့်အပ်ရန်ဖြစ်သည်။ မဲဆန္ဒရှင်လူထုများသည် အဖွဲ့၏ အဖွဲ့ဝင်ဖြစ်မှုနှင့် EITI ဘုတ်အဖွဲ့အတွင်းသို့ မည်သူကိုအဆိုတင်သွင်းမည်တို့ကို ၎င်းတို့ကိုယ်တိုင်အကြား သဘောတူညီကြ သည်။

ယင်းညီလာခံများနှင့် အဖွဲ့ဝင်အစည်းအဝေးများအကြား EITI ဘုတ်အဖွဲ့သည် EITI ၏လုပ်ဆောင်ချက်များကို ဘုတ်အဖွဲ့ပုံမှန်အစည်းအဝေးများ၊ ကော်မတီအစည်းအဝေးများနှင့် မကြာခဏ ကျင်းပသော ဘုတ်အဖွဲ့အလှည့်အပြောင်းများတဆင့် ကြီးကြပ်သည်။ EITI အဖွဲ့တွင် ကိုယ်စားပြုခွင့်ရှိသော မတူညီသည့် မဲဆန္ဒရှင်လူထုအဖွဲ့ဝင် ၂၁ ဖွဲ့ရှိသည်။

EITI နိုင်ငံတကာအတွင်းရေးမှူးရုံးသည် EITI အသင်းကြီး၏ နေ့စဉ်နှင့်အမျှ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအတွက် တာဝန်ရှိသည်။ EITI အကောင်အထည်ဖော်နေသောနိုင်ငံများအား နည်းပညာပိုင်းဆိုင်ရာအထောက်အကူအမြောက်အများကို EITI နိုင်ငံတကာအတွင်းရေးမှူးနှင့် အခြားဘက်စုံအဖွဲ့ပေါင်းစုံဖြစ်သော၊ နှစ်ဦးနှစ်ဖက်ဖြစ်သောနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပေးအပ် သည်။


ဤအပိုင်းတွင် EITI အား နိုင်ငံတကာအဆင့်တွင်စီမံအုပ်ချုပ်မှုနှင့်ဆိုင်သော အဓိကစာရွက်စာတမ်းများပါဝင်သည်။

❖ ဇွန်လ ၁၇ ရက်နေ့၊ ၂၀၁၉ ခုနှစ်တွင်ကျင်းပမည့် အဖွဲ့ဝင်များအစည်းအဝေးတွင် အတည်ပြုရန် ရှိသည့် - ဖွဲ့စည်းပုံပြဌာန်းချက်များ

❖ EITI ကိုယ်တိုင် မည်သို့ပွင့်လင်းမြင်သာမှုရှိသင့်သည်ကိုချမှတ်ထားသော - ပွင့် လင်းမှု မူဝါဒ

❖ Eiti.org/governance တွင်ရယူနိုင်သော EITI မဲဆန္ဒရှင်လူထုလမ်းညွှန်ချက်များ

❖ EITI အသင်းကျင့်ဝတ်များ



# ၉။ ဖွဲ့စည်းပုံပြဋ္ဌာန်းချက်များ

ဖွန်လ ၁၇ ရက်နေ့၊ ၂၀၁၉ခုနှစ်တွင်ကျင်းပမည့် EITI အဖွဲ့ဝင်များအစည်းအဝေးမှ သဘောတူညီချက်အရဖြစ်သည်။ ၎င်းကိုအတည်မပြုပါက ၂၀၁၆ ခုနှစ် ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင်နေမည်ဖြစ်သည်။

## အပိုဒ် ၁ – အမည်

(၁) အသင်းအဖွဲ့၏အမည်ကို "သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအသင်း (EITI)" (ဤမှစ၍ "EITI အသင်းကြီး" ဟုသုံးနှုန်းသွားမည် ဖြစ်သည်) ဟုခေါ်တွင်စေရမည်။

## အပိုဒ် ၂ – နောက်ခံသမိုင်းကြောင်းနှင့် ရည်ရွယ်ချက်

(၁) EITI အသင်းကြီးသည် အစိုးရနှင့် ဌာနဆိုင်ရာအေဂျင်စီများ၊ ရေနံသဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းကုမ္ပဏီများ၊ ပိုင်ဆိုင်မှုစီမံခန့်ခွဲရေးကုမ္ပဏီများနှင့် ပင်စင်ရန်ပုံငွေအဖွဲ့များ (ဤမှစ၍ "အသင်းအဖွဲ့ဆိုင်ရာရင်းနှီးမြှုပ်နှံသူများ"ဟု သုံးနှုန်းသွားမည်) နှင့်ဒေသခံအရပ်ဘက်အုပ်စုများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ပါဝင်မှုဖြင့် နိုင်ငံတကာဘက်ပေါင်းစုံမှ ပါဝင်ပတ်သက်သူများဖော်ဆောင်ချက်ဖြစ်သည်။

(၂) EITI အသင်းကြီး၏ရည်ရွယ်ချက်မှာ သဘာဝအရင်းအမြစ်ဝင်ငွေများ၏ အားကောင်းသော ပွင့်လင်းမြင်သာမှုသည် အကျင့်ပျက်ချစားမှုကိုလျော့ချနိုင်ပြီး သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ ဝင်ငွေများသည် စီးပွားရေးများကိုပြောင်းလဲစေနိုင်ကာ ဆင်းရဲမွဲတေမှုအားလျော့ချပေးပြီး အရင်းမြစ်ကြွယ်ဝချမ်းသာသောနိုင်ငံများရှိ လူဦးရေတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း

ကိုမြင့်မားစေကြောင်းနားလည်သိရှိပြီး၊ EITI အခြေခံစည်းမျဉ်းများနှင့် EITI လို အပ်ချက်များကို ရေနံ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းကဏ္ဍတို့တွင် ပွင့်လင်းမြင်သာမှုအတွက် နိုင်ငံတကာက လက်ခံထားသောစံနှုန်းဖြစ်လာရန်ဖြစ်သည်။

## အပိုဒ် ၃ – တရားဝင်ဖြစ်သော ပုဂ္ဂိုလ်၊ အကန့်အသတ်ရှိသော တာဝန်ရှိမှု

(၁) EITI အသင်းကြီးသည် နော်ဝေနိုင်ငံဥပဒေ (“forening” အသင်းအဖွဲ့ဆိုင်ရာ) အောက် တွင်ဖွဲ့စည်းထားသည့် အမြတ်အစွန်းအတွက်မဟုတ်သော အဖွဲ့အစည်းဖြစ်သည်။

(၂) EITI အသင်းကြီး၏အဖွဲ့ဝင်များသည် အသင်းကြီး၏ ကြွေးမြီ၊ ပေးရန်တာဝန်ရှိမှု သို့မဟုတ် လိုက်နာရန်တာဝန်ရှိမှုတစ်စုံတစ်ရာအတွက်မှ တစ်သီးပုဂ္ဂလအားဖြင့်ဖြစ်စေ၊ အစုအပေါင်း အားဖြင့်ဖြစ်စေ တာဝန်မရှိစေရ။

## အပိုဒ် ၄ – ဖွဲ့စည်းခြင်း

(၁) EITI အသင်းကြီး၏ အမြဲတမ်းအသင်းအဖွဲ့ဆိုင်ရာ အစုအဖွဲ့များမှာ –

၁။ EITI ညီလာခံနှင့်ဆက်စပ်ကျင်းပသည့် EITI အဖွဲ့ဝင်များအစည်းအဝေး။

၂။ EITI ဥက္ကဋ္ဌမှဦးဆောင်သည့် EITI ဘုတ်အဖွဲ့။

၃။ အမှုဆောင် ညွှန်ကြားရေးမှူးမှဦးဆောင်သည့် EITI အတွင်းရေးမှူးရုံး

(၂) EITI ဘုတ်အဖွဲ့သည် အပိုဒ် ၁၄ နှင့်အညီ ကော်မတီများကိုဖွဲ့စည်းတည်ထောင်နိုင်သည်။

(၃) EITI အသင်းကြီး၏ဖွဲ့စည်းပုံတွင် ပွင့်လင်းမြင်သာစွာလုပ်ငန်းလည်ပတ်ပြီး ကျား/မ ရေးရာ၊ နိုင်ငံသားများနှင့် ယဉ်ကျေးမှုအားဖြင့် မတူကွဲပြားမှုများကို အားပေးသည်။

## အပိုဒ် ၅ – အသင်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် မဲဆန္ဒနယ်များ

(၁) EITI အသင်းကြီး၏အဖွဲ့ဝင်တစ်ဦးသည် မဲဆန္ဒရှင်လူထုမှ အပိုဒ် ၅ (၂) နှင့် (၃) တို့တွင် ချမှတ်ထား

သည့်အတိုင်း ခန့်အပ်ထားသည့် နိုင်ငံ (နိုင်ငံတော်ဟုအဓိပ္ပါယ်ရ)၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် တရားဝင်အသင်းအဖွဲ့၏ ကိုယ်စားလှယ်ပုဂ္ဂိုလ်ဖြစ်သည်။

(၂) မဲဆန္ဒနယ် ၃ ခုအတွင်းဖွဲ့စည်းထားသောအဖွဲ့ဝင်များမှာ -

၁။ အောက်ပါတို့ပါဝင်သည့် နိုင်ငံများမှ မဲဆန္ဒနယ်

(က) EITI ဘုတ်အဖွဲ့မှ အမျိုးအစားသတ်မှတ်ထားသည့်အတိုင်း အကောင်အထည်ဖော်သော နိုင်ငံများ - နိုင်ငံတော်များဟုအဓိပ္ပါယ်ရသည်။

(ခ) EITI ဘုတ်အဖွဲ့မှသတ်မှတ်ထားသည့်အတိုင်း EITI အသင်းကြီး၏ရည်ရွယ်ချက်ကို ထောက်ပံ့ပေး သည့် ပံ့ပိုးသောနိုင်ငံများ - နိုင်ငံတော်များ သို့မဟုတ် ပြည်ထောင်စုနိုင်ငံတော်များဟု အဓိပ္ပါယ်ရသည်။

၂။ အောက်ပါတို့ပါဝင်သည့် ကုမ္ပဏီများမှ မဲဆန္ဒနယ်

(က) EITI ဘုတ်အဖွဲ့မှ သတ်မှတ်ထားသည့်အတိုင်း EITI အသင်း ကြီး၏ရည်ရွယ်ချက်ကို အထောက်အပံ့ပေးရန် ကတိကဝတ်ပြုဆောင်ရွက်သည့် သယံဇာတတူးဖော် ထုတ်လုပ်ရေး ကဏ္ဍမှ ကုမ္ပဏီများနှင့် ယင်းကုမ္ပဏီများကိုကိုယ်စားပြုသောအသင်းအဖွဲ့များ၊

(ခ) EITI ဘုတ်အဖွဲ့မှသတ်မှတ်ထားသည့်အတိုင်း EITI အသင်းကြီး၏ ရည်ရွယ်ချက်ကို အထောက် အပံ့ပေးရန် ကတိကဝတ်ပြုဆောင်ရွက်သည့် အသင်းအဖွဲ့ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၊

(ဂ) EITI ဘုတ်အဖွဲ့မှ သတ်မှတ်ထားသည့်အတိုင်း EITI အသင်းကြီး၏ ရည်ရွယ်ချက်ကို အထောက် အပံ့ပေးရန် ကတိကဝတ်ပြုဆောင်ရွက်သည့် ကုန်ပစ္စည်းကုန်သွယ်ကူးသန်းသူများ။

၃။ EITI ဘုတ်အဖွဲ့မှသတ်မှတ်ထားသည့်အတိုင်း EITI အသင်းကြီး၏ ရည်ရွယ်ချက်ကိုအထောက် အပံ့ပေးရန် ကတိကဝတ်ပြုဆောင်ရွက်သည့် အစိုးရမဟုတ် သောအဖွဲ့အစည်းများ၊ နိုင်ငံတကာ အရေးယူဆောင်ရွက်ရေးကွန်ယက်များ သို့မဟုတ် မဟာမိတ်အသင်းစုများစသည်တို့ ပါဝင်သော

အရပ်ဘက်အဖွဲ့အစည်းများ၏မဲဆန္ဒနယ်။

(၃) မဲဆန္ဒနယ်တစ်ခုချင်းစီသည် ၎င်း၏ EITI အသင်းကြီး၏ အဖွဲ့ဝင်များရွေးချယ်ခန့်အပ်ရေးကို ထိန်းကျောင်းသည့်စည်းမျဉ်းများအား ဆုံးဖြတ်သည်။ အသင်းဝင်ဖြစ်မှုကိုအောက်ပါတို့အား ဖြင့်ကန့်သတ်စေရမည်။

၁။ နိုင်ငံများ၏မဲဆန္ဒနယ်တွင် အကောင်အထည်ဖော်သောနိုင်ငံတစ်ခုစီနှင့် ပံ့ပိုးပေးသော နိုင်ငံတစ်ခုစီ (သို့မဟုတ် ၎င်းတို့၏ သမဂ္ဂများ) မှကိုယ်စားလှယ်တစ်ဦးစီ။

၂။ ကုမ္ပဏီများ၏မဲဆန္ဒနယ်တွင် ကုမ္ပဏီနှင့် ၎င်းတို့အား ကိုယ်စားပြုသည့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်တစ်ဦးစီနှင့်၊ အသင်းအဖွဲ့ဆိုင်ရာရင်းနှီးမြှုပ်နှံသူများမှ ငါးဦးထက်မပိုသော ကိုယ်စားလှယ်များ။

၃။ အရပ်ဘက်အဖွဲ့အစည်းများ၏ မဲဆန္ဒနယ်တွင် အရပ်ဘက်အဖွဲ့အစည်းတစ်ခုချင်းစီမှ ကိုယ်စားလှယ်တစ်ဦးစီ။

(၄) မဲဆန္ဒနယ်တစ်ခုသည် ၎င်း၏ခန့်အပ်ထားသော အသင်းဝင်များအား အချိန်မရွေးအစားထိုး ပြောင်းလဲခန့်အပ်နိုင်သည်။ မဲဆန္ဒနယ်သည် ၎င်း၏အဖွဲ့ဝင်များကို EITI အတွင်းရေးမှူးရုံးထံသို့ အချိန်မရွေးအသိပေးရမည်။

(၅) EITI ဘုတ်အဖွဲ့သည် အောက်ပါတို့ဖြစ်ပါက မည်သည့်အဖွဲ့ဝင်များမဆို၏ အဖွဲ့ဝင်ဖြစ်ခြင်းကို ဖျက်သိမ်းနိုင်သည်။

၁။ အဖွဲ့ဝင် သို့မဟုတ် နိုင်ငံ သို့မဟုတ် အဖွဲ့ဝင်မှကိုယ်စားပြုသော အခြားအသင်းအဖွဲ့တစ်ခု ခုသည် အသင်း အဖွဲ့ဖွဲ့စည်းပုံပြဌာန်းချက်များအား မလိုက်နာလျှင် သို့မဟုတ်

၂။ အဖွဲ့ဝင် သို့မဟုတ် နိုင်ငံ သို့မဟုတ် အဖွဲ့ဝင်မှကိုယ်စားပြုသော အခြားအသင်းအဖွဲ့တစ်ခု ခုသည် ဥပဒေ့ဒါန်မြောက်သော သို့မဟုတ် EITI အခြေခံစည်းမျဉ်းများနှင့် ဆန့်ကျင်သည်ဟု သတ်မှတ်ရသောအပြုအမူမျိုးဖြင့် သူ/သူမ/၎င်း၏ အမှုကိစ္စများကိုဆောင်ရွက်ခဲ့လျှင်။

(၆) EITI ဘုတ်အဖွဲ့မှ အပိုဒ် ၅(၅) နှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ချက်အား မည်သည့်အဖွဲ့ဝင်မဆို အဖွဲ့ဝင်များ၏အစည်းအဝေးတွင် နောက်ဆုံးဆုံးဖြတ်ချက်အတွက် အယူခံဝင်နိုင်သည်။

## အပိုဒ် ၆ – EITI ညီလာခံ

(၁) EITI ညီလာခံကို EITI ပါဝင်သက်ဆိုင်သူများအတွက် ဖိုရမ်ကိုလုပ်ဆောင်ပေးရန် EITI အသင်းကြီး၏ ရည်ရွယ်ချက်ပိုမိုရောက်ရှိပြည့်မီရန်နှင့် EITI အသင်းကြီး၏ မူဝါဒများနှင့် မဟာဗျူဟာများအပေါ် ၎င်းတို့အမြင်များအား ဖော်ထုတ်ပြောဆိုနိုင်ရန်အားလုံးက EITI အသင်းကြီးအတွင်း အကျိုးစီးပွားအတွက် သုံးနှစ်လျှင်တစ်ကြိမ်အနည်းဆုံးကျင်းပရမည်။ EITI ဥက္ကဋ္ဌသည် ညီလာခံ၏ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ EITI ညီလာခံသည် EITI အသင်းကြီး၏ ထိန်းချုပ်မှု ပိုင်းမဟုတ်သော အင်္ဂါရပ်ဖြစ်သည်။

(၂) EITI အဖွဲ့ဝင်များ၊ EITI ဘုတ်အဖွဲ့နှင့် EITI အတွင်းရေးမှူးတို့သည် EITI ညီလာခံအတွင်း တက်ရောက် သို့မဟုတ် ကိုယ်စားပြုပိုင်ခွင့်ရှိသည်။ ကိစ္စရပ်တစ်ခု ချင်းစီတွင် ယင်းသို့ကိုယ်စားပြုရန် စီစဉ်ဆောင်ရွက်ချက်များပြုလုပ်ရန်ကျိုးကြောင်း ဆီလျော်ပြီး လက်တွေ့ကျသည်ဟု EITI ဘုတ်အဖွဲ့မှ ဆုံးဖြတ်သော အတိုင်းအတာအလိုက် အခြား EITI ပါဝင်သက်ဆိုင်သူများကိုလည်း ဖိတ်ကြားသင့်သည်။

(၃) EITI ညီလာခံကို EITI ဘုတ်အဖွဲ့မှ အဖွဲ့ဝင်များနှင့် မဲဆန္ဒနယ်များအား အနည်းဆုံး ၄ ပတ်ကြိုတင် အသိပေးပြီး EITI ဝက်ဘ်ဆိုက်ပေါ်နှင့် စာဖြင့်ရေးသားထားသော အကြောင်းကြား စာတို့ဖြင့်ခေါ်ယူရမည်။ စာဖြင့်ရေးသားထားသော အကြောင်းကြားစာတွင် ညီလာခံ၏ အခမ်းအနားအစီအစဉ်ပါဝင်ရမည်။

(၄) EITI ညီလာခံသည် –

၁။ အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း၊ စည်းရုံးညှိနှိုင်းလှုံ့ဆော်ခြင်း၊ ရန်ပုံငွေဆက်လက်ရှာဖွေခြင်း၊ နှင့် EITI ပါဝင်သက်ဆိုင်သူအသစ်များအားလုံး အကျုံးဝင်ပါဝင်နိုင်ခြင်းတို့အတွက် အရေးပါသောနှင့် မြင်သာသောရပ်ဝန်းတစ်ခုကိုဖော်ဆောင်ပေးရမည်။

၂။ ပုံမှန် အဖွဲ့ဝင်များအစည်းအဝေးမတိုင်မီတွင် ကာလအတွက် လုပ်ငန်းအစီရင်ခံစာအပေါ်အခြေ ခံပြီး တိုးတက်မှုကိုစိစစ်သုံးသပ်ရမည်။

၃။ လာမည့်ပုံမှန်အဖွဲ့ဝင်များအစည်းအဝေးမတိုင်မီအထိ EITI လုပ်ဆောင်ချက်များအပေါ် EITI ဘုတ်အဖွဲ့ထံသို့အကြံပြုချက်များပေးရမည်။

၄။ EITI အသင်းကြီး၏ ရည်ရွယ်ချက်ရရှိပြည့်မီစေရန် အဆင့်မြင့်မားသော ပူးပေါင်းညှိနှိုင်းလုပ် ဆောင်ခြင်း၊ နိုင်ငံရေးဆိုင်ရာကတိကဝတ်ပြုဆောင်ရွက်မှုနှင့် အရှိန်အဟုန်ကောင်းတို့ကို ဖြစ် ပေါ်စေပြီး ရေရှည်တည်တံ့စေရမည်။

၅။ EITI အသင်းကြီး၏ စီမံအုပ်ချုပ်မှုစနစ်ပုံစံအတွင်း တရားဝင်ကိုယ်စားပြုမှုမရှိသည့် EITI ပါဝင် ပတ်သက်သူများအတွက် အလွတ်သဘောဆက်သွယ်ပြောဆိုရေးလမ်းကြောင်းများလုပ်ဆောင် ပေးရမည်။

(၅) အထက်ပါ အပိုဒ် ၇(၄) တွင်ချမှတ်ထားသောကိစ္စရပ်များအပေါ်အမြင်များကို EITI ညီလာခံမှ သဘောတူညီထားပြီး EITI အဖွဲ့ဝင်များအစည်းအဝေးနှင့် EITI ဘုတ်အဖွဲ့ထံသို့ဆက်သွယ်အသိပေး ထားသည့် စည်းနှောင်မှုမရှိသော ရေရှည်ရလဒ်ထုတ်ပြန်ချက်ဖြင့် ထုတ် ဖော်ပြောဆိုနိုင် သည်။ EITI ညီလာခံသည် အားလုံးသဘောတူညီမှုဖြင့် ဖြေရှင်းဆောင်ရွက်ချက်များကို လက်ခံလုပ်ဆောင်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ EITI ပါဝင်သက် ဆိုင်သူများ၏ အမြင်ကိုထည့်သွင်းစဉ်းစားပြီး EITI ဥက္ကဋ္ဌသည် မဲပေးရန်လိုမလိုဆုံးဖြတ်နိုင်သည်။ EITI ဘုတ်အဖွဲ့ဝင်နှင့် အတွင်းရေးမှူးမှလွဲ၍ EITI ပါဝင်သက်ဆိုင်သူ တစ်ဦးချင်းစီသည် ဆန္ဒမဲတစ်မဲပေးပိုင်ခွင့်ရှိသည်။ EITI ညီလာခံ၏ဖြေ ရှင်းဆောင်ရွက်ချက်များကို အစည်းဝေးတက်ရောက်ပြီးမဲပေးသူအများးစုတို့၏ လက်ခံမှုဖြင့်ကျင့်သုံး ရမည်။

## အပိုဒ် ၇ - EITI အဖွဲ့ဝင်များအစည်းအဝေး

(၁) EITI အသင်းကြီး၏ စီမံအုပ်ချုပ်ရေးအဖွဲ့သည် EITI အဖွဲ့ဝင်များအစ စည်းအဝေးပင်ဖြစ်သည်။

(၂) EITI အဖွဲ့ဝင်များအစည်းအဝေးတွင် EITI အသင်းကြီး၏အသင်းအဖွဲ့ဝင်များ ပါဝင်သည်။

(၃) EITI အဖွဲ့ဝင်များပုံမှန်အစည်းအဝေးကို EITI ညီလာခံနှင့်အတူ သုံးနှစ်လျှင် တစ်ကြိမ်အနည်းဆုံး ကျင်းပရမည်။ EITI အဖွဲ့ဝင်များပုံမှန်အစည်းအဝေးကို EITI ဘုတ်အဖွဲ့မှ အဖွဲ့ဝင်များအား အနည်းဆုံးအချိန် ၄ ပတ်ကြိုတင်၍ စာဖြင့်ရေးသားအသိပေးကာ ခေါ်ယူရမည်။

(၄) အဖွဲ့ဝင်များအထူးအစည်းအဝေးကို EITI ဘုတ်အဖွဲ့မှ အဖွဲ့ဝင်များအား အနည်းဆုံးအချိန် ၃ ပတ်ကြိုတင်၍ စာဖြင့်ရေးသားအသိပေးကာခေါ်ယူရမည်။ EITI ဘုတ်အဖွဲ့အနေဖြင့် အဖွဲ့ဝင်များ အထူးအစည်းအဝေးကို EITI ဥက္ကဌမှ ယင်းသို့ကျင်းပရန်တောင်းဆိုချက်အား လက်ခံရရှိပြီး ၄ ပတ် အတွင်းကျင်းပကြောင်းသေချာစေရမည်။

(၅) EITI အဖွဲ့ဝင်များအစည်းအဝေးတွင် ပါဝင်တက်ရောက်လိုသူအဖွဲ့ဝင်များသည် EITI အတွင်းရေးမှူး ထံသို့ ခေါ်ယူသောရက်များအမီ အသိပေးအကြောင်းကြားရမည်။ EITI အဖွဲ့ဝင်များအစည်းအဝေး တွင် အဖွဲ့ဝင်တစ်ဦးအား စာဖြင့်ရေးသားထားသော ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားပြုစေနိုင် သည်။ ကိုယ်စားလှယ်လွှဲစာတွင် တိကျသော မဲဆန္ဒပေးခြင်းဆိုင်ရာလမ်းညွှန်ချက်များပါ ဝင်နိုင် သည်။

တာဝန်သိစွာလက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်လွှဲစာကို EITI အတွင်းရေးမှူးရုံးမှ အစည်း အဝေးခေါ်ယူသည့်ရက်အမီ လက်ခံရရှိရမည်။

(၆) EITI ဥက္ကဌသည် EITI အဖွဲ့ဝင်များအစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(၇) အဖွဲ့ဝင်များအစည်းအဝေးအထမြောက်ရန် လိုအပ်သောအနည်းဆုံးလူဦးရေအချိုးတွင် အဖွဲ့ဝင်များ ၏ သုံးပုံတစ်ပုံအနည်းဆုံးဖြစ်ရမည်ဖြစ်ပြီး မဲဆန္ဒနယ်တစ်ခုချင်းစီမှအနည်းဆုံး အဖွဲ့ဝင်သုံးပုံတစ်ပုံ တို့ပါဝင်ရမည်ဖြစ်သည်။

(၈) အဖွဲ့ဝင်များအစည်းအဝေးသည် ဖြေရှင်းဆောင်ရွက်ချက်များအား အားလုံးသိရှိသဘောတူညီမှု ဖြင့်လက်ခံလုပ်ဆောင်ရန် ကြိုးပမ်းအားထုတ်ရမည်။ မဲဆန္ဒပေးရန်လိုအပ်ပါက ဆုံးဖြတ်ဆောင်

ရွက်ချက်များကို လူများစုတို့၏ဆုံးဖြတ်ချက်ဖြင့် လက်ခံကျင့်သုံးရမည်ဖြစ်ပြီး စုစုပေါင်းထည့်ဝင်သောဆန္ဒမဲ၏ အနည်းဆုံးသုံးပုံနှစ်ပုံ၏ ထောက်ခံမှုရှိရန်လိုအပ်ကာ မဲဆန္ဒနယ်တစ်ခုချင်းစီကိုကိုယ်စားပြုသောအဖွဲ့ဝင်များ၏ ဆန္ဒမဲအနည်းဆုံး သုံးပုံတစ်ပုံ၏ ထောက်ခံမှုပါဝင်ရမည်ဖြစ်သည်။ မဲဆန္ဒနယ်တစ်ခုချင်းစီ၏အဖွဲ့ဝင်များအတွက် စုစုပေါင်းဆန္ဒမဲအရေအတွက်သည် တူညီရမည်ဖြစ်ပြီး အောက်ပါတို့အားဖြင့် သတ်မှတ်ရမည် -

၁။ နိုင်ငံများ၏မဲဆန္ဒနယ်မှအဖွဲ့ဝင်များသည် ဆန္ဒမဲတစ်မဲစီရှိရမည်။

၂။ ကုမ္ပဏီများ၏မဲဆန္ဒနယ်မှ အဖွဲ့ဝင်များ၏ဆန္ဒမဲနှင့် အရပ်ဘက်အဖွဲ့အစည်းများမဲဆန္ဒနယ်မှ အဖွဲ့ဝင် များ၏ဆန္ဒမဲအတွက်မှု နိုင်ငံဆန္ဒမဲများ၏ စုစုပေါင်းကိုကုမ္ပဏီနှင့် အရပ်ဘက်အဖွဲ့ အစည်း မဲဆန္ဒနယ်များ၏အဖွဲ့ဝင်များအရေအတွက်ဖြင့် အသီးသီးပိုင်းခြားခြင်းအားဖြင့် သတ်မှတ်ရမည်။

၃။ EITI ဥက္ကဋ္ဌသည် ဆန္ဒမဲမပေးမီ မတူညီသောမဲဆန္ဒနယ်များမှ အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် ဆန္ဒမဲများအရေအတွက်ကို ကြေညာပေးရမည်။

## အပိုဒ် ၈ - EITI အဖွဲ့ဝင်များအစည်းအဝေး၏လုပ်ငန်းများ

(၁) EITI အဖွဲ့ဝင်များအစည်းအဝေးသည် -

၁။ လုပ်ငန်းအစီရင်ခံစာများ၊ စာရင်းအင်းများနှင့် EITI ဘုတ်အဖွဲ့၏လုပ်ဆောင်ချက်အစီအစဉ်တို့ကို အတည်ပြုရမည်။

၂။ မဲဆန္ဒနယ်များမှ အဆိုပြုတင်သွင်းလာလျှင် EITI ဘုတ်အဖွဲ့၏အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်တစ်ဦးချင်းစီ၏ အစားထိုးလူများအား ရွေးကောက်တင်မြှောက်ရမည်။

၃။ EITI ဘုတ်အဖွဲ့မှအဆိုပြုလျှင် EITI ၏ ဥက္ကဋ္ဌကို ရွေးကောက်တင် မြှောက်ရမည်။

၄။ အဖွဲ့ဝင်တစ်ဦးဦးထံမှတောင်းဆိုချက်များနှင့် သက်ဆိုင်သည့်အခြားမည်သည့်ကိစ္စရပ်များကိုမဆို

စဉ်းစားလုပ်ဆောင်ရမည်။ ယင်းတောင်းဆိုချက်များကို စာဖြင့်ရေးသားပြီး ယင်းအကြောင်းအရာများအား EITI အဖွဲ့ဝင်များအစည်းအဝေးခေါ်ယူစဉ် အခမ်းအနားအစီအစဉ်တွင် ထည့်သွင်းနိုင်ရန်အတွက် EITI ဥက္ကဋ္ဌထံသို့ အချိန်မီတင်ပြရမည်။

## အပိုဒ် ၉ - EITI ဘုတ်အဖွဲ့

(၁) EITI အသင်းကြီး၏ အလုပ်အမှုဆောင်အဖွဲ့သည် EITI အဖွဲ့ဝင်များအစည်းအဝေးမှ ရွေးကောက်တင်မြှောက်ထားသော EITI ဘုတ် အဖွဲ့ပင်ဖြစ်ပြီး EITI အဖွဲ့ဝင်များ အစည်းအဝေး၏လမ်းညွှန်ချက်အောက်တွင် လုပ်ငန်းလည် ပတ်သည်။

(၂) EITIအသင်းကြီး၏သုံးပွင့်ဆိုင်ညွှန့်ပေါင်းပါဝင်သက်ဆိုင်သူများသဘောသဘာဝကိုထင်ဟပ်စေရန် EITI ဘုတ်အဖွဲ့သည် ဘုတ်အဖွဲ့ဝင်ပေါင်း ၂၀ ("ဘုတ်အဖွဲ့ဝင်များ") ရှိရမည်ဖြစ်ပြီး အောက်ပါအတိုင်းတည်ရှိရမည်။

၁။ ဥက္ကဋ္ဌ

၂။ နိုင်ငံများမဲဆန္ဒနယ်မှ EITI အသင်း၏အဖွဲ့ဝင်ဖြစ်သော ဘုတ်အဖွဲ့ဝင် ၉ ဦးဖြစ်ပြီး အများဆုံး ဘုတ်အဖွဲ့ဝင် ၃ ဦးသည် EITI ပံ့ပိုးသောနိုင်ငံများမှ ကိုယ်စားပြုရမည်ဖြစ်ကာ ကျန်အဖွဲ့ဝင်များသည် EITI အကောင်အထည်ဖော်သော နိုင်ငံများမှ ကိုယ်စားပြုရမည်။

၃။ ကုမ္ပဏီများမဲဆန္ဒနယ်မှ EITI အသင်း၏အဖွဲ့ဝင်ဖြစ်သော ဘုတ်အဖွဲ့ဝင် ၆ ဦးရှိရမည်ဖြစ်ပြီး အများဆုံး တစ်ဦးသည် အသင်းအဖွဲ့ဆိုင်ရာရင်းနှီးမြှုပ်နှံသူများကို ကိုယ်စားပြုရမည်။

၄။ အရပ်ဘက်အဖွဲ့အစည်းများမဲဆန္ဒနယ်မှ EITI အသင်း၏အဖွဲ့ဝင် ဖြစ်သော ဘုတ်အဖွဲ့ဝင် ၅ ဦးရှိရမည်။

(၃) ဘုတ်အဖွဲ့ဝင်များအားလုံးသည် အဆိုတင်သွင်းခံရပြီးနောက် ကျင်းပသော ပုံမှန် EITI အဖွဲ့ဝင်များအစည်းအဝေးမှ သဘောတူကောက်နုတ်ချက်ချသည်နှင့် တာဝန်မှအနားယူရမည်ဖြစ်သော်လည်း ယင်းသို့ EITI အဖွဲ့ဝင်များအစည်းအဝေးတွင် တဖန်ပြန်လည်အဆိုတင်သွင်းခံနိုင်ခွင့်ရှိသည်။

(၄) မဲဆန္ဒနယ်လူထုမှအဆိုတင်သွင်းလာသော ဘုတ်အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် အစားထိုး ဘုတ်အဖွဲ့ဝင်တစ်ဦး ("ကိုယ်စားလှယ်") ကို မဲဆန္ဒရှင်လူထုများမှအဆိုပြုတင်သွင်းနိုင်ပြီး EITI အဖွဲ့ဝင်များ အစည်းအဝေးမှ ရွေးကောက်တင်မြှောက်နိုင်သည်။ ကိုယ်စားလှယ်သည် ဘုတ်အဖွဲ့ဝင်အတွက် တွဲဖက်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ကိုယ်စားလှယ်မရှိပါက သက်ဆိုင်ရာမဲဆန္ဒနယ် လူထုသည် ဘုတ်အဖွဲ့ဝင်အသစ်နှင့် ကိုယ်စားလှယ်တို့ကို အဆိုပြုတင်သွင်းရမည်။

(၅) ဘုတ်အဖွဲ့ဝင်သည် ဘုတ်အဖွဲ့အစည်းအဝေးမှ ပျက်ကွက်လျှင် ယင်းဘုတ်အဖွဲ့ဝင်၏ ကိုယ်စားလှယ်သည် ယင်းအစည်းအဝေး၌ တက်ရောက်နိုင်ပြီး ဆွေးနွေးခြင်းများတွင်ပါဝင် နိုင်ကာဆန္ဒမဲထည့်ဝင်နိုင်ပြီး ယင်းဘုတ်အဖွဲ့ဝင်၏ လုပ်ငန်းဆောင်တာအားလုံးတို့ကို ယေဘုယျအားဖြင့်လုပ်ဆောင်နိုင်သည်။

(၆) EITI အဖွဲ့ဝင်များအစည်းအဝေးနှစ်ခုအကြားတွင် EITI ဘုတ်အဖွဲ့တွင် လစ်လပ်နေရာရှိပါက ယင်းလစ်လပ်နေရာအား ရာထူးမှနုတ်ထွက်သွားသောဘုတ်အဖွဲ့ဝင်၏ ကိုယ်စားလှယ်မှ ဖြည့်စွက်ရမည်ဖြစ်ကာ သက်ဆိုင်ရာမဲဆန္ဒနယ်လူထုအနေဖြင့် ကိုယ်စားလှယ်အသစ်ကို ဘုတ်အဖွဲ့မှ ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် အဆိုပြုတင်သွင်းရမည်။ ထို့နည်းတူ သက်ဆိုင်ရာမဲဆန္ဒနယ်လူထုသည် ဘုတ်အဖွဲ့ဝင်အသစ်ကို ဘုတ်အဖွဲ့မှ ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် အဆိုပြုတင်သွင်းနိုင်သည်။

(၇) EITI အသင်းကြီးသည် ဘုတ်အဖွဲ့ဝင်များအတွက် ပေးရန်တာဝန်ရှိမှုအာမခံများ ရယူပေးရမည်။ သတ်မှတ်ချက်များနှင့်အခြေအနေရပ်များကို EITI ဘုတ်အဖွဲ့မှ အတည်ပြုရမည်။

(၈) EITI ဘုတ်အဖွဲ့သည် သက်တမ်းအတွင်း ရပ်စဲခံရသည့် အကောင်အထည်ဖော်သော နိုင်ငံကို ကိုယ်စားပြုသည့်ဘုတ်အဖွဲ့ဝင်ကိုဘုတ်အဖွဲ့ဝင်ဆက်လက်ဖြစ်ခြင်းအတွက်ဆုံးဖြတ်နိုင်သော်လည်း ရပ်စဲခံရသည့်ကာလအတွင်း ဘုတ်အဖွဲ့၏ လုပ်ဆောင်ချက်များတွင် ပူးပေါင်းပါဝင်မှုမှ ရှောင်ကျဉ်ရမည်။ တစ်နှစ်ထက်ပိုပြီးရပ်စဲခြင်းခံရပါက EITI Board ဘုတ်အဖွဲ့ဝင်ဖြစ်ခြင်းကို ဖျက်သိမ်းရန်ဆုံးဖြတ်နိုင်သည်။

## အပိုဒ် ၁၀ – EITI စောင့်ကြည့်လေ့လာသူများ

(၁) လက်တွေ့လုပ်ဆောင်နိုင်သည်ဖြစ်ပါကကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးဆိုင်ရာရန်ပုံငွေအသင်း၊ နှင့်အခြားဆီလျော်သောပါဝင်သက်ဆိုင်သူများစသည့်သက်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများကို EITI ဘုတ် အဖွဲ့မှ EITI ဘုတ်အဖွဲ့အစည်းအဝေးများနှင့် အဖွဲ့ဝင်များအစည်းအဝေးများသို့ လေ့လာစောင့်ကြည့်သူများ အဖြစ်တက်ရောက်ရန်ဖိတ်ကြားသင့်သည်။ ၎င်းတို့အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်မရှိသော်လည်း ကိစ္စရပ်အကြောင်းအရာတစ်ခုခုအပေါ် ၎င်းတို့၏ အမြင်များကိုထုတ်ဖော်ပြောဆိုရန်ဖိတ်ခေါ်ခံနိုင်သည်။ လေ့လာစောင့်ကြည့်သူများမပါပဲ အချို့ကိစ္စရပ်များကို ဆွေးနွေးသင့်မသင့်ကို EITI ဘုတ် အဖွဲ့မှ ဆုံးဖြတ်နိုင်သည်။

## အပိုဒ် ၁၁ – EITI ဥက္ကဋ္ဌ

(၁) EITI ဥက္ကဋ္ဌကို EITI အဖွဲ့ဝင်များ ပုံမှန်အစည်းအဝေးတွင် ရွေးကောက်တင်မြှောက်ရမည်။ EITI ဘုတ်အဖွဲ့သည် EITI အဖွဲ့ဝင်များပုံမှန်အစည်း အဝေးတစ်ခုချင်းစီမတိုင်မီ ယင်း EITI အဖွဲ့ဝင်များအစည်းအဝေးနောက်ဖြစ်ပေါ် မည့်ကာလသက်တမ်းအတွက် EITI ဥက္ကဋ္ဌလောင်းကို အကြံပြုတင်သွင်းနိုင်သည်။ EITI ဥက္ကဋ္ဌ ၏သက်တမ်းကို တစ်ကြိမ်ပြန်လည် သစ်လွင်ထမ်းဆောင်စေနိုင်သည်။

(၂) EITI ဥက္ကဋ္ဌသည် အောက်ပါတို့ကိုလုပ်ဆောင်ရမည်။

၁။ EITI အဖွဲ့ဝင်များအစည်းအဝေး၏ သဘာပတိအဖြစ်

၂။ EITI ဘုတ်အဖွဲ့အစည်းအဝေး၏ သဘာပတိအဖြစ်

၃။ EITI ဘုတ်အဖွဲ့၏အစီရင်ခံစာကို EITI ညီလာခံနှင့် EITI အဖွဲ့ဝင်များအစည်းအဝေးတို့တွင် တင်ပြခြင်း

၄။ ပြင်ပကိစ္စရပ်များတွင် EITI ဘုတ်အဖွဲ့ကို ကိုယ်စားပြုခြင်း

၅။ EITI ဘုတ်အဖွဲ့၏ ဖြေရှင်းဆောင်ရွက်ချက်များအားအကောင်အထည်ဖော်ခြင်း အခြေအနေကို

EITI အတွင်းရေးမှူးရုံးနှင့် ဆက်သွယ်မေးမြန်းစိစစ်သေချာစေခြင်း

၆။ EITI ပါဝင်သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်သော ဆက်ဆံရေးများ တည်ဆောက်ထိန်းသိမ်းခြင်း

(၃) EITI ဥက္ကဋ္ဌသည် ဘုတ်အဖွဲ့ဝင်အစည်းအဝေးအား သဘာပတိအဖြစ်မလုပ်ဆောင်နိုင်ပါက ဘုတ်အဖွဲ့ဝင်များသည် ယင်းအစည်းအဝေးတွင် သဘာပတိအဖြစ်ဆောင်ရွက်ရန် အခြားဘုတ်အဖွဲ့ဝင်တစ်ဦးကို ခန့်အပ်နိုင်သည်။

## အပိုဒ် ၁၂ - EITI ဘုတ်အဖွဲ့၏လုပ်ငန်းတာဝန်များ

(၁) EITI ဘုတ်အဖွဲ့သည် EITI အသင်းကြီး၏အကျိုးစီးပွားအတွက်ဦးတည်ထားပြီး အစဉ်တစိုက် လုပ်ဆောင်ရမည်။ EITI ဘုတ်အဖွဲ့သည် အောက်ပါအဓိက လုပ်ငန်းဆောင်တာများအပါအဝင် EITI အဖွဲ့ဝင်များအစည်းအဝေး၏ ဖြေရှင်းဆောင်ရွက်ချက်များ အလျောက် EITI အသင်းကြီး၏ အလုပ်အမှုဆောင်အခွင့်အာဏာများကို ကျင့်သုံးရမည်။

၁။ EITI အသင်းကြီးအားသက်ရောက်မှုရှိသည့် ယေဘုယျနှင့် အထူးပြုမူဝါဒဆိုင်ရာ ပြဿနာရပ်များကို စဉ်းစားလုပ်ဆောင်ခြင်း။

၂။ EITI အသင်းကြီး၏ လုပ်ငန်းအစီအစဉ်နှင့် ရသုံးမှန်းခြေဘတ်ဂျက်တို့ကို သဘောတူညီခြင်း

၃။ EITI ညီလာခံများနှင့် EITI အဖွဲ့ဝင်များအစည်းအဝေးများအတွက် စီစဉ်ဆောင်ရွက်ချက်များအပေါ် သဘောတူညီခြင်း

၄။ EITI ညီလာခံသို့ လုပ်ငန်းအစီရင်ခံစာနှင့် လုပ်ငန်းအစီအစဉ်တို့ကို (EITI ဥက္ကဋ္ဌမှတဆင့်) တင်ပြပြီး ယင်းတူညီသော စာရွက်စာတမ်းများကို EITI အဖွဲ့ဝင်များအစည်းအဝေးမှ အတည်ပြုချက်ရယူခြင်း

၅။ လွန်ခဲ့သော နောက်ဆုံး EITI အဖွဲ့ဝင်များပုံမှန်အစည်းအဝေးကတည်းက စသည့် စာရင်းအင်း

ကာလများအတွက် နှစ်ပတ်လည်စာရင်းအင်းများနှင့် စာရင်းစစ်အစီရင်ခံစာများကို (EITI ဥပဒေမှတဆင့်) တင်ပြခြင်း

၆။ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးနှင့် စေ့စပ်လုပ်ဆောင်ခြင်း

၇။ EITI အတွင်းရေးမှူးရုံး၏လုပ်ငန်းများအား စောင့်ကြည့်ခြင်းနှင့် (EITI ဥပဒေမှ တဆင့်) လမ်းညွှန်ခြင်း

၈။ EITI အသင်းကြီး၏ သုံးပွင့်ဆိုင်ညွှန့်ပေါင်း ပါဝင်ပတ်သက်သူ သဘောသဘာဝကို ကော်မတီများအပါအဝင် EITI အသင်းကြီး၏အဆင့်တိုင်းတို့တွင် စောင့်ထိန်းပြီး အပြည့်အဝ ထင်ဟပ်ဖော်ဆောင်ခြင်း

၉။ အကောင်အထည်ဖော်သောနိုင်ငံများရှိ EITI အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်လေ့လာပြီး အထောက်အပံ့ပေးကာ၊ တိုင်တန်းချက်များ၊ သဘောမတူညီချက်များအား ဖြေရှင်းခြင်း၊ နိုင်ငံအားစာရင်းမှ ထုတ်ပယ်ခြင်းအား မေးခွန်းမေးမြန်းခြင်းနှင့် အယူခံလုပ်ထုံးလုပ်နည်းများ အပါအဝင် အကဲဖြတ်ဆန်းစစ် အတည်ပြုရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများအားဖော်ဆောင်ခြင်း

၁၀။ နိုင်ငံလုပ်ငန်းအစီအစဉ်များနှင့် ကုမ္ပဏီလုပ်ငန်းအစီအစဉ်များ၏ ပါဝင်အစိတ်အပိုင်းများ၊ အကဲဖြတ်ဆန်းစစ်အတည်ပြုရေးလုပ်ငန်းစဉ်၊ ရန်ပုံငွေများစီမံခန့်ခွဲခြင်း၊ စီမံကိန်းများကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက်ပေးချေမှုများ၊ စီမံကိန်းများအားစာရင်းစစ်ခြင်း အစီရင်ခံခြင်းနှင့် အတည်ပြုခြင်းတို့အပါအဝင် EITI အသင်းကြီး၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း အတွက် ပိုမိုအသေးစိတ်လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း များလက်ခံ ကျင့်သုံးခြင်း

၁၁။ EITI အဖွဲ့ဝင်များအစည်းအဝေးတစ်ခုချင်းစီမတိုင်မီ EITI ဥပဒေ လောင်းကို အကြံပြုတင်သွင်းခြင်းနှင့်

၁၂။ လိုက်နာရန်ကျင့်ဝတ်များအား လက်ခံကျင့်သုံးခြင်း။

## အပိုဒ် ၁၃ - EITI ဘုတ်အဖွဲ့၏ ကော်မတီများ

၁။ EITI ဘုတ်အဖွဲ့သည် ပိုမိုသီးခြားတိကျသောပြဿနာရပ်များအတွက် ကော်မတီများကို ဖွဲ့စည်းနိုင်သည်။ ယင်းသို့သော မည်သည့်ကော်မတီမဆိုတွင် နှစ်ဦး သို့မဟုတ် ၎င်းထက်ပိုသော ဘုတ်အဖွဲ့ဝင် သို့မဟုတ် ၎င်းတို့၏ အစားထိုးကိုယ်စားလှယ်များ ပါဝင်သင့်ပြီး ဖွဲ့စည်းပုံသည် ကျိုးကြောင်းဆီလျော်၍ EITI အသင်းကြီး၏ သုံးပွင့်ဆိုင်ညွန့်ပေါင်း ပါဝင်သက်ဆိုင်သူ သဘောသဘာဝကို ထင်ဟပ်ရမည်ဖြစ်သည်။ ယင်းသို့သောမည်သည့် ကော်မတီမဆိုလည်ပတ်လုပ်ဆောင်မည့် တာဝန်နှင့် သတ်မှတ်ချက်များကို အစည်းအဝေးမှတ်တမ်းမှတ်စုစာအုပ် (Minute Book) တွင် မှတ်တမ်းတင်ထားသင့်သည်။

## အပိုဒ် ၁၄ - ဘုတ်အဖွဲ့လုပ်ငန်း လည်ပတ်ဆောင်ရွက်ချက်များနှင့် စီရင်ချက်များ

၁။ EITI ဘုတ်အဖွဲ့သည် တစ်နှစ်လျှင်နှစ်ကြိမ်အနည်းဆုံး တွေ့ဆုံစည်းဝေးသင့်သည်။ အခြေအနေရပ်များအရလိုအပ်ပါက EITI ဘုတ်အဖွဲ့အစည်းအဝေးများကို တယ်လီဖုန်းဖြင့် စုဝေးညှိနှိုင်းခြင်းနည်းလမ်းဖြင့်လည်းကျင်းပနိုင်သည်။ တစ်နှစ်လျှင် EITI ဘုတ်အဖွဲ့အစည်းအဝေး၏အနည်းဆုံး တစ်ကြိမ်သည် လူကိုယ်တိုင် တွေ့ဆုံစည်းဝေးခြင်းဖြစ်ရမည်။

၂။ ဘုတ်အဖွဲ့အစည်းအဝေးကို EITI ဥက္ကဋ္ဌမှအနည်းဆုံး ၁၄ ရက်ကြိုတင်အသိပေးသည့်ရေးသားစာဖြင့် ခေါ်ယူကျင်းပရမည်။ ယင်းထက်ပိုမိုတိုတောင်းသော ကြိုတင်အသိပေးသည့်ရက်အတွက် ဘုတ်အဖွဲ့ဝင်များအားလုံး၏စာဖြင့်ရေးသားသောသဘောတူညီချက်ရှိရန်လိုအပ်သည်။

၃။ ဘုတ်အဖွဲ့ဝင်များသည် ဆုံးဖြတ်ဆောင်ရွက်ချက်များကို သဘောတူညီချက်ရယူပြီး လက်ခံကျင့်သုံးခြင်းဖြစ်အောင်အစဉ်တစိုက်ကြိုးပမ်းအားထုတ်ရမည်။ ဘုတ်အဖွဲ့ဝင်များ၏အမြင်များကိုထည့်သွင်းစဉ်းစားပြီး EITI ဥက္ကဋ္ဌသည် ဆန္ဒမဲပေးရန်လိုမလိုဆုံးဖြတ်နိုင်သည်။ EITI ဘုတ်အဖွဲ့၏အဖွဲ့ဝင်တိုင်း ဆန္ဒမဲတစ်မဲစီပေးနိုင်သည်။ ဆန္ဒမဲပေးခြင်းကို စာဖြင့်လွှဲပြောင်းသော ကိုယ်စားလှယ်ဖြင့်လည်း လူစားထိုးပေးနိုင်သည်။

၄။ ဘုတ်အဖွဲ့အစည်းအဝေးသည် ဆုံးဖြတ်ဆောင်ရွက်ချက်ကို ချမှတ်သည့်အချိန်တွင် ဆုံးဖြတ်ချက် အထမြောက်ရန်လိုအပ်သော အနည်းဆုံးလူဦးရေအချိုးတိုမှတက်ရောက်ခြင်းမရှိပဲ မည်သည့်ဆုံး ဖြတ်ဆောင်ရွက်ချက်ကိုမျှ မချမှတ်ရ။ ဘုတ်အဖွဲ့ဝင်များ၏အနည်းဆုံး သုံးပုံနှစ်ပုံနှင့်၊ နိုင်ငံများမဲဆန္ဒ နယ်မှအနည်းဆုံးဘုတ်အဖွဲ့ဝင်နှစ်ဦး(အကောင်အထည်ဖော်သည့်နိုင်ငံတစ်နိုင်ငံနှင့်ပံ့ပိုးသည့်နိုင်ငံ တစ်နိုင်ငံ)၊ အရပ်ဘက်အဖွဲ့အစည်းများ မဲဆန္ဒနယ်မှဘုတ်အဖွဲ့ဝင်တစ်ဦးနှင့် ကုမ္ပဏီများမဲဆန္ဒနယ် မှဘုတ်အဖွဲ့ဝင်တစ်ဦးတို့သည် အထမြောက်ရန်လိုအပ်သော အနည်းဆုံးလူဦးရေအချိုးကိုဖြစ်ပေါ် စေသည်။

၅။ ဆန္ဒမဲပေးရန်လိုအပ်ပါက ဆုံးဖြတ်ဆောင်ရွက်ချက်များကို ထောက်ခံမဲ ၁၃ မဲ ရှိသော လူများစုတို့မှ လက်ခံချမှတ်ကျင့်သုံးပြီး မဲဆန္ဒနယ်တစ်ခုစီမှဘုတ်အဖွဲ့ဝင်များ၏ ထောက်ခံမဲအနည်းဆုံးသုံးပုံတစ် ပုံပါဝင်ရမည်ဖြစ်သည်။

၆။ ဘုတ်အဖွဲ့ဝင်သည် ၎င်း၏အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သောကိစ္စရပ်များ သို့မဟုတ် စီစဉ် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သို့မဟုတ် သူ သို့မဟုတ် သူမ၏ဘက်မလိုက်မှုအပေါ်ယုံကြည် ချက်အားယိုယွင်းစေနိုင်သည့် အခြားထူးခြားသော အခြေအနေရပ်တစ်စုံတစ်ရာရှိပါက မဲမပေးရ ပါ။ ဘုတ်အဖွဲ့ဝင်သည် ယင်းအကျိုးစီးပွားများကို EITI ဘုတ်အဖွဲ့ထံသို့ စာဖြင့်ရေးသားချက်ဖြင့် ကြေညာချက်အား သူ သို့မဟုတ် သူမမှသိရှိပြီးသည်နှင့်တပြိုင်နက် စောနိုင်သမျှစော စီးစွာတင်ပြ ရမည်ဖြစ်သည်။ ဘုတ်အဖွဲ့ဝင်ကို ၎င်းမှဆန္ဒမဲပေးပိုင်ခွင့်မရှိသည့် ကိစ္စရပ်အတွက်ဆုံးဖြတ် ဆောင် ရွက်ချက်ချမှတ်သည့်အချိန်တွင် တက်ရောက်သော အစည်းဝေး အထမြောက်ရန် လိုအပ်သော အနည်းဆုံးလူဦးရေအချိုးထဲတွင် ထည့်သွင်းရေတွက်ခြင်းမပြုရ။

၇။ EITI ဘုတ်အဖွဲ့သည် ဘုတ်အဖွဲ့အစည်းအဝေးများ၏ပြင်ပရှိ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ် များနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများအား ချမှတ်ဖော်ဆောင်နိုင်သည်။ ယင်းလုပ်ထုံးလုပ် နည်းများနှင့်အညီ ဘုတ်အဖွဲ့အစည်းအဝေးများ၏ ပြင်ပတွင်ချမှတ်သောမည်သည့်ဆုံးဖြတ် ချက်မျိုး ကိုမဆို မည်သည့်အချိန်၌ယင်းသို့ဆုံးဖြတ်ခဲ့ကြောင်းနှင့်အတူ ဘုတ်အဖွဲ့အစည်းအဝေးမှတ်တမ်း များတွင်မှတ်တမ်းတင်ထားသင့်သည်။

၈။ EITI အသင်းကြီးအား ဘုတ်အဖွဲ့ဝင်များအားလုံး၏ရေးထိုးလက်မှတ်ဖြင့် ပြင်ပတွင် ကတိကဝတ်ပြု ဆောင်ရွက်နိုင်သည်။ EITI ဘုတ်အဖွဲ့သည် မည်သည့်နှစ်ဦးမဆို တွဲဖက် လက်မှတ်ရေး ထိုးနိုင်သည့် လက်မှတ်ရေးထိုးခွင့်အတွက် ဥက္ကဋ္ဌတစ်ဦးတည်း သို့မဟုတ် ဘုတ်အဖွဲ့ဝင်နှစ်ဦး သို့မဟုတ် အချို့ တို့ကို ရွေးကောက်တင်မြှောက်နိုင်သည်။

## အပိုဒ် ၁၅ – EITI အတွင်းရေးမှူးရုံး

၁။ EITI အတွင်းရေးမှူးရုံး (“အတွင်းရေးမှူးရုံး”) တွင် အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အခြားလို အပ်သောဝန်ထမ်းတို့ရှိမည်။ အတွင်းရေးမှူးရုံး၏အဖွဲ့ဝင်များအား EITI အဖွဲ့ဝင် များမှတိုက်ရိုက် သို့မ ဟုတ် တဆင့်ခံအားဖြင့် စာချုပ်ချုပ်ဆိုခန့်အပ်နိုင်သည်။

၂။ အတွင်းရေးမှူးရုံးသည် EITI ဘုတ်အဖွဲ့ဥက္ကဋ္ဌမှတဆင့် ဘုတ်အဖွဲ့၏ ညွှန်ကြားချက် အောက်တွင် အကောင်အထည်ဖော်သောနိုင်ငံများအား အထောက်အပံ့ပေးခြင်းအပါအဝင် EITI အသင်းကြီး၏ နေ့စဉ်လုပ်ငန်းလည်ပတ်ရေးအတွက် တာဝန်ရှိသည်။

၃။ အတွင်းရေးမှူးရုံးသည် အဖွဲ့ဝင်များ၏မှတ်ပုံတင်စာရင်းကို အစဉ်အမြဲ အချိန်နှင့်တပြေးညီထားရှိရ မည်။

၄။ အတွင်းရေးမှူးရုံးသည် ဤဖွဲ့စည်းပုံပြဋ္ဌာန်းချက်များနှင့် အခြားပြင်ဆင်ချက်များကို မှတ်တမ်းထား ရှိရမည်။

၅။ အတွင်းရေးမှူးရုံးသည် EITI ဘုတ်အဖွဲ့အစည်းအဝေးများ၊ အဖွဲ့ဝင်များအစည်းအဝေးနှင့် EITI ညီလာခံအစည်းအဝေးများအားလုံး၏ အစည်းအဝေးမှတ်တမ်းကို အစည်းအဝေး မှတ်တမ်းစာအုပ် ဖြင့်ထားရှိရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများအားလုံးကို EITI ဝက်ဘ်ဆိုက်ပေါ်တွင် ထုတ် ပြန်ရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများတွင် တက်ရောက်သူများ၏အမည်၊ အစည်းအဝေးများ တွင်ချမှတ်သော ဆုံးဖြတ်ဆောင်ရွက်ချက်များနှင့် သင့်လျော်ပါက ယင်းသို့ချမှတ်ရသည့် အကြောင်း ရင်းများတို့ကို မှတ်တမ်းတင်ရမည်။

## အပိုဒ် ၁၆ – EITI အတွင်းရေးမှူးရုံး၏ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး

၁။ အတွင်းရေးမှူးရုံးကို လိုအပ်သောဝန်ထမ်းများရွေးချယ်ခြင်း၊ EITI အသင်းကြီး၏ဖွံ့ဖြိုးတိုးတက်မှုကိုကြီးကြပ်ခြင်းစသည်တို့အပါအဝင် EITI အသင်းကြီး၏ နေ့စဉ်နှင့်အမျှ လုပ်ငန်းလည်ပတ် ဆောင်ရွက်ချက်များကိုစီမံခန့်ခွဲမည့်အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးမှဦးဆောင်လမ်းပြမည်ဖြစ်ပြီးEITI ဘုတ်အဖွဲ့အားအထောက်အပံ့ပေးရမည်။ အမှုဆောင်ညွှန်ကြားရေးမှူးသည် EITI ဘုတ်အဖွဲ့အား ဥက္ကဋ္ဌမှတဆင့် အစီရင်ခံရမည်ဖြစ်ပြီး အတွင်းရေးမှူးရုံး၏ လုပ်ဆောင်ချက်များအတွက် တာဝန်ရှိသည်။

၂။ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အတွင်းရေးမှူးရုံးချုပ်မှ ၎င်းခန့်အပ်ထားသည့်သူသည် EITI ဘုတ်အဖွဲ့အစည်းအဝေးများ၊ EITI အဖွဲ့ဝင်အစည်းအဝေးများနှင့် EITI ညီလာခံများအားလုံးအတွက် အတွင်းရေးမှူးအဖြစ်တာဝန်ထမ်းဆောင်ရမည်။

## အပိုဒ် ၁၇ – ရန်ပုံငွေ

၁။ EITI အသင်းကြီးသည် အကျိုးအမြတ်အတွက်မဟုတ်သော အဖွဲ့အစည်းဖြစ်သည်။ ၎င်း၏ရန်ပုံငွေတွင် EITI အကျိုးပြုထည့်ဝင်သူများမှ ထည့်ဝင်ပေးအပ်ငွေများနှင့်၊ နှစ်ဦးနှစ်ဖက်နှင့် အမျိုးမျိုးသောအလှူရှင်များ၊ နိုင်ငံတကာဘဏ္ဍာရေးရာအသင်းအဖွဲ့များနှင့် EITI ဘုတ်အဖွဲ့မှ သတ်မှတ်ထားသောအခြားအေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့ / ဌာန / ပုဂ္ဂိုလ်များထံမှရန်ပုံငွေများစသည် တို့ပါဝင်သည်။

၂။ EITI အသင်းကြီးသည် အလိုအလျောက်ထည့်ဝင်သော အမျိုးအစားအားဖြင့်ပေးချေမှုများဖြင့်လည်း လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်သည်။

## အပိုဒ် ၁၈ – EITI ငွေစာရင်း Account များ၊ ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ပေးချေမှုများ

၁။ EITI အသင်းကြီးသည် ၎င်း၏ကိုယ်ပိုင် "EITI နိုင်ငံတကာစီမံခန့်ခွဲရေး စာရင်းAccount" အမည်ဖြင့် သီးခြားဘဏ်အကောင့်တစ်ခုထားရှိမည်။ EITI နိုင်ငံတကာ စီမံခန့်ခွဲရေးစာရင်း Account ကို EITI

ဘုတ်အဖွဲ့မှအတည်ပြုထားသည့် EITI အသင်းကြီး၏ရည်ရွယ်ချက်များနှင့် လုပ်ငန်းအစီအစဉ်များ အတွင်း ကျရောက်သည့် မည်သည့်လုပ်ငန်း စဉ်အတွက်မဆို အသုံးပြုနိုင်သည်။ စီမံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကုန်ကျစရိတ်များ၊ နိုင်ငံအလိုက် အထူးပြုလုပ်ငန်းစဉ်များနှင့် နိုင်ငံအမြောက်အများဆိုင်ရာ လုပ်ငန်းစဉ်များစသည်တို့ အတွက် ရန်ပုံငွေများကို အသုံးပြုနိုင်သည်။

၂။ EITI ဘုတ်အဖွဲ့သည် EITI နိုင်ငံတကာစီမံခန့်ခွဲရေး ငွေစာရင်းAccountအား နှစ်စဉ်စာရင်းစစ်ရန်နှင့် EITI ဘုတ်အဖွဲ့အား ရေးသားထားသော စာရင်းစစ်အစီရင်ခံစာကို တင်ပြရန်အတွက် ပြင်ပမှလွတ်လပ်သော စာရင်းစစ်ကိုခန့်အပ်ထားရှိရမည်။

EITI ဘုတ်အဖွဲ့သည် EITI အသင်းကြီး၏ဖြည့်စွက်လုပ်ငန်းစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများတွင် ထည့်သွင်းချမှတ်ရမည့် EITI နိုင်ငံတကာစီမံခန့်ခွဲရေးငွေစာရင်း Account နှင့်စပ်လျဉ်းသည့် အစီရင်ခံခြင်းနှင့် စာရင်းစစ်ခြင်းစီစဉ်ဆောင်ရွက်ချက်များကို ဖော်ဆောင်ရမည်။

## အပိုဒ် ၁၉ – ပြင်ဆင်ချက်များ

၁။ ဖွဲ့စည်းပုံပြဋ္ဌာန်းချက်များကို တွေ့ဆုံကျင်းပသော EITI အဖွဲ့ဝင်များအစည်းအဝေးမှ တက်ရောက်သူ အနည်းဆုံး ၃ ပုံ ၂ ပုံတို့၏သဘောတူညီအတည်ပြုချက်ဖြင့် အပိုဒ် ၈ နှင့်အညီပြင် ဆင်နိုင်သည်။

ပြင်ဆင်ရန်အတွက်အဆိုပြုချက်ကို စာဖြင့်ရေးသားပြီး EITI အဖွဲ့ဝင်များထံသို့ သက်ဆိုင် ရာဆုံးဖြတ် ဆောင်ရွက်ချက်မပြုလုပ်မီ အချိန် ၄ ပတ်ကြိုတင်၍ ဆက်သွယ်အသိပေးရမည်။

## အပိုဒ် ၂၀ – ပြန်လည်စိစစ်သုံးသပ်ခြင်း

၁။ EITI အသင်းကြီး၏ စီမံအုပ်ချုပ်ရေးစီစဉ်ဆောင်ရွက်ချက်များအား ပြန်လည်စိစစ်သုံးသပ်ခြင်းကို EITI ဘုတ်အဖွဲ့မှ အသင်းကြီးဖွဲ့စည်းပြီး နှစ်နှစ်အတွင်းလုပ်ဆောင်သင့်သည်။

## အပိုဒ် ၂၁ – နုတ်ထွက်ခြင်းနှင့် ပျက်ပြယ်ခြင်း

၁။ မည်သည့်အဖွဲ့ဝင်မဆို EITI အသင်းကြီးမှ အချိန်မရွေးနုတ်ထွက်နိုင်သည်။ ယင်းသို့ နုတ် ထွက်ခြင်း

သည် နုတ်ထွက်ကြောင်းစာဖြင့်ရေးသားအသိပေးခြင်းကို အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးမှ လက်ခံရရှိသည်နှင့်စ၍ အသက်ဝင်မည်ဖြစ်သည်။

၂။ EITIအသင်းကြီးကိုအဖွဲ့ဝင်များအစည်းအဝေးမှအပိုဒ်ဇပါပြဌာန်းချက်များနှင့်အညီပျက်ပြယ်စေနိုင်သည်။ ပျက်ပြယ်ရန်အဆိုပြုတင်သွင်းချက်ကို EITI အဖွဲ့ဝင်များအကြား သက်ဆိုင်ရာဆုံးဖြတ်ဆောင် ရွက်ချက်မချမှတ်မီ လေးပတ်ကြိုတင်၍ စာဖြင့်ရေးသားပြီးဆက်သွယ် အသိပေးရမည်။

၃။ အသင်းကြီးပျက်ပြယ်ပါက EITI အသင်းကြီး၏ပိုင်ဆိုင်မှုများကို EITI အသင်းကြီး၏ရည်ရွယ်ချက်များနည်းတူနှင့် EITI အဖွဲ့ဝင်များအစည်းအဝေးမှအတည်ပြုချက်အတိုင်း EITI ဘုတ်အဖွဲ့မှ သတ်မှတ်ချက်များနှင့်အညီ စီမံလုပ်ဆောင်ရမည်။

## အပိုဒ် ၂၂ – အသက်ဝင်ခြင်း

၁။ ဤဖွဲ့စည်းပုံပြဌာန်းချက်များသည် EITI အသင်းကြီးဖွဲ့စည်းသည်နှင့် အသက်ဝင်စေရ မည်။

**နောက်ဆက်တွဲ က – EITI အခြေခံစည်းမျဉ်းများ**

EITI စံနှုန်းပါ အပိုင်း ၁ အတိုင်း

**နောက်ဆက်တွဲ ခ – EITI အမည်နှင့် အမှတ်တံဆိပ်အားအသုံးပြုခြင်း**

EITI ၏အမည်နှင့် အမှတ်တံဆိပ်များသည် EITI ၏ပိုင်ဆိုင်မှုဖြစ်သည်။ ယေဘုယျစည်းမျဉ်းအားဖြင့် EITI ၏အမည် – EITI သို့မဟုတ် သယံဇာတတူးဖော်ထုတ်လုပ်ရေး ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအသင်း – ကို ကုန်ပစ္စည်းထုတ်လုပ်ရေး သို့မဟုတ် ဘာသာပြန်များမှအသုံးပြုခြင်းနှင့် အမှတ်တံဆိပ် သို့မဟုတ် ဒေသအလိုက်မှီငြမ်းပြုစုခြင်းတို့ကို https://eiti.org/logo-policy ပါသတ်မှတ်ထားသော ကန့်သတ်ချက်များအောက်တွင်ခွင့်ပြုရန် နှင့် အသုံးပြုရန်တိုက်တွန်းအပ်ပါသည်။

# ၁၀။ EITI ပွင့်လင်းမှု မူဝါဒ

၁။ EITI ၏စာရွက်စာတမ်းများကိုအောက်ပါဖော်ပြချက်များမှလွဲ၍အများပြည်သူမှရယူလက်လှမ်းမှီနိုင်သည်။

၂။ ပြိုင်ဆိုင်မှုအကြောင်းရင်းများကြောင့် သတင်းအချက်အလက်များနှင့်သက်ဆိုင်သည့် လူပုဂ္ဂိုလ်၏ အကျိုးစီးပွားများအလို့ငှာ လျှို့ဝှက်ထိန်းသိမ်းထားရန်အရေးကြီးသည့် လုပ်ငန်းပိုင်းဆိုင်ရာနှင့်/သို့မဟုတ် စီးပွားရေးဆိုင်ရာမည်သည့်အမှုကိစ္စရပ်များနှင့် မဆိုစပ်လျဉ်းပြီး EITI ထံသို့ ထုတ်ပြန်အသိပေးသော စာရွက်စာတမ်းများကို လက်လှမ်းမှီရယူနိုင်ခြင်းမှ ချွင်းချက်အဖြစ်ထိန်ချန်ထား ရှိရမည်။

ဥပမာ – စီးပွားရေးဆိုင်ရာလျှို့ဝှက်ချက်တစ်ခုကိုထုတ်ပြန်အသိပေးခြင်းအားဖြင့်စစ်ဆေးခံနေရသော ကုမ္ပဏီ၏ပြိုင်ဆိုင်မှုအနေအထားအပေါ်သက်ရောက်မှုရှိနိုင်ပါက ခြွင်းချက်ထား၍ ထိန်းသိမ်းပေးသည်။

၃။ တတိယပါဝင်ပတ်သက်သူထံမှလက်ခံရရှိသော သတင်းအချက်အလက်များအား ဖော်ပြထားသည့် စာရွက်စာတမ်းများသည် ထုတ်ပြန်အသိပေးခြင်းအားဖြင့် ယင်းတတိယပါဝင်ပတ်သက် သူ၏ ခိုင်လုံသောအကျိုးစီးပွားအပေါ် လွှမ်းမိုးသက်ရောက်မှုရှိစေနိုင်ပါက ရယူလက်လှမ်းမှီနိုင်ခြင်းမှ ချွင်းချက်အဖြစ်ထိမ်ချန်ထားရှိရမည်။

ဥပမာ – စစ်ဆေးခံနေရသော တတိယ ပါဝင်ပတ်သက်သူနှင့်/သို့မဟုတ် သူ၏မိသားစုများနှင့်/သို့မဟုတ် နီးကပ်စွာဆက်စပ်ပတ်သက်နေသူတို့၏ ပုဂ္ဂိုလ်ရေးရာလုံခြုံရေးကို အန္တရာယ်ပြုလာနိုင်ပါက စာရွက်စာတမ်းများအား လက်လှမ်းမှီရယူခွင့်ပေးမည်မဟုတ်ပါ။ ထို့အပြင် ပုဂ္ဂိုလ်ရေးရာလုံခြုံမှုကို အကာအကွယ်ပေးခြင်းသည်လည်း ခိုင်လုံသောအကျိုးစီးပွားမြောက်သည်ဖြစ်၍ ချွင်းချက်ထားထိမ်ချန်နိုင်သည်။

၄။ EITI အဖွဲ့တွင်းလုပ်ငန်းစာရွက်စာတမ်းများ ကိုရယူလက်လှမ်းမှီနိုင်ခြင်းမှ ခြွင်းချက်ထားကန့်သတ်သည်။

ဥပမာ - EITI ဘုတ်အဖွဲ့နှင့် ကော်မတီများထံသို့ နိုင်ငံတကာအတွင်းရေးမှူးရုံးမှပေးသော စာရွက်စာတမ်းများကို သာမန်အားဖြင့် အဖွဲ့တွင်းစာရွက်စာတမ်းများအဖြစ် သတ်မှတ်သည်ဖြစ်ပြီးထုတ်ပြန်အသိပေးခြင်းမှ ခြွင်းချက်ထားသည်။ ယင်းခြွင်းချက်သည် နိုင်ငံတကာအတွင်းရေးမှူးရုံးမှ EITI ဘုတ်အဖွဲ့အား အမှုကိစ္စရပ်များပြင်ဆင်ရာတွင် ခွဲခြမ်းစိတ်ဖြာဆန်းစစ်ချက် သို့မဟုတ် အစီရင်ခံစာ သို့မဟုတ် အလားတူပုံစံစာရွက်စာတမ်းအား ပြင်ပအရင်းအမြစ်မှရယူ ပြင်ဆင်ထားခြင်းသို့မဟုတ် ထုတ်ပြန်ခြင်းဖြစ်ပါက ၎င်းအတွက်လည်း အကျုံးဝင်သည်။ သို့သော်လည်း EITI ဘုတ်အဖွဲ့အစည်းအဝေးများအပြင် ကော်မတီနှင့်လုပ်ငန်းအဖွဲ့အစည်းအဝေးများ၏ နောက်ဆုံးအစည်းအဝေးမှတ်တမ်းများမှာမူ အဖွဲ့တွင်းစာရွက်စာတမ်းများမဟုတ်ချေ။ EITI လုပ်ဖော်ကိုင်ဖက်များအကြား အီးမေးလ်အသွားအလာများကို ပုံမှန်အားဖြင့်အတွင်း ပိုင်းစာရွက် စာတမ်းများအဖြစ် သတ်မှတ်သည်။

၅။ ဝန်ထမ်း သို့မဟုတ် EITI နှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်များကို ရယူလက်လှမ်းမှီနိုင်ခြင်းမှ ခြွင်းချက်ထားထိမ်ချန်သည်။

ဥပမာ - ဝန်ထမ်းခေါ်ယူစုဆောင်းခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းတို့နှင့်ဆက်စပ်ပြီးပြုလုပ်သည့် အကဲဖြတ်သုံးသပ်ချက်များဆိုင်ရာ စာရွက်စာတမ်းများနှင့်/သို့မဟုတ် ဝန်ထမ်း၏စွမ်းဆောင်ရည်အား ဆန်းစစ်အကဲဖြတ်ခြင်းများနှင့်စပ်လျဉ်းသည့်စာရွက်စာတမ်းများနှင့်/သို့မဟုတ် ပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်များ ဥပမာ - ဝန်ထမ်းအဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေ - စသည်တို့ကို လက်လှမ်းမှီရ ယူနိုင်ခြင်းမှ ခြွင်းချက်ထားထိမ်ချန်သည်။ တစ်ဖက်တွင်မူ စာချုပ်များ၊ လစာများ၊ အစားထိုးပေးချေမှုများနှင့် ကုန်ကျစရိတ်စာရင်းအင်းတို့သည် အများပြည်သူသိရှိရယူနိုင်သည်။

## ၁၁။ EITI မဲဆန္ဒရှင်လူထု လမ်းညွှန်ချက်များ

၂၀၀၆ ခုနှစ်တွင်ကျင်းပခဲ့သော Oslo ညီလာခံတွင် လက်ခံကျင့်သုံးခဲ့သည့် နိုင်ငံတကာ အကြံပေးအဖွဲ့၏ အစီရင်ခံစာတွင် "မဲဆန္ဒရှင်လူထုတစ်ခုချင်းစီတို့သည် အဆိုပြုသောဘုတ်အဖွဲ့တွင် ၎င်းတို့အနေဖြင့် မည်သို့ကိုယ်စားပြုခံလိုသည်အပေါ် သဘောတူညီသင့်သည်။ ၎င်းတွင် မဲဆန္ဒနယ် တစ်ခုချင်းစီမှ ကိုယ်စားပြုနိုင်မှု (၁) ကိုယ်စားလှယ်များအဖြစ်ရွေးချယ်ခံခြင်း၊(၂) ရွေးချယ်ခံသည့်လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်ခြင်း - ကိုမည်သို့သတ်မှတ်သည်တို့ကို ကြိုတင်စဉ်းစားရန် လိုအပ်သည်။" ဟုအကြံပြုထားသည်။

မဲဆန္ဒနယ်များကို EITI ဖွဲ့စည်းပုံပြဋ္ဌာန်းချက်များတွင်အဓိပ္ပါယ်ဖွင့်ဆိုထားပြီး အသင်းကြီး အတွင်း မဲဆန္ဒနယ်များ၏အသင်းဝင်မှုအရွယ်အစားနှင့် EITI ဘုတ်အတွင်း ခုံအရေအတွက် တို့ကိုလည်း သတ်မှတ်ထားသည်။ EITI မဲဆန္ဒနယ်အချို့တို့ကို သာမန်အားဖြင့် တွဲဖက်ထပ် မံခွဲခြားထားသည်။

မဲဆန္ဒနယ်များနှင့် တွဲဖက်မဲဆန္ဒနယ်များအတွက် အချိန်နှင့်တပြေးညီ အသစ်ပြုပြင်ထားသော လမ်းညွှန်ချက်များကို EITI ဝက်ဘ်ဆိုက် eiti.org/governance တွင်ရယူနိုင်သည်။

# ၁၂။ EITI အသင်းကြီး လိုက်နာရန်ကျင့်ဝတ်များ

## ၁။ နယ်ပယ်အတိုင်းအဆ

EITI ဘုတ်အဖွဲ့ဝင်များ၊ ၎င်းတို့၏အစားထိုးကိုယ်စားလှယ်များ၊ EITI အသင်းကြီး၏အဖွဲ့ဝင်များ၊ အတွင်းရေးမှူးရုံးဝန်ထမ်း (အမျိုးသားနှင့် နိုင်ငံတကာ)နှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အဖွဲ့ဝင်များ (အောက်တွင် "EITI ရုံးထိုင်သူများ" ဟုရည်ညွှန်းဖော်ပြထားသည်) တို့သည် ဤလိုက်နာရန် ကျင့်ဝတ်များကို စောင့်ထိန်းရမည်။

၂။ ပုဂ္ဂိုလ်ရေးရာအပြုအမူ၊ သမာဓိတည်ကြည်မှုနှင့် တန်ဖိုးထားမှုများ

EITI ရုံးထိုင်သူများသည် သမာဓိတည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာအပြုအမူများ၏ အမြင့်ဆုံးသောအဆင့်ကိုကျင့်ကြံစောင့်ထိန်းရမည်ဖြစ်ပြီး ရိုးသားဖြောင့်မတ်မှုနှင့် ကိုယ်ကျင့်စာရိတ္တပြည့်ဝမှုရှိရမည်။ EITI ရုံးထိုင်သူများ၏ ပုဂ္ဂိုလ်ရေးရာ သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ဆောင်ချက်များအားပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှုတာဝန်ခံမှုအတွက်နိုင်ငံတကာစံချိန်စံနှုန်းကိုမြှင့်တင်နေသည့် အသင်းအဖွဲ့ကြီး၏ ရုံးထိုင်သူများဟူသောဂုဏ်ပုဒ်အား လေးစားမှုနှင့် ယုံကြည်မှုတို့ဖြင့် အစဉ်တစိုက်ဆောင်ရွက်ရမည်ဖြစ်ကာ EITI ၏ကောင်းမွန်သောစီမံအုပ်ချုပ်ရေးကို အထောက်အကူပြုသင့်သည်။

EITI ရုံးထိုင်သူများသည် မိမိတို့ကိုယ်ကို စံပြဦးဆောင်သူများအဖြစ်နေထိုင်ပြီး EITI ၏ အကျိုးစီးပွားများနှင့် တာဝန်များကို ကောင်းမွန်သောသဘောရိုး၊ ရိုးသားဖြောင့်မတ်မှု၊ သမာဓိတည်ကြည်မှု၊ တာဝန်သိသတိဝီရိယရှိမှုနှင့်၊ ၎င်းတို့၏သမာဓိတည်ကြည်မှုနှင့် EITI ၏ သမာဓိတည်ကြည်မှု တို့အပေါ် အများပြည်သူယုံကြည်အားထားမှုအား ထိန်းသိမ်းသော၊ မြှင့်တင်သော ကျိုးကြောင်းဆီလျော်သည့် အပြုအမူစွမ်းဆောင်ချက်တို့ဖြင့် ကိုယ်စားပြုရမည်ဖြစ်ပြီးသူ သို့မဟုတ် သူမ၏ EITI ပါဝင်ပတ်သက်မှုသည် ကောင်းမွန်သောရပ်တည်ချက်ဖြစ်ကြောင်း အစဉ်အမြဲသေချာစေရမည်။

## ၃။ လိုက်နာစောင့်ထိန်းမှု

EITI ရုံးထိုင်သူများသည် EITI အပေါ်၎င်းတို့၏တာဝန်များကို အမျိုးသားအဆင့် ဥပဒေများနှင့် လိုက်နာရန်စည်းမျဉ်းစည်းကမ်းများနှင့် EITI စည်းမျဉ်းများ၊ အကျိုးစီးပွားများနှင့် ရည်ရွယ်ချက် များတို့နှင့် အညီ လိုက်နာစောင့်ထိန်း ထမ်းဆောင်ရမည်။

## ၄။ အခြားသူများအား လေးစားမှု

EITI ရုံးထိုင်သူများသည် အခြားသူများ၏ဂုဏ်သိက္ခာ၊ EITI နှင့်စပ်လျဉ်းသည့် လိုအပ်ချက် များနှင့် ပုဂ္ဂိုလ်ရေးရာဘဝများအားလေးစားကာ၊ ၎င်းတို့၏လုပ်ဖော်ကိုင်ဖက်များ၊ EITI အသင်းအဖွဲ့ရုပ် များ၏ အဖွဲ့ဝင်များ၊ ဝန်ထမ်းအဖွဲ့ဝင်များ၊ အများပြည်သူနှင့် EITI အပေါ်၎င်းတို့၏ တာဝန်များကို ထမ်း ဆောင်ရာတွင်ဆက်ဆံရသော မည်သူမဆိုတို့အပေါ်ဆီလျော်သင့်တော်သော အခွင့်အာဏာနှင့် ကောင်း မွန်သောဝေဖန်အကဲဖြတ်မှုတို့ကို ကိုင်စွဲကျင့်သုံးရမည်။

## ၅။ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရှင်ဆန်မှု

EITI ရုံးထိုင်သူများသည် သူ သို့မဟုတ် သူမထမ်းဆောင်ရမည့်တာဝန်များအား ပညာရှင်ဆန် စွာ၊ အချိန်ကိုလေးစားလိုက်နာစွာ ထမ်းဆောင်ရမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုး တက်ရေးလုပ်ဆောင်ချက်များတွင် ပုံမှန်ပါဝင်ရန် အကောင်းဆုံးကြိုးပမ်းအားထုတ်ရမည်။

## ၆။ ခွဲခြားဆက်ဆံခြင်း

EITI ရုံးထိုင်သူများသည် EITI အပေါ် ၎င်းတို့၏ တာဝန်များကိုထမ်းဆောင်ရာတွင် ဆက်ဆံရ သောမည်သူမဆိုတို့အပေါ်ဦးတည်သည့် မည်သည့်ခွဲခြားဆက်ဆံမှုမြောက်သော သို့မဟုတ် အနှောက် အယှက်ပြုသော အပြုအမူမျိုးကိုမှ စေ့စပ်လုပ်ဆောင်ခြင်း သို့မဟုတ် လက်ခံအား ပေးခြင်းကိုမျှ မပြုရ။

## ၇။ လျှို့ဝှက်ထိန်းသိမ်းခြင်း

EITI ရုံးထိုင်သူများသည် EITI ရုံးထိုင်သော၎င်းတို့၏ရာထူးအရ ပေးအပ်ခြင်းခံရသည့်နှင့် အများ

ပြည်သူ မရရှိသေးသည့် မည်သည့်သတင်းအချက်အလက်များကိုမဆို ၎င်းတို့၏တာဝန်များအား ပိုမိုပြည့်မီရောက်ရှိအောင်လုပ်ဆောင်သည့်အပြုအမူမျိုးမှလွဲ၍အသုံးပြုခြင်းမပြုရ။ EITI ရုံးထိုင်သူများသည် ၎င်းတို့တာဝန်မှရပ်စဲပြီး အချိန်နှစ်နှစ်ကြာသည့်တိုင်အောင် ဤလိုက်နာရန်ကျင့်ဝတ်စည်းကမ်းအား ဆက်လက်စောင့်ထိန်းလိုက်နာရမည်။

၈။ EITI အရင်းအမြစ်များ၏ အသုံးစရိတ်နှင့် EITI ပိုင်ဆိုင်မှုများကို အသုံးပြုခြင်း

EITI ရုံးထိုင်သူများသည် EITI အားအပ်နှင်းသော ရန်ပုံငွေများအားအသုံးပြုရာတွင် ငွေကြေး၏အဖိုးတန်မှု အခြေခံစည်းမျဉ်းကိုလေးစားရမည်ဖြစ်ပြီး တာဝန်သိရမည်ဖြစ်သည်။ မည်သည့် EITI ရုံးထိုင်သူမျှ EITI ပိုင်ဆိုင်မှု သို့မဟုတ် အရင်းအမြစ်များကို အလွဲသုံးစားမပြုရပဲ EITI ပိုင်ဆိုင်မှုများကို အစဉ်တစိုက်လုံခြုံအောင်ထိန်းသိမ်းကာ ယင်းပိုင် ဆိုင်မှုကို ရယူရန် သို့မဟုတ် အသုံးပြုရန် လျော်ကန်စွာ ခွင့်ပြုမထားသည့် မည်သူတစ်ဦးတစ်ယောက် ကိုမျှ ယင်းသို့ရယူအသုံးပြုရန်ခွင့်မပြုရ။

EITI ရုံးထိုင်သူများသည် ခရီးသွားလာခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာနှင့် EITI ရုံးထိုင်သူအဖြစ် တာဝန်ထမ်းဆောင်ခြင်းနှင့် သက်ဆိုင်သည့်အခြားကုန်ကျစရိတ်များ၏ အမှန်တကယ်ကုန် ကျမှုကိုသာ တောင်းခံရမည်။ EITI ရုံးထိုင်သူများသည် EITI ဘုတ်အဖွဲ့ သို့မဟုတ် EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အား အပြည့်အဝထုတ် ပြန်အသိပေးပြီးနှင့် ကြိုတင်သဘောတူ အတည်ပြုပြီးမှ သာလျှင် EITI အား ကုန်ပစ္စည်း များနှင့်ဝန်ဆောင်မှုများကို အခကြေးငွေပေးထား သောရောင်း ချသူအဖြစ် ပေးအပ်ရမည်။

## ၉။ အကျိုးစီးပွားဝိရောဓိ နှင့် ရာထူးတာဝန်အားအလွဲသုံးစားပြုမှု

EITI ရုံးထိုင်သူများသည် EITI ၏အကောင်းဆုံးအကျိုးစီးပွားအတွက်အစဉ် တစိုက်လုပ်ဆောင် ရမည်ဖြစ်ပြီး ပုဂ္ဂိုလ်ရေးရာ သို့မဟုတ် တစ်ကိုယ်ရည်အကျိုးအမြတ် သို့မဟုတ် ဘဏ္ဍာရေးရာ အကျိုးစီး ပွားဖြစ်ထွန်းမှု စသည့်အကျိုးစီးပွားများအတွက် မလုပ်ဆောင်ရပါ။

EITI ရုံးထိုင်သူများသည် တစ်ကိုယ်ရည်အကျိုးစီးပွားနှင့် ဝိရောဓိဖြစ်ခြင်းမှ ရှောင်ကြဉ်ရ မည်။ ဤကျင့်ဝတ်၏ရည်ရွယ်ချက်အတွက်မှု အကျိုးစီးပွားဝိရောဓိဟုဆိုရာတွင် EITI ရုံးထိုင်သူများ၏ အကျိုးစီးပွားများသည် ၎င်းတို့၏ တရားဝင် EITI တာဝန်များ၏ ရည်ရွယ်ချက်နှင့် ဘက်မလိုက်စွာ ထမ်း

ဆောင်ခြင်းတို့အပေါ်သက်ရောက်မှုရှိသော သို့မဟုတ် ရှိနိုင်သော အခြေအနေရပ် သို့မဟုတ် အချိန်အခါရပ်များကိုဆိုသည်။ သို့ဖြစ်ရာ ပုဂ္ဂိုလ်ရေးရာအကျိုးစီးပွားများတွင် ၎င်းတို့ကိုယ်တိုင်၊ ၎င်းတို့၏ မိသားစုများ သို့မဟုတ် ပုဂ္ဂိုလ်ရေးရာခင်မင်ကျွမ်းဝင်သူများစသည်တို့အတွက် မည်သည့်အကျိုးအမြတ်များမဆိုပါဝင်သည်။

EITI ရုံးထိုင်သူများသည် ၎င်းတို့အနေဖြင့် အဆိုပါအခြေအနေအောက် မရောက်ရှိအောင် မိမိတို့ကိုယ်ကိုဆောင်ရွက်ရမည်ဖြစ်ပြီး EITI ဘုတ်အဖွဲ့ သို့မဟုတ် သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့ထံသို့ ယင်းဆောင်ရွက်သော အခြေအနေအပေါ် အသိပေးအကြောင်းကြားရမည်။ EITI ဘုတ်အဖွဲ့ဝင်များ အတွက်မူ EITI ဖွဲ့စည်းပုံပြဋ္ဌာန်းချက်များ၏ အပိုဒ် ၅.၆ တွင်ချမှတ် ထားသောစည်း မျဉ်းများနှင့်အညီကျင့် သုံးရမည်။

အထူးသဖြင့် EITI ရုံးထိုင်သူများသည် ဖော်ပြပါလမ်းညွှန်ချက်များကို လိုက်နာရမည်။

❖ မိမိ၏ကိုယ်ပိုင်အကျိုးစီးပွား သို့မဟုတ် တတိယပါဝင်ပတ်သက်သူ၏ အကျိုးစီးပွားအား EITI ၏ အကျိုးစီးပွားထက် ဦးစားပေးထားရှိခြင်းမှ ရှောင်ကြဉ်ခြင်း (နှင့် ထားရှိပုံ ပေါက်စေခြင်းမှရှောင်ကြဉ်ခြင်း)။ အခြေအနေရပ်အလိုက်ဖြစ်သော ပုဂ္ဂိုလ်ရေးရာ သို့မဟုတ် တတိယပါဝင်ပတ်သက်သူများ အကျိုးအမြတ်ဖြစ်ထွန်းရရှိခြင်းသည် EITI နှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များမှ စီးဆင်းရရှိသည်ဖြစ်နိုင်သော်လည်း ယင်းသို့သော အကျိုးအမြတ်သည် EITI အတွက် အဓိက အကျိုးစီးပွားနှင့် ရည်ရွယ်ချက်များအတွက် အဖြစ်အပျက်သာဖြစ်ရမည်။ ချမှတ်သော၊ ပေးအပ်သော သို့မဟုတ် ရရှိသောမည်သည့် ထောက်ပံ့စရိတ်မဆို ကျိုးကြောင်းဆီလျော်သော၊ အမှန်တကယ်ဖြစ်သော ကုန်ကျစရိတ်များနှင့် ကောင်းမွန်သောနိုင်ငံတကာ အလေ့အထ[၂၀] များပေါ်တွင် အခြေခံသင့်သည်။

❖ အပ်နှင်းထားသော အခွင့်အာဏာများအား နယ်ကျွံခြင်းမှရှောင်ကျဉ်ပါ။ ရုံးထိုင်သူများသည် EITI အသင်းကြီး သို့မဟုတ် EITI ၏ဝန်ထမ်းများ၊ ဝန်ဆောင်မှုများ၊ ပစ္စည်းကိရိယာများ၊ အရင်းအမြစ်

၂၀။ အမှန်တကယ်ကုန်ကျသောစရိတ်များနှင့် ကောင်းမွန်သောနိုင်ငံတကာ အလေ့အထများကို ဖော်ဆောင်ရာတွင် ပါဝင်သက်ဆိုင်သူများသည် နိုင်ငံတကာ အတွင်းရေးမှူးရုံး၏ အလေ့အထများကို တိုင်ပင်ဆွေးနွေးနိုင်သည်။ အတွင်းရေးမှူးရုံးမှ ထောက်ပံ့စရိတ် ပါဒီယမ်များပေးအပ်ပါက (၎င်း၏ဝန် ထမ်းများကိုတော့မပေး) ၎င်းသည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးပါဒီယမ်ထောက်ပံ့စရိတ်များ (https://aoprals.state.gov/content.asp¿content_id=184&menu_id=78) ကိုလိုက်နာလေ့ရှိသည်။ ပါဒီယမ် ထောက်ပံ့စရိတ်များကိုချမှတ်ရတွင် အမျိုးသားဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာသင့်သည်။

များ သို့မဟုတ် ပိုင်ဆိုင်မှုများကို ပုဂ္ဂိုလ်ရေးရာ သို့မဟုတ် တတိယပါဝင်ပတ်သက်သူ၏ အကျိုးအမြတ် သို့မဟုတ် မွေ့လျော်မှုတို့အတွက် မလျော်မကန်အသုံးပြုခြင်းအားဖြင့် EITI ရုံးအားအလွဲသုံးစားမပြုရ။ EITI ရုံးထိုင်သူများသည် EITI ရုံးထိုင်သူများအဖြစ်ရင်းတို့၏ အခွင့်အာဏာရှိသည့်အတိုင်းအတာထက်ပိုမိုပြီး တတိယပါဝင်ပတ်သက်သူပါတီများအား ကိုယ်စားပြုခြင်း မပြုရ။

❖ EITI ကို အထင်အရှား ဆန့်ကျင်လွှဲမှားစွာ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး အကျိုးသက်ရောက်နိုင်သော မည်သည့်ပြင်ပပုဂ္ဂိုလ်ရေးရာ လုပ်ဆောင်ချက်များတွင်မျှ စေ့စပ်လုပ်ဆောင်ခြင်း မပြုရ။

## ၁၀။ လက်ဆောင်များ၊ ခရီးများနှင့် အပန်းဖြေခြင်း

EITI ရုံးထိုင်သူများသည် လက်ဆောင်များ၊ ကျေးဇူးတင်၍ပေးအပ်ခြင်းများ၊ အခမဲ့ခရီးများ၊ ဉာဏ်ပူဇော်ခများ၊ ပုဂ္ဂိုလ်ရေးရာပိုင်ဆိုင်မှု သို့မဟုတ် အခြားမည်သည့်အဖိုးတန်ပစ္စည်းများကိုမျှ ယင်းအလှူရှင်အား EITI နှင့်သက်ဆိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အထူးတလည် ဆက်ဆံပေးခြင်းကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ဖြစ်ပေါ်စေကြောင်း ရည်ရွယ်သည့် သို့မဟုတ် အကျိုးအကြောင်းအားဖြင့် မှတ်ယူနိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အသင်းအဖွဲ့/ဌာန တို့ထံမှ မြူဆွယ်ရယူခြင်း သို့မဟုတ် လက်ခံခြင်း မပြုရ။

EITI တာဝန်ဝတ္တရားများထမ်းဆောင်ခြင်းနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်စွာသက်ဆိုင်သည့် အမေရိကန်ဒေါ်လာ ၁၀၀ နှင့်အထက်တန်ဖိုးရှိသော လက်ဆောင်များ၊ အခမဲ့ခရီးများ သို့မဟုတ် အခြားအစားထိုးပေးအပ်ခြင်းများအား မည်သည့်ကမ်းလှမ်းခြင်းနှင့်လက်ခံမှုမျိုးမဆို EITI ဘုတ်အဖွဲ့နှင့် သက်ဆိုင်ရာ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တို့ထံ (နိုင်ငံတကာ သို့မဟုတ် အမျိုးသားအတွင်းရေးမှူးရုံးများမှတဆင့်) အသိပေးကြေညာသင့်သည်။ အလွန်အကျူးဖြစ်သည်ဟု ယူဆရသော လက်ဆောင်များအား မည်သည့်ကမ်းလှမ်းမှု သို့မဟုတ် လက်ခံခြင်းတို့ကိုမဆို ငြင်းပယ်သင့်သည်။ လက်ဆောင်သည်အလွန်အကျူးဖြစ်မဖြစ်သံသယရှိပါက EITI အတွင်းရေးမှူးရုံး သို့မဟုတ် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တို့နှင့် တိုင်ပင်ဆွေးနွေးသင့်သည်။ ကမ်းလှမ်းခြင်းအား ငြင်းပယ်ခြင်းအားဖြင့် အလှူရှင်အားအရှက်ရစေနိုင်ကြောင်း အထင်အရှားဖြစ်ပါ၍ ထိုသို့ငြင်းဆိုရန် မသင့်တော်ပါက လက်ဆောင်အား EITI အတွင်းရေးမှူးရုံး သို့မဟုတ် သုံးပွင့် ဆိုင်ညွှန့်ပေါင်းအဖွဲ့ထံသို့အပ်နှင်းရမည်။

## ၁၁။ အကောင်အထည်ဖော်ခြင်း

EITI ဘုတ်အဖွဲ့၊ သက်ဆိုင်ရာ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များ၊ နိုင်ငံတကာ သို့မဟုတ် အမျိုးသားအတွင်းရေးမှူးရုံးများသည် EITI ရုံးထိုင်သူများအား ဤကျင့်ဝတ်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိအောင် လုပ်ဆောင်ရန်နှင့် အကြံပြုချက်များပေးအပ်ရန်၊ လိုအပ်ပါက အဓိပ္ပါယ်ပြန်ဆိုခြင်းနှင့် အကောင်အထည် ဖော်ခြင်းအတွက်သင်တန်းများပို့ချခြင်းတို့ကိုလုပ်ဆောင်ရန် တာဝန်ရှိသည်။ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်း အဖွဲ့များအပါအဝင် EITI ရုံးထိုင်သူများအား ဤကျင့်ဝတ်နှင့်ရင်းနှီး ကျွမ်းဝင်မှုရှိအောင် လုပ်ဆောင်ရန် တာဝန်ရှိသူများသည် EITI ရုံးထိုင်သူများအနေဖြင့် ဤကျင့်ဝတ်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း၊ ၎င်း၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို နိုင်ငံတကာအတွင်းရေးမှူးရုံးမှတဆင့် ဘုတ်အဖွဲ့ထံသို့ အစီရင်ခံကြောင်း နှစ်စဉ်အတည်ပြုသင့်သည်။

## ၁၂။ အစီရင်ခံခြင်း

ဤကျင့်ဝတ်အား အဓိပ္ပါယ်ပြန်ဆိုခြင်း၊ အကောင်အထည်ဖော်ခြင်း သို့မဟုတ် ချိုးဖောက်မိနိုင်ခြင်း တို့အပေါ်စိုးရိမ်မှုရှိသော EITI ရုံးထိုင်သူများသည် ယင်းပြဿနာရပ်များကို EITI ဌာနထံသို့ ချက်ချင်းအသိပေးတင်ပြရမည်။ EITI ဘုတ်အဖွဲ့မှ ယင်းပြဿနာရပ်များအား သိရှိပါက ဘုတ်အဖွဲ့အနေဖြင့် အခြေအနေရပ်များကိုစဉ်းစားမည်ဖြစ်ပြီး EITI အခြေခံစည်းမျဉ်းများ၊ EITI စံနှုန်းနှင့်ဖွဲ့စည်းပုံပြဋ္ဌာန်းချက်များအရ အရေးယူဆောင်ရွက်ချက်လို အပ်ခြင်းရှိမရှိစဉ်းစားမည်ဖြစ်သည်။ EITI ကိုယ်ထည်နှင့် ချက်ချင်းအသိပေးတင်ပြရန် အဆင်ပြေမှုမရှိသောမည်သူမဆို ၎င်းတို့၏ပြဿနာရပ်များကို EITI ဘုတ်အဖွဲ့ထံသို့ ၎င်း ၏ စီမံအုပ်ချုပ်ရေးကော်မတီနှင့် ဥက္ကဋ္ဌတို့မှတဆင့် တင်ပြနိုင်သည်။

နိုင်ငံ၏ သဘာဝ သယံဇာတအရင်းအမြစ်များသည် ယင်းနိုင်ငံသားမှ ပိုင်ဆိုင်ကြောင်း ယုံကြည်ချက်ဖြင့် EITI သည် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် တွင်းထွက် သယံဇာတ အရင်းအမြစ်များအား ပွင့်လင်းသောနှင့် တာဝန်ယူမှု တာဝန်ခံမှုရှိသော စီမံခန့်ခွဲမှုအားမြှင့်တင်ရန် နိုင်ငံတကာ စံနှုန်း ကို ချမှတ်ဖော်ဆောင်ခဲ့သည်။

EITI စံနှုန်းအရ သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၏ တန်ဖိုးကွင်းဆက် တစ် လျှောက် သတင်းအချက်အလက်များ၊ တူးဖော်ထုတ်လုပ်ရေး အခွင့်အရေးများအား မည်သို့အပ်နှင်းသည်နှင့် ဝင်ငွေများအားမည်သို့စီမံခန့်ခွဲသည်နှင့် အစိုးရမှမည်သို့နေရာချထားသည် ဟူသည့်သတင်း အချက်အလက်များအား ထုတ်ပြန်အသိပေးရန်လိုအပ်သည်ဖြစ်သည်။

ယင်းသို့လုပ်ဆောင်ခြင်းအားဖြင့် EITI သည် ဘက်ပေါင်းစုံမှ ပါဝင်သက်ဆိုင်သူများ ပူးပေါင်းဆောင်ရွက်မှုကို အားပေးပြီး ဖွံ့ဖြိုးရေးပိုင်းတွင် အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ပါဝင်နိုင်သည့် ပိုမိုကျန်းမာတောင့်တင်းသောနှင့် ပိုမိုတာဝန်ယူမှုတာဝန်ခံမှုရှိသောကဏ္ဍတစ်ခုအား မြှင့်တင်ရန် မျှော်မှန်းပါသည်။

Extractive Industries
Transparency Initiative

eiti.org